www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# မိုးဇာဂရိုင်

## ချစ်လို့

www.burmeseclassic.com

www.burmeseclassic.com

"ဟာသအမျိုးမျိုးရှိတဲ့အနက် ကျွန်တော်ကတော့
ရှေ့နဲ့နောက်နဲ့မညီဘဲ ကမောက်ကမ ဖြစ်နေတာ
မျိုးကို ဟာသလို့ နားလည်ပါတယ်"

ဗိုလ်ချုပ်အောင်ဆန်း

BURMESE CLASSIC .com

## [ ၁ ]

"ဘာကွ ... မင်းယူမယ့်မိန်းမကို ငါက တကူးတက လိုက်ကြည့်ပေးရမယ် ... ဟုတ်လား"

စကားသံအဆုံးမှာ ဖေဆန်းမျက်နှာ ရဲခနဲဖြစ်သွားသည်။ ပတ်ဝန်းကျင်ကိုလည်း ကျိုးတိုးကျားတား ဝေ့ကြည့်လိုက်ပြီးမှ ...

"တိုးတိုးပြောပါ တည်မြဲရာ ... မင်းစကားကြီးကလည်း"

"ဘာဖြစ်လို့ တိုးတိုးပြောရမှာလဲ ... မင်းဟာမင်း အရသာခံမယ့်ကိစ္စကို ငါက လိုက်ကြည့်ရဦးမယ်၊ နေစမ်းပါဦး ဖေဆန်းရ ... ငါက နွားပွဲစားလည်း မဟုတ်, ကားပွဲစားလည်း မဟုတ်ဘူးနော်"

"အေးပါကွာ ... လိုက်ပြီး အကဲခတ်ရုံကလေးပါ"

တည်မြဲ မျက်မှောင်ကြုတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မင်းက ငါ သဘောမကျဘူးဆိုရင် အဲဒီမိန်းမကို မယူဘူးပေါ့ ... ဒီလိုလား"

"ဟာ ... ဒီလိုလည်း မဟုတ်သေးဘူးလေကွာ။ ငါ တစ်ယောက်တည်း မသွားရဲလို့ပါကွ"

"အောင်မာ ... အဖြစ်က သည်းပြနေပြန်ပြီ ဘယ်မိန်းကလေးကမှ မင်းကို လူမြင်ကွင်းကြီးမှာ မတော်မတရား မကြံစည်ပါဘူးကွာ"

"တော်ပါတော့ တည်မြဲရာ၊ တစ်ယောက်တည်းမသွားရဲလို့ အကူအညီလာတောင်းတာနော်၊ မင်းဆီမှာ ဆုံးမသြဝါဒခံဖို့ လာတာမဟုတ်ဘူး"

တည်မြဲ တစ်ချက်တော့ ငြိမ်သွားသည်။ ဟုတ်လည်း ဟုတ်သည်ပဲ။ မနက်စောစော လက်ဖက်ရည်ဆိုင်သို့ အတင်းခေါ်လာပြီး တည်ခင်းသည့်ခံကျွေးမွေးသော အစားအသောက်တွေကိုလည်း ပါးဖြဲ နားဖြဲစားသောက်ပြီးပြီ။ ဒါပင်မကသေး။ ပြောချင်တာတွေလည်း ဗိုစိုးပက်စက်ပြောပြီးပြီ။

ထို့ကြောင့် စိတ်ကို အနည်းငယ် လျှော့ချလိုက်ပြီး ...

"အေးလေ ... မင်းနဲ့ငါနဲ့ သူငယ်ချင်းအရင်းကြီးပဲ၊ လိုက်ပေးရမှာပေါ့၊ မင်းက ဘာဖြစ်လို့ တစ်ယောက်တည်းမသွားရဲတာလဲ"

ဖေဆန်း ရှက်ကိုးရှက်ကန်းတွေ ဖြစ်သွား၏။ တည်မြဲကိုလည်း မဝံ့မရဲလေး ပြန်ကြည့်ကာ ...

"အဟီး ... ဒီလိုကွာ၊ ဒီကိစ္စက လူကြီးတွေ စီစဉ်ထားတဲ့အတိုင်း အပြင်မှာ ငါတို့နှစ်ယောက် တွေ့ကြဖို့ပါ၊ ငါတို့ချင်း ပိုရင်းနှီးစေချင်တဲ့သဘောပေါ့ကွာ၊ ဒါပေမဲ့ ရီရီနိုင်က ဖုန်းဆက်ပြီး ပြောတယ် ... သူ့သူငယ်ချင်းတွေကို ခေါ်လာချင်လို့တဲ့၊ ဘယ်နှစ်ယောက်တောင် ပါလာမလဲမသိဘူး။ ငါလည်း တစ်ယောက်တည်း သွားရမှာ ကျွတ်ကျဲနေတာနဲ့ မင်းကို အဖော်ခေါ်နေတာ"

"ဩော် ... ဒီလိုလား။ ကျွတ်ကျဲရင်လည်း ဘွတ်အဲလို့သာ အော်လိုက်တော့"





"ဟား ... မင်းကလည်း ကူညီစမ်းပါကွာ၊ ညနေကျရင် ဘီယာတိုက်ပါ့မယ်"

တည်မြဲတစ်ချက် စဉ်းစားလိုက်၏။ ထိုအစီအစဉ်က မဆိုးသောကြောင့် ...

"လက်ခံတယ်၊ သိပ်ကောင်းတဲ့ ကမ်းလှမ်းချက်ပဲ"

"အင်"

တည်မြဲစကားကြောင့် ဖေဆန်း နည်းနည်းတော့ နင်သွားသည်။ တည်မြဲဆိုသည့်ကောင်က ဘာကောင်မှန်းမသိ။ လူမှန်းတော့ သိသည်။ သို့သော်လည်း တစ်ခါ တစ်ခါ လူလိုစကားမပြော။ ထိုသို့ဆို၍ ခွေးလိုနွားလိုလည်း မအော်ပါ။ လူစကားကို လူနားရှုပ်အောင် ပြောသည်။

မည်သို့ပင်ဖြစ်စေ ...

လောလောဆယ်တော့ ဒင်းကို အဖော်ခေါ်၍ ရပြီ။ ဟိုရောက်လျှင်တော့ ဘာတွေဖြစ်ဦးမည်မသိ။ နောင်ခါလာ နောင်ခါချေးပဲ။

ခုလည်း စားသောက်ပြီးစီးတော့ တည်မြဲ အိမ်သို့ပြန်လိုက်ရသေးသည်။ ဒင်းက ရေမိုးချိုး၍ ဖြီးလိမ်းပြင်ဆင်ဦးမည်တဲ့လေ။ စိတ်ကိုလျှော့ထားရ၏။

အားလုံးပြီးစီးသွားမှ ချိန်းဆိုထားသည့် စားသောက်ဆိုင်သို့ နှစ်ယောက်သား သွားလိုက်ကြ၏။

ဟိုရောက်သွားတော့ ဖေဆန်း၏ သတို့သမီးလောင်းက ရောက်မလာသေး။ တည်မြဲက နာရီကြည့်ကာ တဖျစ်တောက်တောက် ပြောနေတော့သည်။

"အဲဒါပဲကွ ...၊ မိန်းမတွေဟာ ကိုယ်ယူမယ့် ယောက်ျားကို မရခင်ကပဲ ပညာပြချင်ကြတာ"

"မင်းကလည်းကွာ၊ ကိုယ်က ယောက်ျားလေးပဲ၊ ဒီလောက်တော့

www.burmeseclassic.com



စောင့်ရမှာပေါ့''

''ဟေ့ကောင် ဖေဆန်း ....မယားနေစ ကြောင်သေမှဆိုတာ ကိုရော ကြားဖူးရဲ့လား''

''ဟေ ...ဘာဆိုင်လို့လဲ''

''အေး ...ဆိုင်,မဆိုင်တော့ မသိဘူး၊ ခုကတည်းကပဲ မင်းစပြီး အလျှော့ပေးနေရတာတော့ သိသာတယ်''

''ဒါကတော့ ငါက ကြိုက်တာကိုးကွ၊ ဒီကိစ္စမျိုး မင်းမကြုံဖူးသေး လို့ပါကွာ''

တည်မြဲ ဆက်မပြောတော့ချေ၊ ထိုသို့ကိစ္စမျိုး ကြုံလည်း မကြုံ ဖူးပါ၊ ကြုံလည်း မကြုံချင်ပါ။

ခုပဲ ကြည့် ...။ ဖေဆန်းဆိုသည့် သတ္တဝါမှာ အရုပ်ကူပါ၊ လူ ဝိုင်းပါ ဖြစ်နေရပြီ။ မိန်းမတစ်ယောက်ရမည့်အရေး မိဘတွေပင်မကဘဲ သူငယ်ချင်းဖြစ်သည့် ကိုယ်ပါ ဝင်ပါနေရပြီ၊ ကိုယ်ဆိုလျှင်တော့ ဘယ်သူ့ဆီ ကမှ အကူအညီမတောင်း။

ထို့ကြောင့် သက်ပြင်းကြမ်းကြမ်းချလိုက်ပြီး ...

''ဖေဆန်း''

''ဟေ ...ဘာလဲ''

''မင်းကိုယ်မင်း ဒီစိတ်နဲ့ ဒီနေရာကို ခုလိုရောက်နေရတာ မအံ့ဩ မိဘူးလား''

ဖေဆန်း အူတူတူဖြစ်သွားကာ ...

''ဟမ် ...ဘာဖြစ်လို့လဲကွ''

''ဩော် ...ကမ္ဘာ့အံ့ဩဖွယ်ရာ ခုနစ်ချက်ဆိုတာ ရှိတယ်ကွ''

''အင်း ...ပြောစမ်းပါဦး''

တည်မြဲက ချက်ချင်းပဲ ဆရာကြီးအသွင်ဖြင့် ...





''ဒီလိုကွာ ...တစ်အချက်က တွေးတတ်တဲ့အသက် ခြောက်နှစ် အရွယ်ကပဲ လူကြီးတွေ ဘာကြောင့် စိတ်ဆိုးဒေါသထွက်ကြရတာလဲဆိုပြီး အံ့ဩကြတယ်တဲ့''

''အင်း ...ဟုတ်မယ်ကွ''

''နှစ်အချက်က အသက်ဆယ်နှစ်အရွယ်ရောက်လာတော့ သူတို့ ထက်ကြီးတဲ့ အစ်ကိုကြီးတွေဟာ ဘာဖြစ်လို့ မိန်းကလေးတွေကို စိတ်ဝင် စားတာလဲလို့ အံ့ဩပြန်တယ်''

''ဟုတ်သားပဲ ...စူးစမ်းတာဖြစ်မှာပေါ့''

''မပြီးသေးဘူး၊ သုံးအချက်ကျတော့ ဆယ့်ငါးနှစ်အရွယ်မှာ သူ့ ထက်အငယ်တွေဟာ ဘာကြောင့်မိန်းကလေးတွေ စိတ်ဝင်စားတာလဲလို့ အံ့ဩပြန်ရော''

''ဟာကွာ ...ဒါက ဖြစ်တတ်တာပဲဟာကို''

''ထားပါတော့ ...လေးအချက်ကတော့ အသက်နှစ်ဆယ်အရွယ် မှာ သူ ဘာကြောင့် ဆန့်ကျင်ဘက်မိန်းကလေးနဲ့ အတူနေချင်တာလဲလို့ တွေးပြီး အံ့ဩပြန်တယ်''

''အဲ''

''ငါးအချက်ကျတော့ အသက်သုံးဆယ်မှာ သူ ဘာကြောင့်လက် ထပ်ခဲ့တာလဲလို့ တွေးပြီး အံ့ဩပြန်တယ်''

''ရှုပ်လာပြီကွာ''

ဖေဆန်းက မသက်မသာ ညည်းသည်၊ တည်မြဲကတော့ ခပ်တည်တည် တည်ပင် ဆက်လက်ဟောပြောနေ၏။

''ခြောက်အချက်ကတော့ အသက်လေးဆယ်အရွယ်ရောက်တော့ သူတို့အိမ်ထောင်ဘက်ဟာ သူ့အနားမှာရှိနေသေးတာကို အံ့ဩပြန်ရော ကွာ''

www.burmeseclassic.com



"ဟုတ်ပါပြီ . . . နောက်ဆုံးအချက်ကရော"

"နောက်ဆုံး ခုနစ် အချက်ကျတော့ ရှင်းတယ်ကွ . . . အသက်ခုနစ်ဆယ်ကျော်သွားတဲ့အခါ သူ ဘာ်ကြောင့် အံ့ဩမိခဲ့တာလဲလို့ အံ့ဩမိတာတဲ့"

"ဟော"

"ဟုတ်တယ်လေ . . . အဲဒါကြောင့် မင်းကိုယ်မင်းရော အံ့ဩနေမိလားလို့ မေးကြည့်တာ"

"တည်မြဲ . . . မစားနဲ့ကွာ၊ မင်းစကားတွေ နားထောင်ရတာ ကြာရင် ရူးမှာအသေအချာပဲ"

တည်မြဲက ပြန်ပြောရန်ပြင်လိုက်သော်လည်း မပြောဖြစ်တော့။ ဖေဆန်း၏ အံ့ဩဖွယ်ရာ ရီရီနိုင်ရောက်လာသောကြောင့် ဖြစ်သည်။

"ကိုဖေဆန်း . . . ရောက်နေတာကြာပြီလား . . . အားနာလိုက်တာ"

ဖေဆန်းက 'မ' ဘက်လိုက်၍ မိုက်လုံးကြီးစွာပင် သွားသုံးဆယ့်နှစ်ချောင်းလုံးကို ရက်ရက်ရောရောဖြဲပြကာ . . .

"မကြာသေးပါဘူး ရီရီနိုင်ရဲ့၊ ထိုင်လေ . . . ဧည့်သည်တွေလည်း ပါလာတာကိုး"

ရီရီနိုင်နှင့် သူ့သူငယ်ချင်းများက စားပွဲမှာ ဝင်ထိုင်လိုက်ကြသည်။ ဖေဆန်းက ပျာပျာသလဲ တည်မြဲနှင့် မိတ်ဆက်ပေးတော့၏။

"ရီရီနိုင် . . . ဒါ ကျွန်တော့်သူငယ်ချင်း တည်မြဲတဲ့"

ထိုအခါမှ တည်မြဲက အားလုံးကိုဝေ့ကြည့်ရင်း ပြုံးပြလိုက်သည်။ သို့သော် အပြုံးက လမ်းတစ်ဝက်မှာပင် ရပ်သွားသည်။ မမျှော်လင့်ထားသည့် ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရ၍ဖြစ်သည်။ ပါးစပ်ကလည်း လွှတ်ခနဲပင် . . .

"ဟာ . . . ငှက်ပျောသီး"





"ဘာ . . . ဘာငှက်ပျောသီးလဲ"

ထိုကောင်မလေးကလည်း ချက်ချင်းပင် ပြန်အော်တော့သည်။

တစ်ဝိုင်းလုံး သူတို့နှစ်ယောက်ကို ကြည့်ကာ ကြောင်နေကြတော့၏။

ရီရီနိုင်က ဝင်ပြီး . . .

"ဩော် . . . ကိုတည်မြဲနဲ့ သန့်ရှင်းက သိနေကြတာလား"

"မသိပါဘူး"

"သိဘူးဗျ"

နှစ်ယောက်စလုံး သံပြိုင်ထွက်သွားကြသည်။ တစ်ဝိုင်းလုံး ပြုံးစိစိဖြစ်ကုန်ကြတော့၏။

ရီရီနိုင်က အခြေအနေကို သဘောပေါက်စွာပဲ ဝင်ထိန်းပေးလိုက်သည်။

"ကဲပါ . . . အရင်က မသိပေမယ့် ခု မိတ်ဆက်ပေးမယ်လေ၊ ကိုတည်မြဲ . . . သူက မေသန့်ရှင်း၊ ဒီဘက်က သီတာနဲ့ ဖြူဖြူတဲ့"

"ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ်"

သန့်ရှင်းမှအပ ကျန်သည့်ကောင်မလေးတွေက ဖော်ဖော်ရွေရွေ ပြန်ပြုံးပြပါသည်။

သန့်ရှင်းကတော့ မျက်နှာကလေး တင်းနေ၏။ တင်းရသည့်အကြောင်းကလည်း ရှိနေသည်ကိုး။

အပြန်လမ်းကျတော့ ဖေဆန်းက မေးလာသည်။

"တည်မြဲ . . . မင်း ရီရီနိုင့်သူငယ်ချင်း သန့်ရှင်းဆိုတာနဲ့ သိတယ်မဟုတ်လား"

"သိတာမဟုတ်ဘူး . . . သူနဲ့ငါ ငြိထားတာကွ"

"ဟော . . . ပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဖေဆန်းတစ်ယောက် တည်မြဲနှင့်သန့်ရှင်းတို့ ဘယ်လို 'ငြိ'ခဲ့သည်ကို အထူးစိတ်ဝင်စားသွားလေသည်။

အဖြစ်က ရှင်းရှင်းကလေးနှင့် ရှုပ်ခဲ့သည်ဟု ပြောရတော့မည်လား မသိတော့ချေ။

## [ ၂ ]

အဲဒီနေ့က တည်မြဲ အိပ်ရာထနောက်ကျသည်။ ညက ဘောလုံးပွဲကြည့်ဖြစ်သောကြောင့်ဖြစ်၏။ တစ်ယောက်တည်း အိမ်မှာမကြည့်ချင်၍ ရပ်ကွက်ထဲက လက်ဖက်ရည်ဆိုင်မှာ သွားကြည့်ဖြစ်သည်။ မနက်သုံးနာရီ ထိုးခါနီးမှ အိမ်ပြန်ရောက်၏။

မနက်ဆယ်နာရီလောက်မှ မေမေလာနှိုး၍ အိပ်ရာက မထချင်, ထချင် ထခဲ့ရခြင်းဖြစ်သည်။ ဒါတောင် ခေါင်းထဲက သိပ်ကြည်လင်သည် မဟုတ်။

မေမေက ...

"ထပါ သားရယ် ... မေမေ ဒီမနက် သစ်သီးဆွမ်းကလေးကပ်ချင်လို့ ဈေးထဲမှာ ငှက်ပျောသီးတစ်ဖီးလောက် သွားဝယ်ပေးစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ထိုသို့ပင် ဘုရားကို ဆွမ်းအမျိုးမျိုးတွေကပ်ပြီး အမျိုးမျိုးသောဆုတွေကို မရိုးနိုင်အောင် တောင်းလေ့ရှိသည်။ ဆုက ပြည့်လေလား၊ မပြည့်လားတော့ မသိချေ။ လောလောဆယ်တော့ ငှက်ပျောသီးဝယ်ရန် တည်မြဲ အိပ်ရာကထ,ရလေသည်။

မျက်နှာသစ်ပြီး ထွက်လာတော့ ဖေဖေက ညှော်ခန်းထဲမှာပင် ရှိသေးပြီ။ တည်မြဲကို တစ်ချက်လှမ်းကြည့်ကာ ...

"ဟော့ကောင် ... မင်း ညက ဘယ်အချိန် အိမ်ပြန်လာတာလဲ"

"သုံးနာရီပါ ဖေဖေ"

"ဘာကွ ... မင်းကို ငါ ဘာပြောထားလဲ၊ ဆယ့်နှစ်နာရီ မထိုးခင် အိမ်ပြန်လာပါဆို၊ မင်း ပြန်လာတဲ့အချိန်ဟာ လူကောင်းတွေ ပြန်လာချိန် မဟုတ်ဘူးကွ"

"သား ... သား ဘောလုံးပွဲကြည့်နေလို့ပါ ဖေဖေ"

"တော်ကွာ ... မင်းတို့က ပြောလိုက်ရင် ဆင်ခြေဆင်လက်တွေချည်းပဲ"

"ကိုထွန်းခင်"

မေမေ့အသံ ဖြစ်သည်။ ဖေဖေ တွန့်သွားပြီး ...

"ဟေ ... ဘာလဲ မိန်းမရာ ... ဒီမှာ နင့်သားကို ပြောနေတာကွ"

မေမေက မျက်စောင်း ဒိုင်းခနဲထိုးလိုက်ကာ ...

"ပြောမနေနဲ့တော့၊ ရှင့်သားကို ကျွန်မ ခိုင်းထားတာရှိတယ်"

ဖေဖေကလည်း ခပ်တင်းတင်းပင် ...

"ပြောရမှာပဲကွ ... ညသုံးနာရီဆိုတာ လူကောင်းတွေ အိမ်ပြန်လာချိန်လား"

"ဒီမှာ ကိုထွန်းခင်"

"ဘာလဲကွ"





"ဘာလဲကွ မလုပ်နဲ့ ... ညက ရှင်ပြန်လာတာ သုံးနာရီခွဲမှနော်၊ ဟင်း ဟင်း ... မပြောချင်လို့ ကြည့်နေတာနော်"

ဖေဖေ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားပုံရသည်။ ပြီးမှ ရှက်အမ်းအမ်းနှင့် ...

"ဒါကတော့ကွာ ... ငါ့တပည့်တစ်ယောက် နိုင်ငံခြားက ပြန်လာလို့ အတင်းပြုစုမယ်ဆိုပြီး ခေါ်တာကိုး၊ ငါ့အနေနဲ့ ငြင်းလို့မှမကောင်းဘဲ"

"ရှင်ကိုယ်တိုင်က ဒီလိုပွဲမျိုး စောင့်နေတာမဟုတ်လား"

"တော်ကွာ ... တော်တော့"

နေရင်းထိုင်ရင်းပင် ဖေဖေနှင့်မေမေတို့ တင်းမာလာတော့သည်။ တည်မြဲကပဲ လူငယ်ပီပီ ရင်ကြားစေ့ပေးရတော့၏။

"တော်ကြပါတော့ ဖေဖေနဲ့ မေမေတို့ရာ၊ သား ငှက်ပျောသီးသွားဝယ်ရဦးမှာလား"

ထိုအခါမှ အစပျိုးနေသော ရန်ပွဲက ရပ်တော့၏။ တည်မြဲလည်း မျက်နှာသစ်ကာ အိမ်မှထွက်လာခဲ့သည်။

ရပ်ကွက်၏တစ်ဖက်ထိပ်မှ ဈေးဆီသို့ ဦးတည်လိုက်၏။ ငှက်ပျောသီးက ဈေးမှာရှိနိုင်သည်ပဲ။

သို့သော် ...

ဈေးထိအောင် မရောက်လိုက်ပါ။ လမ်းမှာ လုပ်ကြံခံရ၍လည်း မဟုတ်၊ လမ်းလျှောက်လာရင်း ခြံတစ်ခြံ ရှေ့မှာ အထပ်မြင့်ထမ်းရောင်းသော ငှက်ပျောသီးသည်ကို တွေ့လိုက်ရခြင်းဖြစ်သည်။ အသံထုတ်ပြီး လှမ်းခေါ်လိုက်၏။

"ဗျို့ ... ငှက်ပျောသီးသည် ... ခဏလေး ... ခဏလေး"

ငှက်ပျောသီးသည်က ရပ်စောင့်နေပါသည်။ သို့သော် ကိုယ့်ကိုစောင့်နေတာမဟုတ်မှန်း အနားရောက်မှ သိရလေ၏။ ရောက်ရောက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ မသိသေး။ ဈေးသည်၏အထမ်းထဲမှ တစ်ဖီးတည်းသော ငှက်ပျော
သီးကို ဈေးမေးလိုက်သေးသည်။

"တစ်ဖီးပဲ ကျန်တော့တာလား . . . ဘယ်လောက်လဲဗျ"

"အဲ . . . လေးရာပါ၊ ဒါပေမဲ့"

"လေးရာဆိုလည်း ယူမယ်ဗျာ"

ဈေးထဲအထိ မသွားချင်တော့၍ တည်မြဲ ပြောလိုက်ခြင်း ဖြစ်သည်။ ထိုအချိန်မှာပဲ ခြံထဲမှ ကောင်မလေးတစ်ယောက် အလိုအလျောက် ရောက်ရှိလာပြီး . . .

"အစ်ကိုကြီး ငှက်ပျောသီးက ဘယ်လောက်လဲ"

"လေးရာပါ"

ထိုကောင်မလေးကပဲ ငါးရာတန်တစ်ရွက် ထုတ်ပေးကာ . . .

"ရော့ ရော့ . . . ငါးရာ . . . ပြန်မအမ်းနဲ့တော့"

တည်မြဲ တင်းသွားသည်။ စောစောစီးစီး ကိုယ်ဝယ်နေသည့် ငှက်ပျောသီးကိုမှ လာလုဝယ်နေသည်မို့ . . .

"ဒီမှာ . . . ငှက်ပျောသီးက ကျွန်တော် ဝယ်ထားတာဗျ"

ကောင်မလေးက မျက်လုံးလှန်ကြည့်သည်။ ပြီး ချက်ချင်းပဲ . . .

"ဘာရှင့် . . . ရှင်ဝယ်ထားတယ် ပြောရအောင် ငှက်ပျောသီးက အထမ်းထဲမှာပဲ ရှိသေးတာ၊ ပြီးတော့ ကျွန်မ ခေါ်လိုက်လို့ အသည်က ရပ်စောင့်နေတာလေ"

ပြောရင်း ငှက်ပျောသီးသည်ကိုပင် အမိပွာယ်ပါပါ ကြည့်လိုက်သေးသည်။

တည်မြဲကလည်း . . .

"လျှောက်ပြောမနေနဲ့၊ ဒီလူက ကျွန်တော်ခေါ်လိုက်လို့ ရပ်စောင့်နေတာ"





"အောင်မာ . . . လာလာချည်သေး၊ ကျွန်မ ခေါ်လိုက်တာရှင့်"

"ကျွန်တော် ခေါ်တာပါဗျာ"

"ကျွန်မ ခေါ်တာရှင့်"

"ကျွန်တော် ခေါ်တာပါဆို"

နှစ်ယောက်သား အချေအတင် ဖြစ်နေစဉ်မှာပဲ ငှက်ပျောသီးသည်က . . .

"ကဲ . . . တော်ကြပါတော့၊ ခေါ်တာကတော့ ခင်ဗျားတို့နှစ်ယောက်စလုံး တစ်ပြိုင်တည်း ခေါ်တာပဲ၊ အဲဒါကြောင့် ကျုပ် ရပ်စောင့်နေတာ၊ ငှက်ပျောသီးကပဲ တစ်ဖီးပဲ ရှိတော့တာ၊ ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှမလုပ်ဘူး . . . ကျွန်မပဲ ယူမယ်၊ ရော့ . . . ပိုက်ဆံ"

"ဟာ . . . ဒီလိုတော့ မလုပ်နဲ့လေ၊ ကျွန်တော်လည်း ခေါ်ထားတာပဲ၊ နေစမ်းပါဦး . . . ခင်ဗျားက မိန်းကလေးဖြစ်ပြီး စောစောစီးစီး ငှက်ပျောသီးကို ဘာလုပ်မှာလဲ"

ကောင်မလေးမျက်နှာ ချက်ချင်း ရဲရဲနီသွားသည်။ တည်မြဲကိုလည်း ဒေါသအကြည့်ဖြင့် ပြန်ကြည့်ပြီး . . .

"ရှင် . . . ဘာစကားပြောတာလဲ၊ ငှက်ပျောသီးပဲ . . . စားဖို့ပေါ့၊ ကျွန်မဘာသာ စောစောစီးစီးပဲဝယ်ဝယ် . . . ရှင့်အပူလား"

"အေး . . . ငါ့အပူတော့ မဟုတ်ဘူး ဒါပေမဲ့ လိုအပ်မယ်ထင်လို့ မေးကြည့်တာကွ၊ ငါက ဘုရားမှာကပ်ဖို့ ဝယ်နေတာ"

"အလိုတော် . . . ကြီးကြီးကျယ်ကျယ်"

"ဘာမှမကြီးကျယ်ဘူး၊ ဒီလောက် ဆုံးဖြတ်ချက်နေရင် ဂျာမနီက ပေါ(လ်) ကို သွားဆုံးဖြတ်ခိုင်းမလား"

ကောင်မလေး ကြောင်သွားပုံရသည်။ စကားတွေ အချေအတင် ဖြစ်နေရင်းပင် မဆီမဆိုင် ဂျာမနီက ပေါ(လ်) ဆိုတာကြီးက ပါလာသည်ကို။

www.burmeseclassic.com



ထို့ကြောင့် ...

"ဘာတွေလာပြောနေတာလဲ"

"ဟင် ... ဒါတောင်မသိဘူးလား ပေါ(လ်) ဆိုတာ (၂၀၁၀) ကမ္ဘာ့ဖလားပွဲစဉ်တွေမှာ အရေးကြီးတဲ့ ရှစ်ပွဲတိတိ မှန်ကန်အောင် အဆုံးအဖြတ်ပေးနိုင်တဲ့ ရေဘဝဲလေးလေ ... ဟဲ ဟဲ"

အမှန်တော့ ထိုရေဘဝဲအကြောင်း သူမ ဘောလုံးပွဲတွေကြည့်၍ သိပါသည်။ ဒါပေမဲ့ ငှက်ပျောသီးနှင့် ရေဘဝဲက အဝေးကြီး။ လူပါးလာဝနေသည်မို့ ...

"ဒီမှာ ... ရှင် မဆိုင်တာတွေ လာပြောမနေနဲ့၊ ငှက်ပျောသီးကိစ္စကို ငှက်ပျောသီးသည်နဲ့ပဲ ဆုံးဖြတ်၊ ဘာရေဘဝဲမှ ထည့်ပြောမနေနဲ့"

ဒေါသထွက်ထွက်နှင့် ပြန်အော်လိုက်သည်။ ထိုအခါမှ မနေနိုင်တော့သည့် ငှက်ပျောသီးသည်ကြီးက ဆုံးဖြတ်လိုက်ဟန်ဖြင့် ...

"ကဲပါဗျာ ... စားဖို့နဲ့ ဘုရားဆွမ်းတင်ဖို့ဆိုတော့ အစ်မလေးပဲ လျှော့ပေးလိုက်ပါဗျာ၊ ကုသိုလ်ရပါတယ်"

ထိုအချိန်မှာပဲ တည်မြဲက အထမ်းထဲမှ ငှက်ပျောသီးကို အောင်မြင်စွာ လှမ်းယူလိုက်ပြီး မြန်မာငွေလေးရာဖြင့် လဲလှယ်လိုက်လေပြီ။ ဒါပဲပေါ့။

ဘယ်လိုမှမပြောသာတော့သဖြင့် ကောင်မလေးက မကျေမချမ်းကြည့်ကာ လှည့်ထွက်ဟန်ပြင်လိုက်၏။

လျှာအရိုးမရှိသည့် တည်မြဲပါးစပ်ကလည်း စကား ထွက်ဖြစ်အောင် ထွက်သွားသေးသည်။

"ဟိတ် ... ဒီမှာ ဒီမှာ"

ဆတ်ခနဲ ပြန်လှည့်လာသည်။ တည်မြဲက မိန်းကလေးပဲဆိုပြီး အလျှော့ပေးမည်ဟု စဉ်းစားမိလိုက်သည်လား မသိ။

"ဘာလဲ ... ဘာလဲ"





"ဩော် ... ခင်ဗျား အရမ်းစားချင်နေရင် တစ်လုံးလောက် ဖြုတ်ယူထားလိုက်လေ၊ အဲဒီလောက်တော့ ဖြစ်ပါတယ်"

"သေလိုက်ပါလား"

ထိုသို့ ထောပနာပြုရင်း ခြံထဲသို့ ဝင်သွားတော့သည်။

မည်သို့ပင်ဖြစ်စေ ...

ငှက်ပျောသီးတစ်ဖီးကတော့ လက်ဝယ်ပိုင်ပိုင် ရရှိလိုက်ပြီဖြစ်သည်။ တည်မြဲလည်း စိတ်လက်ပေါ့ပါးစွာပင် အိမ်ပြန်ခဲ့၏။

မည်သို့ပင်ဖြစ်စေ ...

ငှက်ပျောသီးလေးလို ဖြူဖြူလုံးလုံးလေးလှသည့် ကောင်မလေးကိုတော့ သတိထားမိခဲ့သည်မှာ အမှန်ပင်ဖြစ်လေသည်။

နောက်တစ်ကြိမ် ပြန်ဆုံမည်ဟု လုံးဝ မထင်ထားမိခဲ့သော်လည်း ...



www.burmeseclassic.com

www.burmeseclassic.com

# [ ၅ ]

ပြဿနာသည် ပြဿနာဟု ခေါင်းစဉ်မတပ်ခင်အချိန်အထိ ရောက်မလာသေး။ သို့သော်လည်း ခြေနှစ်ချောင်းပေါက်ကာ အလိုလိုရောက်ရှိလာချိန်မှာတော့ စိတ်ရှုပ်ရပြီ။

ထိုနေ့က ကိစ္စတစ်ခုရှိ၍ မြို့ထဲသို့ ဘတ်(စ်) ကားစီးကာ ထွက်လာခဲ့ခြင်း ဖြစ်သည်။ ကံကောင်းသည်ဟုပဲ ဆိုရမည်လားမသိ ...။ ကားပေါ်ရောက်ရောက်ချင်းမှာပဲ သံဃာတော်များအတွက်သာဟု ရည်ညွှန်းမထားသည့် ထိုင်ခုံတစ်ခုံရပါသည်။ အပိုင်ရခြင်းတော့ မဟုတ်။ ထိုသို့ နေရာရခြင်းသည်ကပင် ကိုယ့်နိုင်ငံမှာက ကံကောင်းသည်ဟု တည်မြဲ ကိုယ့်ဘာသာ သတ်မှတ်လိုက်၏။

ထိုသို့ အနိုက်အတန့် ကံကောင်းစွာ စီးနင်းလိုက်ပါလာခဲ့သည်။





သို့သော် ...

ကိုယ့်ရှေ့မှာ လာရပ်သည့် ခြေဖမိုးဖြူဖြူလေးကို မြင်လိုက်ရ၍ ဘာရယ်မဟုတ် လှုငယ်ပီပီ မော့ကြည့်မိရာမှ အံ့သြသွား၏။

ငှက်ပျောသီးမလေး ...။

မျက်လုံးလေးလုံး ဆုံမိချိန်မှာတော့ ကောင်မလေးကလည်း မှတ်မိပုံရသည်။ ချက်ချင်းပင် မျက်ခုံးကို အတွန့်ချိုးလိုက်၏။ စိတ်ဆိုးနေသေးသည်ပေါ့လေ။

တည်မြဲ တစ်ချက်စဉ်းစားလိုက်၏။ စိတ်ဆိုးပြေအောင် ဗျာမျာသလဲပင် နေရာက ဖယ်ပေးလိုက်ရမည်လား။

ထိုအချိန်မှာပဲ အသက်ကြီးကြီး အဘိုးအိုတစ်ဦးက အနားမှာလာရပ်ပြန်သဖြင့် နေရာက အသာထပေးလိုက်သည်။

သို့သော်လည်း ...

ကောင်မလေးက ဆတ်ခနဲပဲ သူ့တင်ပါးနှင့်သူ ဝင်ထိုင်လိုက်သဖြင့် တည်မြဲလည်း ကိုယ့်ပါးစပ်နှင့်ကိုယ် ပြောရတော့သည်။

"ဟိတ် ဟိတ် ... ဒီမှာ ... ခင်ဗျားကို နေရာဖယ်ပေးတာ မဟုတ်ဘူး။ ဒီက အဘိုးအတွက် ထ,ပေးတာ"

လူတွေကြားထဲမှာမို့ ကောင်မလေးမျက်နှာက ရဲခနဲဖြစ်သွား၏။ ချက်ချင်းပဲ ပြန်အော်တော့သည်။

"ဘာရှင့် ... ကျွန်မက မသိလို့ ဝင်ထိုင်မိတာ၊ ရှင့်ကိုလည်း မိန်းကလေးတွေကိုတွေ့ရင် အဲဒီလို နေရာဖယ်ပေးတတ်တဲ့လူစားလို့ ထင်မိတာကိုး"

ဆတ်ဆတ်ထိမခံ ပြန်ပြောရင်း နေရာက ထ,ပေးလိုက်သည်။ ကားပေါ်က ခရီးသည်တွေပင် ပြုံးစိစိနှင့် ကြည့်ကုန်ကြပြီ။

တည်မြဲလည်း အနည်းငယ်ရှက်အမ်းသွားပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ . . . ခင်များမို့လို့ ကိုယ့်ကိုယ်ကိုယ် အဲဒီလိုထင်ခဲ့တယ်ဟုတ်လား . . . တကယ့်ကို စိတ်ပျက်မိတယ်"

"ဘာ . . . ဘာပြောတယ် . . . ပြန်ပြောစမ်းပါဦး"

ထိုအချိန်မှာပဲ အနားမှ အဘိုးကြီးက လွတ်နေသောထိုင်ခုံနေရာမှာ ဝင်ထိုင်လိုက်ရင်း . . .

"ကဲ . . . တော်ကြပါတော့ကွယ်၊ ဒီက သမီးကလည်း မသိလို့ဝင်ထိုင်မိတာပဲ၊ အဘိုးတောင် ဒီက သမီးလေးက ချောချောလေးမို့ မောင်ရင်က နေရာက ထ,ပေးတာလို့ ထင်မိသေးတာပဲ"

သွားပြီ။ ဒီအဘိုးကြီးလိုပဲ သူ့ကို နှာဘူးဟု ခရီးသည်တော်တော်များများက ထင်သွားခဲ့ကြသည်လား။

တည်မြဲက ထိုကောင်မလေးကို စေ့စေ့ကြည့်ကာ . . .

"ခင်များကိုယ်တိုင် အဲဒီလိုထင်ခဲ့ရင်တော့ ခင်များ အိုင်မေးနီးယားရောဂါ ဖြစ်နေတာပဲ ဖြစ်ရမယ်"

"ဘာရှင့် . . . ရှင်နော် . . . ဘာ အိုင်မေးနီးယားရောဂါလဲ"

"ဩော် . . . ဒါလည်း မသိပြန်ဘူးလား၊ အိုင်မေးနီးယားရောဂါဆိုတာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစိတ် ဝင်နေတဲ့ရောဂါလို့ ပြောတာ"

ပြောပြီး တည်မြဲလှည့်ထွက်ကာ ရပ်လိုက်သည့်မှတ်တိုင်မှာပဲ ဆင်းခဲ့လိုက်သည်။

ပထမတော့ သန့်ရှင်းတစ်ယောက် ကြောင်အမ်းပြီး ရပ်နေမိသေးသည်။ ဒါ . . . ဒါဆို သူ့ကို ဘဝင်လေဟပ်နေသည်ဟု ဒင်းက ပြောသွားခဲ့သည်ပေါ့။ တောက်! . . .။

ဆွေ့ဆွေ့ခုန်မတတ် ဒေါသထွက်သွားပြီး ကားပေါ်မှ ဆင်းလိုက်ရန် ပြင်ချိန်မှာပဲ ကားက ထွက်သွားလေပြီ။

ကားပြတင်းပေါက်မှ ဒင်းကို အစိမ်းလိုက် ဝါးစားမတတ် မျက်ဝန်းဖြင့် လှမ်းကြည့်မိ၏။

ဒင်းကတော့ သူမကိုပင် လက်ဟန်ကလေး လုပ်ပြသွားသေး၏။ တောက်! . . .။ ဒင်းတော့နော်။

ခံရပြန်ပြီဟု သန့်ရှင်း တွေးမိပြန်သည်။ ထိုစကားလုံးမျိုးနှင့် တွေ့ရသည်ကပင် မကောင်းချေ။

တည်မြဲကတော့ လက်ကလေးထောင်ရင်း ပလက်ဖောင်းပေါ်မှာ ပြုံးပြုံးကြီးလျှောက်နေဆဲ။







www.burmeseclassic.com

www.burmeseclassic.com





အချစ်ဆိုတာ တစ်ခါတစ်ခါမှာ
အဖိုနဲ့အမ အစွန်းနှစ်ဖက်
ရှိတဲ့ သံလိုက်လိုပါပဲ . . .
တစ်ချိန်တည်းမှာ တွန်းကန်နေတတ်သလို
တစ်ချိန်တည်းမှာပဲ ဆွဲငင်နေတတ်ပြန်ရော . . .။



www.burmeseclassic.com

www.burmeseclassic.com

**[ ၄ ]**

"ဟား ဟား . . . တော်သေးတာပေါ့ တည်မြဲရာ၊ လက်နှစ်ချောင်း ထောင်ပြခဲ့လို့သာပေါ့၊ တစ်ချောင်းတည်းသာဆိုရင် ကားပေါ်က ခုန်ချပြီး မင်းကို ပါးဆွဲရိုက်မှာ သေချာတယ်"

စကားအဆုံးမှာ တည်မြဲ မျက်လုံးပြူးသွားရသည်။ ဖေဆန်းကို လည်း . . .

"ဟေ့ကောင် . . . မမိုက်ရိုင်းနဲ့၊ မင်းရဲ့ ရီရီနိုင်ကိုပဲ အဲဒီလို သွား လုပ်ပြ"

"ဘာကွ"

ဒါမျိုးကျတော့ ဒင်းက မခံနိုင်ပြန်ချေ။ တရားကျဖို့ပင် ကောင်းလှ သေး၏။ ကိုယ်ကတော့ သန့်ရှင်းဆိုသော ငှက်ပျောသီးလေးနှင့် ငြိမ်းချမ်း





ရေးယူလိုက်ခြင်းသာ ဖြစ်သည်။ မမျှော်လင့်ဘဲ ပြန်ဆုံကြတော့လည်း သန့် ရှင်းဆက်က အစာကြေပုံမပေါ်သေး။

မည်သို့ပင်ဖြစ်စေ တည်မြဲကတော့ သန့်ရှင်းနှင့် ရန်မဖြစ်လိုတော့ ပါ။ ခင်မင်အောင် ဘယ်လိုလုပ်ရမည်မှန်းလည်း မသိသေး။ လေပူကြီးကိုပဲ စိတ်ပါလက်ပါ မှုတ်ထုတ်မိတော့၏။

ထိုအချိန်မှာပဲ . . .

"ဟာ တည်မြဲနဲ့ ဖေဆန်း . . . အတော်ပဲကွာ"

ထိုသို့ နာမည်တွေအော်ဟစ်ခေါ်ကာ ဆိုင်ထဲသို့ ဝင်လာသူက ပေါ်လွင်။ ဒီကောင်နှင့် ဖေဆန်းက တစ်ခါ တစ်ခါ သိပ်တည့်လှသည်တော့ မဟုတ်။ မတည့်အတူနေဟု ခေါ်ရမည့် ဖေဆန်းနှင့် ပေါ်လွင်ဖြစ်သည်။

ခုလည်း ပေါ်လွင်က ဝင်ထိုင်လိုက်ရင်း ဖေဆန်းကိုကြည့်ကာ . .

"ဟေ့ကောင် ဖေဆန်း . . . မင်းယူမယ့်မိန်းမကို သွားကြည့်တယ် ဆို၊ ဘယ်လိုနေလဲကွ"

"ဘာကို ဘယ်လိုနေရမှာလဲ၊ မိန်းမဆိုတာ မိန်းမပဲပေါ့ကွ"

ဖေဆန်းက 'ဘု' တောလိုက်သည်။ ဒါကိုပင် ပေါ်လွင်က အားမရ နိုင်သေးဘဲ . . .

"အဟဲ . . . ဒီလိုကွာ မနုသာရ ရွှေမျဉ်းစမ္မသတ်ကျမ်း အရ မယူအပ်, စွန့်ပစ်အပ်တဲ့မိန်းမ ငါးမျိုးဆိုတာ ရှိတယ်ကွ . . . တစ်က မြဲသော မိန်းမတဲ့"

"ဟာ . . . ပေါ်လွင်"

"နေဦး . . . မပြီးသေးဘူး။ နှစ်က သားမမွေးဘဲ သမီးတွေသာ မွေးသောမိန်းမ၊ သုံး . . . နှုနာရှိသောမိန်းမ၊ လေးကတော့ အကျင့် ပျက်ဖောက်သွမ်းသော မိန်းမနဲ့ ငါး . . . လင်တို့ မြတ်နိုးခြင်းမရှိဘဲ မျောက်မ,ထားသောမိန်းမ . . . တဲ့၊ မင်း အဲဒီအချက်တွေနဲ့ ချိန်ထိုးပြီး



www.burmeseclassic.com

www.burmeseclassic.com



စဥ်းစား ရွေးချယ်လို့ရအောင် ပြောပြတာပါ''

''ပေါ်လွင် . . . တော်တော့ကွာ၊ မင်းပြောတာတွေထဲမှာ ကောင်းတာ တစ်ခုမှလည်းမပါဘူး''

ဖေဆန်း ရှုံ့ရှုံ့ရှားရှားနှင့် ပြန်ပြောလိုက်၏။ မကြာခင်မှာပဲ ဒီနှစ်ကောင် ထ,'ငြီ'တော့မှာကို မြင်ယောင်မိ၍ တည်မြဲ ကြားဝင်ရတော့သည်။

''နေစမ်းပါဦးကွာ၊ ရွေးချယ်သင့်တဲ့ မယားကောင်းလက္ခဏာလေးရပ်လည်း ရှိပါသေးတယ်''

''ပြောစမ်းပါဦး တည်မြဲရ . . . ဒါတော့ ငါ စိတ်ဝင်စားတယ်''

''အဲဒါကတော့ . . . အိမ်ထောင်ရေးကို ကျွမ်းကျင်လိမ္မာစွာ ပြုမူဆောင်ရွက်တတ်တဲ့ မိန်းမ၊ သားသမီးရတနာတွေ ဖွားမြင်နိုင်တဲ့ မိန်းမ၊ လင်ယောကျ်ားကို မြတ်နိုးချစ်ခင်တဲ့မိန်းမနဲ့ လင်ယောကျ်ားရဲ့စိမ်ခန့်ခွဲမှုကို နာခံတတ်တဲ့မိန်းမ . . . ပဲ''

စကားအဆုံးမှာပဲ ပေါ်လွင်က . . .

''အေး . . . အဲဒီလိုဆိုရင်တော့ ဖေဆန်းရာ မင်း မိန်းမရရင် မယားကောင်းဖြစ်အောင် ကလေးတွေသာ တပြွတ်ပြွတ်မွေးနိုင်းတော့ . . . ကြားလား''

''ပေါ်လွင် . . . ငါ တင်းလာပြီနော်၊ မင်း . . . တော်တော့''

''နောက်တာပါကွာ၊ သယ်ဂျင်းကလည်း မင်းတို့နဲ့ မတွေ့ရတာကြာလို့ စကားလေး,ဘာလေး ပြောရအောင် လာတာပါ''

ပေါ်လွင်က မျက်နှာပြောင်စပ်စပ်နှင့် စကားကို လျှောချလိုက်၏။

ထိုအခါမှ ငြိမ်နေသော တည်မြဲက စကားစ,လာပြန်သည်။

''မင်းတို့လည်း ကြားဖူးမှာပေါ့၊ ၁၉၄၅ ခု ဩဂုတ် ၆ ရက်နေ့မှာ ဂျပန်ပြည် ဟီရိုရှီးမားမြို့ကို အမေရိကန်က အနုမြူဗုံး ကြဲချခဲ့တယ်မဟုတ်လား''





''ဟေ . . . အဲဒါက ဘာဖြစ်လို့လဲ''

ပေါ်လွင်က အူတူတူပြန်မေးလာသည်။

တည်မြဲက . . .

''ဩော် . . . ဘာရယ်မဟုတ်ပါဘူး၊ အဲဒီအဏုမြူဗုံးရဲ့ နာမည်နဲ့ ကြဲချဖို့သယ်သွားတဲ့ အဖွဲ့နာမည်တွေကို ရယ်ချင်လို့ပါ''

''ပြောပါဦး . . . ဘာနာမည်တွေမို့လို့လဲ''

''အဏုမြူဗုံးရဲ့နာမည်က ဖက်မန်း (Fat-man) တဲ့ . . . လူဝကြီးပေါ့ကွာ၊ ကြဲဖို့သယ်သွားတဲ့အဖွဲ့ကျတော့ လစ် (တ်)တဲဘွိုင်း (Little boy)ဆိုပဲ လူဝကြီးနဲ့ အန္တရာယ်ပေးဖို့ လူကလေးက သယ်ဆောင်သွားခဲ့တာပေါ့ . . . မဟုတ်ဘူးလား''

ဘာတွေမှန်းကို မသိတော့ချေ၊ ဖေဆန်းပင် မနေနိုင်ဘဲ ဝင်မေးမိတော့သည်။ တည်မြဲကိုလည်း လူစကား လူနားလည်အောင် ရှင်းရှင်းမပြောတတ်သည့်ကောင်ဟု အထက်ကဆိုခဲ့ပြီးပြီ။

ထို့ကြောင့် . . .

''တည်မြဲ . . . မင်းက ဘာကို ပြောချင်, ဆိုလိုချင်တာလဲ''

''အင်း . . . လူဆိုတာ အသက်တစ်ရာသာ မနေရ . . . အမှုတစ်ရာတော့ ပွေရတယ်လို့ ဆိုရိုးစကား ရှိတယ်မဟုတ်လား''

လုပ်လာပြန်ပြီ၊ တည်မြဲ ဘာကိုပြောချင်နေမှန်း နှစ်ကောင်စလုံး မသိကြသေးချေ၊ ဖေဆန်းက စိတ်မရှည်တော့ဘဲ . . .

''ကဲ တည်မြဲရာ . . . မစားပါနဲ့တော့ . . . ရှင်းရှင်းပဲ ပြောစမ်းပါ''

ထိုအခါမှ မောင်မင်းကြီးသား တည်မြဲက . . .

''မင်းတို့နားလည်အောင် ပြောရရင်တော့ကွာ . . . ဖေဆန်း''

''ဟေ . . . ဘာလဲ''

''ငါ့ကို နောက်တစ်ကြိမ်လောက် သန့်ရှင်းနဲ့ဆုံရအောင် မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရိုရိုနိုင် စီစဉ်ပေးစမ်းပါ''

ဘာမှလည်း မဆိုင်ချေ။ ဒီတစ်ခါတော့ ဖေဆန်းက အနည်းငယ် ရိပ်မိလာဟန်ဖြင့် . . .

''အပိုး ပိုး . . . ဘာများလဲလို့ကွာ . . . ဟော့ကောင် . . . မင်း သန့်ရှင်းကို . . .''

ထိုအခါကျမှ တည်မြဲက ပြုံးဖြီးဖြီးနှင့် . . .

''အပီး . . . ဟုတ်တယ်ကွ . . . ငါကြိုက်လို့''

''ဟေ''

ဖေဆန်း ပါးစပ်ကြီး တီတီကျကျ ပြဲထွက်သွားသည်။ ဘာမှ ဂဃနဏ မသိရသေးသည့် ပေါ်လွင်လည်း ကြောင်အမ်းနေ၏။

အတန်ကြာမှ ဖေဆန်းက သက်ပြင်းကို ပေါ်တင်ချလိုက်ပြီး . . .

''အင်း . . . ဆုံပေးဖို့ကတော့ ကြိုးစားပေးလို့ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ . . .''

''ဒါပေမဲ့ . . . ဘာဖြစ်လို့လဲ ဖေဆန်း''

''ဩော် . . . မင်း သန့်ရှင်းကို ပတ်သက်ဖို့ကြိုးစားရင်တော့ မင်း ပြောသလိုပဲ အသက်တစ်ရာ မနေရပေမယ့် အမှုတစ်ရာတော့ မွေရ တော့မှာပဲလို့ တွေးမိလို့ပါ''

''ဟေ . . . ဘယ်လို ဘယ်လို . . . ဘယ်လိုအမှုတွေလဲကွ''

တည်မြဲအမေးကို ဖေဆန်းက ခပ်တည်တည်ပဲ ဖြေလိုက်သည်။

''ဒါကတော့ မင်းကိုယ်တိုင် ကြုံလာရမှာပဲကွာ၊ ရင်ခုန်စွာနဲ့ပဲ စောင့် ကြည့်လိုက်ပေါ့''

ဖေဆန်း သူ့ကို ခပ်တည်တည်နှင့် လာကျပ်နေပြီလားဟု တည်မြဲ စဉ်းစားလိုက်မိသည်။

ထို့ကြောင့် ခပ်အေးအေးပဲ တုံ့ပြန်လိုက်၏။





''အေး . . . ဘာပဲဖြစ်ဖြစ် ငါ စိတ်ဝင်စားပါတယ်၊ ဇာတ်လမ်းဆိုတာ ကြုံသိမထားတော့မှ စိတ်လှုပ်ရှားဖို့ကောင်းတာ မဟုတ်လား။ အိုကေလေ မင်းတို့လည်း စောင့်ကြည့်ကြပေါ့''

ဒီတစ်ခါတော့ ဖေဆန်းနှင့်ပေါ်လွင်တို့နှစ်ယောက် စိတ်တူကိုယ်တူ ဝုံးအာသီးသီး တွန့်မိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## [ ၅ ]

ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းခံရသည်ဟု ဆိုရမည်လား။ စကားနှင့် ရင်ဝကို ဆီးကန်လိုက်သည်ဟူ၍ပဲ ဆိုရတော့မည်လား မပြောတတ်ချေ။

ဖေဆန်းနှင့် ရီရီခိုင်တို့ ပူးပေါင်းပြီး တည်မြဲကို သန့်ရှင်းနှင့်တွေ့ရန် စီစဉ်ပေးပါသည်။ နှစ်ယောက်တည်းတော့ မဟုတ်။ အရင်တစ်ခါကလို အေးဆေးသပ်ရပ်သည့် စားသောက်ဆိုင်တစ်ဆိုင်မှာ ဟိုဘက်ဒီဘက် အုပ်စုနှစ်ခုစလုံး တွေ့ကြခြင်းဖြစ်သည်။ ထိုအချိန်မှာတော့ ဖေဆန်းနှင့်ရီရီခိုင်တို့က အတော်ပင် ပွင့်လင်းကာ သမီးရည်းစားနီးပါးလောက်ပင် ဖြစ်နေကြပြီ။

အားလုံးဆုံကြတော့ တည်မြဲကို တွေ့လိုက်ရ၍လား မသိ … သန့်ရှင်းမျက်နှာလေးက မှုန်တေတေလေးဖြစ်သွားသည်။





တည်မြဲကတော့ အပြစ်ကင်းစင်ဟန်လေးနှင့်။

စားရင်းသောက်ရင်း တည်မြဲကပဲ စကားစလိုက်၏။

"သန့်ရှင်း"

ခေါ်သံကြောင့် သန့်ရှင်းက ဆတ်ခနဲကြည့်သည်။

တည်မြဲက …

"သန့်ရှင်း … ဟိုလေ … ခင်ဗျားနဲ့ကျွန်တော်တို့ မတော်တဆလို့ပဲ ပြောရမလား, တိုက်တိုက်ဆိုင်ဆိုင်လို့ပဲ ပြောရမလား"

"ဒီမှာ … ရှင် ဘာတွေလာပြောနေတာလဲ"

သန့်ရှင်းက မာဆတ်ဆတ်ပြန်မေးလာသည်။ တည်မြဲက မချိသွားဖြဲ ပုံစံလေးလုပ်ကာ …

"အဟဲ … ဒီလိုပါ … ကျွန်တော်တို့ အဲဒီလို ကတောက်ကဆဖြစ်ခဲ့ကြတာကို ကျွန်တော်ကပဲ တောင်းပန်ပါတယ်၊ တကယ် မရည်ရွယ်ခဲ့ပါဘူး"

သန့်ရှင်းက မျက်နှာလေးမဲ့လိုက်ရင်း …

"ရှင်ပြောတာကို ကျွန်မ စိတ်ကိုမဝင်စားဘူး၊ ဒီနေ့ ဒီနေရာမှာ ရှင်နဲ့ ထပ်ဆုံရတာကိုက ကိုယ့်ကိုယ်ကိုယ် ကံဆိုးလွန်းတယ်လို့ သတ်မှတ်ထားတာ၊ ရီရီခိုင် … နင် ငါ့ကို ဘာဖြစ်လို့ ကြိုမပြောတာလဲ"

ပြောရင်းပင် ရီရီခိုင်ဘက် လှည့်သွားပြန်သည်။ ရီရီခိုင်က နားမလည်သည့်ဟန်ကလေးနှင့် …

"ဟဲ့ … ငါက ဘာကိုကြိုပြောရမှာလဲ"

"သြော် … ဘာကိုပြောရမှာလဲ … ဟုတ်လား၊ ဒီပိုင်းမှာ ငါ မတွေ့ချင်တဲ့လူ ပါမယ်ဆိုရင် ငါ ဘယ်လိုက်လာတော့မလဲ"

တည်မြဲ နင်သွားသည်။ အထက်က ဆိုခဲ့သည့်အတိုင်း ရင်ဝကို ဆီးကန်ခံလိုက်ရသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ ဖေဆန်းက သန့်ရှင်းကိုကြည့်ကာ . . .

"ဟာ . . . သန့်ရှင်းပြောသလိုတော့ မဟုတ်ပါဘူး၊ ရီရီခိုင်နဲ့ သန့်ရှင်းပါ ပါလာမယ်ဆိုတာ ကျွန်တော်,မသိသလို ကျွန်တော်နဲ့ တည်မြဲလိုက်လာမယ်ဆိုတာလည်း ရီရီခိုင် မသိထားပါဘူး"

"ဩော် ဩော် . . . တိုက်ဆိုင်သွားတာပေါ့ . . . ဟုတ်လား ရီရီခိုင်"

"ဟေ . . . ဘာလဲဟ"

"နင်တို့လည်း အရွယ်ရောက်နေပြီပဲဟာ၊ နောက်တစ်ခါ ချိန်းတွေ့ရင် ဟိုသူငယ်ချင်း, ဒီသူငယ်ချင်းတွေ လုမ်းလုမ်းမခေါ်ပါနဲ့၊ ငါတို့လည်း အချိန်ကုန်တယ်၊ နင်တို့လည်း လွတ်လွတ်လပ်လပ် စကားပြောလို့မရဘူး . . . ဟုတ်တယ်မဟုတ်လား"

"ဟဲ့ . . . သန့်ရှင်း"

လှမ်းဟန့်ရင်းက ရီရီခိုင် မျက်နှာရဲသွားသလို ဖေဆန်းပင်လျှင် မနေတတ် မထိုင်တတ် ဖြစ်သွားရသည်။ သန့်ရှင်းဘေးမှာ ထိုင်နေကြသော သီတာ၊ ဖြူဖြူနှင့် တည်မြဲဘေးမှ ပေါ်လွင်တို့ကတော့ ပြုံးစိစိမျက်နှာပေးတွေနှင့်။

စကားဝိုင်းက အလိုအလျောက် တိတ်ဆိတ်သွားကြပြန်သည်။ ဖေဆန်းမှာလည်း ရီရီခိုင်လက်ကိုဆွဲကာ ပန်းခြံပဲ သွားရမလို၊ ရုပ်ရှင်ပဲ ပြေးကြည့်ရတော့မလို ဖြစ်နေ၏။

ထိုအချိန်မှာပဲ သန့်ရှင်းက ထ,ရပ်လိုက်ရင်း . . .

"ကဲ ရီရီခိုင် . . . ငါလည်း အချိန်တွေ သိပ်ပိုနေတာတော့ မဟုတ်ဘူး . . . သွားတော့မယ်၊ ဟိုဟာမတွေရော တစ်ခါတည်း ပြန်လိုက်ကြမလား"

ဖြူဖြူနှင့် သီတာကို လှမ်းပြောလိုက်ခြင်းဖြစ်သည်၊ သို့သော်လည်း နှစ်ယောက်စလုံးက စားလက်စ အစားအသောက်တွေကို နှမြောနေသည့်





အပြင် အလကားစားရတုန်းလေး တစ်ဖြုန်စ်ဖြုံ ကုန်းဆင်လိုက်မည်ဟု ဦးခေါင်းဆံမြည့် ရည်ရွယ်ထားသောကြောင့် . . .

"နင်ကလည်းဟယ် . . . ဒီမှာ စားလက်စကြီး"

မျက်နှာငယ်လေးနှင့် ပြန်ပြောလိုက်သော ဖြူဖြူကို သန့်ရှင်းက မျက်စောင်းပြင်းပြင်းထိုးလိုက်ပြီး . . .

"အေးလေ . . . ဒီလောက်တော်ကြီးကျနေရင်လည်း နေခဲ့ကြတော့"

နှစ်ယောက်စလုံး နင်သွားကြသည်၊ ပါးစပ်ထဲမှာ အစားအသောက်တွေ ဝင်နေချိန်ဖြစ်၍ ပြန်ပြောဖို့ပင် အခွင့်အရေးက မရချေ။

ရီရီခိုင်က သန့်ရှင်းကို လှမ်းကြည့်ကာ . . .

"ဟဲ့ . . . နင်လည်း စားသွားဦးလေ . . . မှာထားပြီးမှဟာ"

"တော်ပါပြီ . . . အဲဒါတွေ ငါစားဖူးတယ်"

ထိုသို့ပင် အထက်စီးက မညှာမတာပြောကာ သန့်ရှင်း လှည့်ထွက်သွားတော့၏။

အားလုံး အငေးသားလေးတွေနှင့် ကျန်ခဲ့ရသည်။ ဖေဆန်းကတော့ တည်မြဲကို မသက်မသာဟန်ဖြင့် ပခုံးတွန့်ပြလိုက်၏။

တည်မြဲလည်း လေပူကြီးကို လိုက်လိုက်လှဲလှဲ မှုတ်ထုတ်မိတော့သည်။

ဘာဆက်လုပ်ရမည်လဲ။ ဒီပုံစံအတိုင်းဆိုလျှင် သန့်ရှင်းက သိပ်မခေတာ သေချာနေပြီ။ ကိုယ်ကလည်း ဘာကောင်မှမဟုတ်။

ထို့ကြောင့် နောက်ဆုံးမှာ ဘယ်လိုမှ ကြံရာမရတော့ဘဲ မိုရာကောက်ရိုးမျှင်များကိုဆွဲဖို့ ဆုံးဖြတ်လိုက်ရတော့၏။

ရီရီခိုင်နှင့်တကွ ဖြူဖြူ၊ သီတာတို့ကို အားကိုးတကြီး ကြည့်ကာ

"ကဲ . . . မထူးတော့ပါဘူးဗျာ၊ ရှေ့မျက်နှာ ရှေ့ထားပြီးတော့ပဲ ပေါ်တင်ပြောရတော့မှာပဲ၊ ခင်ဗျားတို့သူငယ်ချင်း သန့်ရှင်းရဲ့ အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆိတ် ပြောပြကြပါလားဗျာ''

ကောင်မလေးသုံးယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ ပြီး ... ရီရီခိုင်ကပဲ ...

''ပြောရရင်တော့ သန့်ရှင်းက စိတ်ဆတ်တယ်၊ သူ့အဖေကြီးကလည်း သူ့လို စိတ်ဆတ်တဲ့ ဦးတိကျပဲ၊ သူ့အမေကတော့ ခပ်အေးအေးပဲ၊ သန့်ရှင်းအစ်မတစ်ယောက်က နိုင်ငံခြားမှာ အိမ်ထောင်ကျနေတယ်၊ ခုလည်း သန့်ရှင်းက သူ့အစ်မဆီ လိုက်သွားဖို့ သင်တန်းတွေတက်နေတာ''

''ဗျာ''

ရေရွတ်ရင်း တည်မြဲစိတ်တွေ လေးလံသွားရ၏။ မမေးမဖြစ် မေး ရမည့်မေးခွန်းကိုလည်း ထပ်မေးလိုက်မိသည်။

''ဒါနဲ့ ... သန့်ရှင်းမှာ ချစ်သူတွေ,ဘာတွေများ ...''

ရီရီခိုင်က ခေါင်းခါရင်း ...

''အဲလိုတော့ မရှိပါဘူး၊ သူ့ကိုကြိုက်လို့ သန့်ရှင်းတက်နေတဲ့ သင်တန်းတွေကို အားအားယားယား လာပြီးပိုးပန်းနေတဲ့တစ်ယောက်တော့ ရှိတယ်၊ သူ့ကို အထက်တန်းကျောင်းတုန်းကပဲ လိုက်ခဲ့တာဆိုပဲ၊ ပိုက်ဆံ တော့ လျှံပုံရတယ်၊ နာမည်က မြတ်ထူးနိုင်တဲ့၊ နည်းနည်းဝလို့ နာမည်ပြောင် ပစ်ကြီးလို့လည်း ခေါ်တယ်''

ဒီတစ်ခါတော့ တည်မြဲ ဘာတစ်ခွန်းမှပင် ပြန်မပြောနိုင်တော့ချေ။ သန့်ရှင်းနှင့် မြတ်ထူးနိုင်တို့က ငယ်သူငယ်ချင်းတွေဆိုတော့ ငယ်သံယောဇဉ် တွေများ ... အို ...။ တည်မြဲ ဆက်ပင်မတွေးရဲတော့။

ပြီး သန့်ရှင်းက မကြာမီ နိုင်ငံခြားသို့ သွားဦးမည်တဲ့လေ။ အတွေး တွေနှင့် မွန်းဝေနေမိစဉ်မှာပဲ ...

''ကြိုးစားကြည့်ပေါ့ ကိုတည်မြဲရယ် ... ကျွန်မတို့လည်း လိုအပ် ရင် ကူညီပါ့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ...''





စကားဖြတ်လိုက်သော ရီရီခိုင်ကို တည်မြဲကြည့်လိုက်သည်။ ကိုယ်နှင့် သန့်ရှင်းကပဲ နေနှင့်လ၊ ရွှေနှင့်မြဆိုသလို လိုက်ဖက်ညီလွန်းလို့ ဟု၍ ပြောလာတော့မည်လား။ ဒါမှမဟုတ်ကို တည်မြဲကြီးနဲ့ပဲ ဖြစ်စေချင်သည်ဟု များပြောမှာလား။

ထိုသို့သော အတွေးလေးနှင့် မဝံ့မရဲ မေးလိုက်မိသည်။

''ဘာဖြစ်လို့လဲဟင်''

ရီရီခိုင်တို့၏ ပါးစပ်သုံးပေါက်မှ စကားတွေကလည်း တညီတညွတ် မြိုင်မြိုင်ဆိုင်ဆိုင် ပြတ်ပြတ်သားသားပင်။

''အဲဒီ မြတ်ထူးနိုင်ဆိုတဲ့ကောင်ကို ကြည့်မရလို့''

''ဩော်

အတော်ပင် အားရကျေနပ်စရာကောင်းသောစကားပဲဟု တည်မြဲ ခပ်ချဉ်ချဉ် တွေးမိလိုက်ပါသည်။

မည်သို့ပင်ဖြစ်စေ ...။



www.burmeseclassic.com

www.burmeseclassic.com

## [ ၆ ]

"မင်း ... ဒီအတိုင်းပဲ ထိုင်နေတော့မှာလား တည်မြဲ"

ရုတ်တရက် ကောက်ခါငင်ခါ ပြောလိုက်သည့် ပေါ်လွင်စကားကြောင့် တည်မြဲ ခါးမတ်သွားရသည်။ ပြောပုံက ခုပဲ ထ,ပြီး ပြေးပြရတော့မလိုပင်။

ထို့ကြောင့် ...

"ဘာလုပ်ရမှာလဲကွာ ... ထိုင်မနေလို့ မင်းကို ဘာလုပ်ပြရဦးမှာလဲ"

ပေါ်လွင် ...

"ဟကောင်ရ ... မင်းနဲ့ သန့်ရှင်းတို့ကိစ္စကို ပြောနေတာ၊ မင်း ဘာမှမလှုပ်ရှားဘူးလားလို့"





"ခုလည်း အဲဒါပဲ စဉ်းစားနေတာပဲလေ"

ပေါ်လွင် မျက်နှာမဲ့သွားသည်။ ချက်ချင်းပဲ တည်မြဲကို မှုန်ကုပ်ကုပ် ပြန်ကြည့်ရင်း ...

"အေး ... ထိုင်ပြီးသာ စဉ်းစားနေ၊ ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ ထိုင်နေရင်းနဲ့ အလုပ်ဖြစ်တာ ကြက်မ,ပဲရှိတယ်ကွ"

"ဟာကွာ၊ ဘာတွေလာပြောနေတာလဲ"

"ဟုတ်တယ်လေ ... ထိုင်နေရင်းနဲ့ ဥဥဖို့ အကောင်ပေါက်ဖို့ အလုပ်ဖြစ်တာ ကြက်မပဲ ရှိတယ်"

အရေးထဲ စိတ်ညစ်ရသေးတော့၏။ စိတ်ညစ်ညစ်နှင့်ပင် ဒီကောင့်ဥပမာအတိုင်း စဉ်းစားကြည့်မိသည်။ ဟုတ်တော့လည်း ဟုတ်သည်ပဲ။ ထိုင်နေလျှင်တော့ ဘာမှဖြစ်လာမည်မဟုတ်။ ထသွားမှ ကျိုး ... အဲ အကျိုးရှိမည်ပဲ။

ထို့ကြောင့် ချက်ချင်းပင် ထရပ်လိုက်ပြီး ...

"မင်းပြောတာ ဟုတ်တယ် ပေါ်လွင်၊ လာ ... သွားရအောင်"

"ဟင် ... ဘယ်ကိုလဲ"

"သန့်ရှင်းတို့ သင်တန်းကို"

ပေါ်လွင်က တည်မြဲကို စိတ်ပျက်လက်ပျက်ပုံစံနှင့်ကြည့်ကာ ...

"စိတ်ကို နည်းနည်းထိန်းဦး တည်မြဲ၊ ခုမှ မနက်ခုနစ်နာရီပဲ ရှိသေးတာ၊ ဘယ်သင်တန်းက ဖွင့်ဦးမှာလဲ"

ဟုတ်သည်ပဲ။ တည်မြဲ စိတ်လျှော့ကာပြန်ထိုင်လိုက်ရသည်။ ခုတော့ သန့်ရှင်းနှင့်ကျမှပဲ စိတ်တွေ ကယောက်ကယက်ဖြစ်နေရပြီ။ ထိုသို့ဆို၍ အရင့်အရင်ကောင်မလေးတွေတုန်းကရောဟု မမေးလိုက်ပါနှင့် ... ဘယ်တုန်းက ဘယ်ကောင်မလေးနှင့်မျှ မပတ်သက်ဖူးသည်မို့ ခုလိုမည်း ရာဇဝင်ကြောင်မပျက်ခဲ့ပါ။ သူ့အချစ်တွေ ရေမျောကမ်းတင် ... အဲ ... ယောင်



www.burmeseclassic.com

www.burmeseclassic.com



လို့ . . . ရေစီးကမ်းပြိုဖြစ်နေပြီလားဟုပင် ယူကျုံးမရစွာ တွေးမိသေးသည်။

ဟိုဘက်က သန့်ရှင်းကရော သူ့အချစ်တွေကို ပြည့်ပြည့်ဝဝသိသွားပြီတဲ့လား။ မထင်ပါ။ ဒါဆို ဘာလုပ်ရမည်လဲ။ သိအောင်ပြောရမည်ပေါ့။ ပြောလိုက်လျှင်ရော။ အင်း . . . ပြောလျှင်တော့ သန့်ရှင်းက တူးတူးခါးခါးငြင်း . . .။ ဟာ . . . ဂွမ်းပြီပေါ့။ အင်း . . . မဖြစ်သေး။

တောင်စဉ်ရေမရ လျှောက်တွေးနေမိသည်။ တက်ကပ်မှာ ပညာဆုတ်ကပ် ဥစ္စာပဲ မဟုတ်လား။ ဘာမှလည်း မဆိုင်သေး။ ဘာပဲဖြစ်ဖြစ် တက်ကောင်းမှ လေ့ပြေးမည်လေ။ တတ်သည့်ပညာ မနေသာဆိုသလို တုံးတိုက်တိုက် ကျားကိုက်ကိုက်ပေါ့။ ကိစ္စက တိမ်မယောင်နှင့်နက်၊ လွယ်မယောင်နှင့်ခက်သည်ဟုပင် ဆိုစေ . . . ကိုယ်က တောက်မယ့်မီးခဲ အရှိန်တရဲရဲနှင့်ပေပဲ။ တွေ့ဖန်များတော့ ယဉ်၊ မြင်ဖန်များတော့ လှလာလိမ့်မည်။ နောက်ဆုံးမှာ တောင်ကြီးဖဝါးအောက် လှိုင်းကြီးလှေအောက်ဟုပင် ရှိသေးသည် မဟုတ်လား။ တည်မိတဲ့ဘုရား လင်းတပဲနားနား ဆိုပြီး အဖြစ်မခံနိုင်ချေ။ တောင်လဲရာ မြက်ပြတ်။ အပြတ်ပဲ ဖြတ်ရတော့မှာပဲ။

"ဟေ့ကောင် . . . ဘာတွေစဉ်းစားနေတာလဲ"

ပေါ်လွင့်အသံကြားမှ ဖျတ်ခနဲ သတိကပ်သွားပြီး . . .

"ဒီလိုပဲ တောင်တောင်အီအီတွေပါကွာ"

"အေး . . . လုပ်နေ၊ တောင်မင်းမြောက်မင်း မကာယနိုင်ဖြစ်တော့မှာပဲ"

"မင်း ဘာသိလို့လဲ . . . တိမ်တောင်သဖွယ် မင်းရေးကြွယ်တဲ့ကွ"

ဘာမှလည်း မဆိုင်ချေ။ ပေါ်လွင် အင်ခနဲ နင်သွားသည်။

ချက်ချင်းပဲ . . .

"ဒါနဲ့ . . . ဖေဆန်းရောကွ"

"ဘယ်သိမလဲကွာ၊ ဒီကောင် မနက် လက်ဖက်ရည်ဆိုင်ထိုင်ဖို့





မလာတာ ကြာပြီကွ၊ သူ့ကောင်မလေးနဲ့ သွားဆွဲနေမှာပေါ့"

"ဟင် . . . ဘာကိုလဲ"

"မနက်စာစားတာကို ပြောတာလေ၊ ဒီကောင်လည်း ရှေ့လမိန်းမ,ယူတော့မယ်ဆိုပဲ"

"ယူပြီး ဘာလုပ်ကြမှာလဲ"

"ဟာ . . . မင်းမေးခွန်းကြီးက ဘာတုံးကွ"

"အဟီး . . . ယူပြီး ဖေဆန်းတို့ ဘာအလုပ်လုပ်စားကြမှာလဲလို့ မေးတာ"

"သိဘူးကွာ၊ ဖေဆန်းက မုန့်ဟင်းခါးကြိုက်တာပဲ . . . ယူပြီးရင် အိမ်မှာပဲ မုန့်ဟင်းခါးတွေ လုပ်စားနေမှာပေါ့"

"ဟာကွာ"

ထပ်မမေးချင်လောက်အောင်ပင် ပေါ်လွင် မသက်မသာဖြစ်သွားပုံတ အထင်းသား။ တည်မြဲလည်း ကိုယ့်ဟာကိုယ် စိတ်ရှုပ်နေသဖြင့် ဘာလာမေးမေး အကောင်းမပြေချင် ဖြစ်နေမိသည်ကိုး။

နှစ်ယောက်သား 'ဘူ' ပြီး ငူငူကြီးထိုင်နေမိကြသေးသည်။ အတန်ကြာတော့မှ ပေါ်လွင်က . . .

"တည်မြဲ . . . ငါတို့ သွားကြမလား"

တည်မြဲက ကိုယ့်လက်မှာ နာရီပတ်ထားသော်လည်း လက်ကိုမြှောက်ကာ ကြည့်ရမည်ကိုပင် အားကုန်သလို ဆိုင်ထဲမှ နာရီကိုသာ မော့ကြည့်လိုက်ပြီး ကျောပိုးအိတ်လွယ်ရင်း . . .

"အေးလေ . . . သွားတာပေါ့၊ စာတော့လည်း ပတ်ဝန်းကျင်ကို လေ့လာလို့ရတာပဲ"

ငွေရှင်းပြီး ဆိုင်ထဲမှ ထွက်လာခဲ့ကြသည်။ သင်တန်းကျောင်း၏ လိပ်စာနှင့် တချို့အချက်အလက်တွေကိုတော့ ရှိရှိနိုင်တို့ထံမှ သိထားပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခုလည်း ချောချောမောမောပဲ ရောက်သွားကြ၏။ စီစဉ်ထားသည့်အတိုင်း သင်တန်းကျောင်းအနီးရှိ လက်ဖက်ရည်ဆိုင်မှာပဲ နေရာယူလိုက်ကြသည်။

ရှေးစာရေးဆရာကြီးတွေရေးသလို ထမင်းအိုးတစ်လုံးကျက်ခန့် ကြာလတ်သော် ဗင်ကားတစ်စီး သင်တန်းရှေ့သို့ ထိုးဆိုက်လာချေ၏။

အချိန်ကာလကား မိုးနှောင်းကာလ၏နံနက်ဖြစ်သောကြောင့် ညဦးပိုင်းမှ ဖျောက်ဆိတ် ဖျောက်ဆိတ် ရွာထားသည့် မိုးရေများသည် လမ်းမပေါ်ဟိုတစ်ကွက် ဒီတစ်ကွက်တင်၍ ရှိနေသည့်အလျောက် ယာဉ်များဖြတ်သန်းသွားသောအခါ၌ ရေစက်ရေပေါက်များ ဖွားခနဲ လွင့်စဉ်သွားပုံမှာ တစ်မျိုးတစ်ဖုံ ကြည့်ကောင်းသည့်အလား ထင်မှတ်ရပေ၏။

တည်မြဲမှာတော့ ကားဖြတ်မောင်းသွား၍ ချိုင့်ခွက်ထဲမှရေများ လွင့်စဉ်သွားသည်ကို ယောင်၍ပင် မခံစားနိုင်အား။

ရပ်လိုက်သောကားပေါ်မှ ဆင်းလာမည့်ခြေထောက်တွေကိုသာ အာသာငမ်းငမ်း ကြည့်နေရသည်။ အမှန်တော့ ခြေထောက်ပဲ အရင်မြင်ရမှာ ဘယ်သူမှ ခေါင်းနှင့်မဆင်း။

ထိုအချိန်မှာပဲ ကားပေါ်မှဆင်းလိုက်၍ ခြေထောက်ပင်မဟုတ် ... သန့်ရှင်း တစ်ကိုယ်လုံးကို မျက်ဝါးထင်ထင် မြင်လိုက်ရသဖြင့် အသက်ရှူဖို့ မေ့သွားသည်။ (မှတ်ချက် ။ ။ ခဏမျှသာ)

ထိုကားပေါ်မှလည်း သန့်ရှင်း၏အဖေဟု ယူဆရသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးပါ ဆင်းလာသည်။ ထိုပုဂ္ဂိုလ်ကြီးက ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်၏။ တည်မြဲပင် မဆီမဆိုင် ခန္ဓာကိုယ်ကိုရှို့ကာ တိုင်နှင့်ကွယ်လိုက်သေးသည်။ အမှန်တော့ ဟိုက ကိုယ့်ကို သိသည့်ပင်မဟုတ်ချေ။

ခဏနေတော့ ထိုပုဂ္ဂိုလ်ကြီးက သန့်ရှင်းကို စကားတစ်ခွန်းနှစ်ခွန်း ပြောကာ ကားပေါ်ပြန်တက်၍ ကားတံခါးကို ဝုန်းခနဲ ဆောင့်ပိတ်လိုက်ပြီး





ဝူးခနဲ မောင်းထွက်သွားလေသည်။

"ဟော့ကောင် ... အဲဒါ မင်းနှမယောက္ခမလောင်းကြီးပဲ ဖြစ်မယ်ကွ"

တည်မြဲ နားထဲမှာ ဆိမ့်သွားရ၏။

"နားထောင်လို့ ကောင်းလိုက်တာကွာ ... ထပ်ပြောစမ်းပါဦး"

"အေး ... မင်း ရက်လည်ကျမှ လာခဲ့တော့မယ်"

တည်မြဲ တစ်တစ်ခွခွ ကျိန်ဆဲပစ်လိုက်သည်။ ထိုအချိန်မှာ သန့်ရှင်းက သင်တန်းအဆောက်အအုံထဲသို့ဝင်ရန် ခြေလှမ်းပြင်နေပြီ။ တည်မြဲလည်း ပေါ်လွင်ကို အချိန်ပေးကာ မေတ္တာပို့နေရန် မဖြစ်တော့သဖြင့် ထ, ရပ်လိုက်ပြီး ...

"ပေါ်လွင် လာကွာ ... ဖြစ်ချင်တာဖြစ် ... သန့်ရှင်းနဲ့ သွားစကားပြောကြည့်ရအောင်"

"ဖြစ်ပါ့မလားကွာ ... ဟိုက မင်းကို သိပ်ကြည့်တာမဟုတ်ဘူးနော်"

ပေါ်လွင်က လန့်ဟန်ဖြင့် ပြန်ပြောသည်။ တည်မြဲက ...

"လာပါကွာ ... ကာယကံရှင် ငါတောင် သွားရဲသေးတာ၊ သန့်ရှင်းအဲဒီလောက် ရိုင်းမယ်မထင်ပါဘူး"

"အေးလေ ... မသကာ ပါးဆွဲမရိုက်တောင် ထီးနဲ့ ဖြတ်တီးရုံပဲရှိမှာပါ ... သွားတာပေါ့"

ပေါ်လွင်က အားပေးလိုက်သော်လည်း တည်မြဲ သန့်ရှင်းအနားသို့ မရောက်လိုက်ပါ။ အရှင်လတ်လတ် မြေမျိုသွား၍လည်းမဟုတ်။

ရုတ်တရက်ဆိုသလိုပင် သားသားနားနားဝတ်ဆင်ထားသော ငနဲတစ်ကောင်သည် ပါဝါရိန်းဂျားအနီကောင်၏ အလျင်နှုန်းဖြင့် သန့်ရှင်းအနားသို့ အလိုအလျောက် ရောက်ရှိသွားသောကြောင့်ဖြစ်သည်။

တည်မြဲ ခြေလှမ်းများ တုံ့ခနဲရပ်သွားရသော်လည်း နှလုံးခုန်သံက



www.burmeseclassic.com

www.burmeseclassic.com



တော့ နှစ်ဆလောက် မြန်သွား၏။ လက်ကောက်ဝတ်ကိုပင် ယောင်ယမ်း စမ်းမိသည်။ ကိုယ်က ဘန်တမ်း (Ben-Ten) လည်း မဟုတ်။ ပါဝါဖြင့် အကောင်ပြောင်း၍ရသော လက်ပတ်လည်း မရှိချေ။ ရှိလျှင်တော့ ပါဝါရိန်းဂျား ဘာအရောင်ပဲ လာ လာ . . . မမှုပါ။ စိတ်ကို လျှော့လိုက်ရသည်။

ထိုငနဲသည် ရီရီခိုင်တို့ကြည့်မရသော မြတ်ထူးနိုင် (ခေါ်) ပစ်ကြီးပဲ ဖြစ်မည်။ ရီရီခိုင်တို့တင် မဟုတ်။ သန့်ရှင်းနားသို့ မျက်လုံးတက်နင်းမတတ် ကပ်ကာ စကားတွေ တံတွေးစင်မတတ် ပြောသွားသည့်ငနဲကို တည်မြဲပင် မျက်စိနောက်သွားရသည်။

လောလောဆယ်တော့ လှမ်း၍ပဲ ကြည့်နေရသည်။ ဘာလုပ်ရမှန်းလည်း မသိသေး။ သူတို့နှစ်ယောက်ကြား အတင်းဖြဝင်၍လည်း မဖြစ်။ ခုဟာက ဘောလုံးကန်နေခြင်းလည်း မဟုတ်။ အားလုံး ရှုပ်ကုန်မည်။

ထိုမြင်ကွင်းကို မြင်လိုက်ရသည့် ပေါ်လွင်ကလည်း . . .

"တည်မြဲ . . . အဲဒါ ဟိုကောင်ပဲ ဖြစ်မယ်ကွ . . . ဘယ်လိုလုပ်ကြမလဲ"

နားသယ်စပ်ကို ကုတ်ကာ တည်မြဲ စဉ်းစားလိုက်၏။ ဒီလောက်ကလေးနှင့် အရမ်းကြီးသွေးပူနေလို့ မဖြစ်သေးချေ။

ထို့ကြောင့် . . .

"ငါ့မှာ သန့်ရှင်းနဲ့ တိုက်ရိုက်စကားပြောလို့ ရနိုင်တဲ့နည်းလမ်း တစ်ခုတော့ ရှိပါသေးတယ်"

"ဟင် . . . ဘာလဲကွ"

"လာပါကွာ၊ အချိန်တန်ရင် သိရမှာပေါ့၊ လောလောဆယ်တော့ သူတို့နှစ်ယောက်နောက် မယောင်မလည် လိုက်ကြည့်ရအောင်"

ပေါ်လွင် ထပ်မမေးတော့ဘဲ တည်မြဲနောက်ကသာ အသာလိုက်သွားလိုက်သည်။ နှစ်ယောက်သား သတိထားကာ သင်တန်းခန်းမတွေဘက်





သို့ ဦးတည်လိုက်၏။ ကျောင်းဝင်းထဲမှာ ဘာသာရပ်အလိုက်သင်သော သင်တန်းခန်းမတွေက အသီးသီးရင်ဖွင့်ကာ ရှိနေကြပါသည်။

ထိုအချိန်မှာပင် သန့်ရှင်းလည်း အတော်ပင် စိတ်ကသိကအောက် ဖြစ်နေရ၏။ မြတ်ထူးနိုင်က လိုတာထက်ပို၍ အနီးကပ် အားသွန်ခွန်စိုက် ဂရုစိုက်နေ၍ဖြစ်သည်။ သူငယ်ချင်းတစ်ယောက်လို ခင်သော်လည်း လိုတာထက်ပိုလာပြီဆိုလျှင် စိတ်ကျဉ်းကျပ်ရပြီ။

ခုလည်း ဘေးမှာ မြတ်ထူးနိုင်က တတွတ်တွတ်နှင့်။

"သန့်ရှင်း . . . ငါလေ ညက အိပ်မက်မက်တယ် . . . သိလား"

"ဪ . . . ဟုတ်လား၊ နင် ညက အိပ်ပျော်လို့ဖြစ်မှာပေါ့"

"ဒါပေါ့ . . . ဟာ . . . သန့်ရှင်းကလည်း ငါက အတည်ပြောမလို့ ဖါဟ"

"ဟဲ့ . . . အိပ်မက်ဆိုမှတော့ ဘယ်လိုလုပ် အတည်ဖြစ်တော့မှာလဲ"

မြတ်ထူးနိုင်က မျက်နှာလေးကို ဆယ်ပြားစေ့သဏ္ဌာန် ငယ်ပြလိုက်သည်။ သန့်ရှင်းမျက်နှာကတော့ ဆယ့်ငါးပဲရည်ရွှေကဲ့သို့ မမာမတင်း လင်းပလျက်။

"နားထောင်ပါဦး သန့်ရှင်းရာ . . . နင့်မွေးနေ့က နီးပြီမဟုတ်လား အဲဒါကို စိတ်စွဲပြီးတော့ မက်တာဟ၊ မွေးနေ့မတိုင်ခင်မှာပဲ နင့်ကို ငါက I Phone ဟန်းဆက်လက်ဆောင်ပေးလိုက်တာတဲ့"

"ဘာလဲ . . . အဲဒါကို ငါက အထဲမှာ ကဒ်မပါလို့ဆိုပြီး စိတ်ဆိုးဆိုးနဲ့ ရိုက်ခွဲလိုက်တာလား"

"ဟာ"

မချိတင်ကဲ ရေရွတ်ပြီး မြတ်ထူးနိုင် ငိုချင်သွားသည်။ စကားကိုလည်း ငိုသံပါးပါးလေး ရောသမမွှေကာ ရအောင်ပြန်ဆက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မနောက်နဲ့ဟာ၊ အဲဒါကို နင်က မွေးနေ့မနက်ကျတော့ ဖုန်းဆက်တယ်၊ နင့်မွေးနေ့မှာ နင်က ပေလီကမ်းခြေရောက်နေတာတဲ့၊ ငါကလည်း နင့်မွေးနေ့မှာ အဖြေရအောင် တောင်းမယ်ဆိုပြီး လေယာဥ်နဲ့ ချက်ချင်းလိုက်သွားတာ"

စိတ်ရှုပ်နေသည့်ကြားပင် သန္တရှင်းက ရယ်ချင်သွားသည်။ မြတ်ထူးနိုင်ကိုလည်း မခိုးမခန့်ကြည့်၍ ...

"ငါလည်း အဲဒီအိပ်မက် မက်သားပဲ"

"ဟေ ... ဟုတ်လား ... ဘာတဲ့လဲ"

မဖြစ်နိုင်မှန်းသိလျက်နှင့်ပင် မြတ်ထူးနိုင် အမှတ်မရှိ ပြန်မေးလိုက်သည်။ သန္တရှင်းက ...

"အဟင်း ... အဲဒါ နင့်ကို နောက်လိုက်တာဟ၊ ပေလီလို့ ပြောပြီး ငါက ချောင်းသာရောက်နေတာ၊ ပြီးတော့ ငါ တစ်ယောက်တည်း မဟုတ်ဘူး"

"ဟေ ... ဘယ် ... ဘယ်သူနဲ့လဲ"

"ကျိုဟိုနဲ့"

"ဘာ ... ဘယ်က ကျိုဟိုလဲ"

သန္တရှင်းက မချိုမချဉ်မျက်နှာလေးနှင့်ပင် ...

"ကျိုဟိုတောင် မသိဘူးလား၊ F4 ကားထဲမှာ အသည်းကွဲရတဲ့ အွန်ကျိုဟိုလေ၊ သူ စိတ်ပြေလက်ပျောက် ချောင်းသာကိုလာရင်း ငါနဲ့တွေ့ကြတာ၊ ငါတို့ ခရုလေးတွေ အတူကောက်ကြတယ်။ ငါ့ကိုတော့ သူ ကုန်းမပိုးနိုင်းပါဘူး၊ ကျိုဟိုက ပိန်သွယ်သွယ်လေးလေ ... အဟင်း ဟင်း"

မြတ်ထူးနိုင်က ခံရခက်သွားသည်။ ကိုယ်က ပစ်ကြီးဆိုသည့် နာမည်နှင့်လိုက်စွာ ဝက်နီးပါး ဝနေသည်ကိုး။ ထို့ကြောင့် မျက်နှာကို မဲ့ရှုံ့လျက် ...





"နင်ကလည်း ... မဖြစ်နိုင်တာကြီးကို"

"ဪ ... အိပ်မက်ပါဆိုမှပဲ"

သန္တရှင်းစကားကြောင့် ငိုချင်းချချင်စိတ် ပေါက်လာရသည်၊ သူ့ကို တမင်ပြောနေမှန်းလည်း မြတ်ထူးနိုင် သိလိုက်၏။

ထို့ကြောင့် ပင့်သက်ကို ရှိုက်လိုက်ကာ ...

"သန္တရှင်း"

"ဘာလဲ"

"ဟိုကော်ရစ်တာအကွေ့ကို သွားရအောင်"

"ဟင် ... ဘာလုပ်မလို့လဲ"

"တခြားလူတွေ မမြင်စေချင်လို့ပါဟာ၊ နင့်တစ်ယောက်တည်းကိုပဲ ပြစရာရှိလို့"

"ဟဲ့ ... ဘာကြီးလဲ"

သန္တရှင်း ကြက်သီးဖြန်းဖြန်းထသွားရ၏။ ဘုရား ဘုရား ...။ မြတ်ထူးနိုင်က သူ့စကား လောကြီးသွားမှုကို ရိပ်မိစွာ ...

"အဟီး ... ဟို နင့်မွေးနေ့မှာ ပေးဖို့ ငါ I Phone ဟန်းဆက် ဝယ်ထားတာကို နင့်ကို အရင်ပြချင်လို့ပါဟ"

တော်ပါသေးသည်။ သက်ပြင်းကို ဆောင့်ချလိုက်ရင်း သန္တရှင်း ပြန်ပြောလိုက်သည်။

"နေပါစေ ... မွေးနေ့ရောက်မှပဲ ပေးတော့၊ အဲဒီတော့မှ ကြည့်မယ်"

"သန္တရှင်း"

"ဟေ ... ဟာ"

ဒီတစ်ခါတော့ မြတ်ထူးနိုင်က သူ့အကြည့်ကို ကြေကွဲဆို့နင့်မှုနှင့် အတင်းလုပ်ယူလိုက်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"နှင် ... ငါ့ကို ဘယ်တော့ အဖြေပေးမှာလဲဟာ"

"အာ ... လုပ်လာပြန်ပြီ၊ ငါ နှင့်ကိုခင်ပါတယ်၊ ဒါပေမဲ့ အဲဒါတွေ ငါ မစဉ်းစားချင်သေးဘူးဟာ၊ ပြီးတော့ ... အဲဒီအိမ်ထောင်ရေးဆိုတာကြီးက ပိုဆိုးတယ်၊ ငါ ... ဟိုမှာ အလုပ်အခြေကျတော့မှပဲ စဉ်းစားဖြစ်မယ်ထင်တယ်"

"နှင်ကလည်းဟာ ... နှင် ငါ့ကို အဖြေပဲ ပေးထားရုံလေးပါ၊ နှင် စောင့်နိုင်းသလောက် ငါ စောင့်နိုင်းပါတယ်"

လူနာ အမဲခြောက်တောင်းသည့် CD ကို မြတ်ထူးနိုင် ပြန်ဖွင့်တော့၏။ ချက်ချင်းပင် သန့်ရှင်း စိတ်ရှုပ်လာရသည်။

"တော်ဟာ ... အဲဒါတွေပဲ ပြောနေမယ်ဆို ငါ့ဆီ နှင် လာ လာမနေနဲ့တော့"

"သန့်ရှင်းရယ်"

ထိုကဲ့သို့ အပျော့ဆွဲလေသံမျိုးလည်း သူမ ရင်ထဲသို့မတိုးပါ။ ကိုရီးယားကားတွေထဲမှ ရိုမန့်ဆန်လွန်းသောနည်းတွေဆိုလျှင်တော့ အနည်းငယ် စိတ်ဝင်စားဦးမည်။ သို့သော်လည်း မြတ်ထူးနိုင်က ကိုရီးယားကားတွေ ကြည့်ပုံ မရ၊ ဘာကားတွေကြည့်မှန်းလည်း မေးမကြည့်မိပါချေ။

ထိုစဉ် ...

"အစ်မ ... အစ်မ"

ခေါ်သံကြောင့် ကြည့်လိုက်တော့ သူမထက်ငယ်မည့် ကျောင်းသူလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ သူမနှင့်တော့ မသိ။

ထိုကျောင်းသူလေးကပဲ ပစ္စည်းတစ်ခု အတင်းထိုးပေးကာ ...

"ရော့ အစ်မ ... အစ်မသူငယ်ချင်း ပေးခိုင်းလိုက်တာ၊ ပြောစရာရှိလို့တဲ့"

"ဟင်"





လက်ထဲရောက်လာသည်က ကလေးတွေဆော့သည့် ဖေါက်ကီတော်ကီ အကောင်းစားလေး။ တစ်ဖက်နှင့်တစ်ဖက် သတ်မှတ်ရေဒီယိုအတွင်း စကားပြော၍ရသဖြင့် ဝါသနာပါလျှင် လူကြီးတွေလည်း ဆော့နိုင်ပါသည်။ ခုလည်း သန့်ရှင်း ကြောင်ပြီးကြည့်နေမိ၍ ခုနက ပေးသွားသည့် ကောင်မလေးကိုပင် မေးမကြည့်လိုက်ရ၊ ဘယ်သူများ နောက်လိုက်တာလဲ။

ဘာလဲဟာဆိုပြီး ကြည့်ရင်းက ခလုတ်ကို နှိပ်လိုက်စဉ်မှာပဲ ...

"ဟလို ... သန့်ရှင်းလား ... သန့်ရှင်းလား"

အသံက ထွက်လာသည်။ ညစ်ပတ်ဟော့ ... ညစ်ပတ်ဟု ဖြေလိုက်ပါက မကောင်းဖြစ်ရော့မည်။

သန့်ရှင်းလည်း ယောင်ပြီး ပြန်မေးလိုက်မိ၏။

"ဒီမှာ ... ဘယ်သူလဲ၊ ဒါ ဘာလုပ်တာလဲရှင့်"

"ဟဲလို ... သန့်ရှင်း ... ကြားပြီလား၊ တည်မြဲပါ၊ တည်မြဲမှ သန့်ရှင်း ... တည်မြဲမှ သန့်ရှင်း ... ကြားလား ကြားလား"

"ဟင်"

အံ့သြစိတ်နှင့်အတူ ဒေါသကပါ ပြူထွက်လာရသည်။ တည်မြဲ ... ဒင်းကိုး။ မြတ်ထူးနိုင်ကတော့ ဘာမှနားမလည်သလို ကြောင်ကြည့်နေသည်။

ထိုအချိန်မှာပဲ တည်မြဲဘက်က ...

"ဟဲလို သန့်ရှင်း ... ကျွန်တော် တောင်းပန်ချင်လို့ပါ၊ လူချင်းတွေ့ပြီး တောင်းပန်ချင်ပေမယ့်လည်း၊ သန့်ရှင်း စိတ်ထပ်ဆိုးမှာစိုးလို့ ခုလို"

စကားပင် မဆုံးလိုက် သန့်ရှင်းက လက်ထဲမှ ဖေါက်ကီတော်ကီလေးကို ကြမ်းပြင်သို့ ပစ်ပေါက်၍ ရိုက်ခွဲလိုက်လေသည်။

'ခွပ် ...!'



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ မြတ်ထူးနိုင် သတိဝင်လာပြီး ဟျာဟျာသလဲဟန်ဖြင့် . . .

"သန့်ရှင်း . . . ဘယ်သူလဲ၊ ဘာကောင်လဲ၊ ဘာပြောသွားတာလဲ"

သန့်ရှင်းက စိတ်ကိုလျှော့ချကာ ထိန်းလိုက်ရင်း . . .

"မသိပါဘူးဟာ၊ ဘယ်ကောင်က တကူးတက လာနောက်လဲ မသိဘူး။ ခုလိုလုပ်လိုက်တော့ နားအေးရော မဟုတ်လား"

မြတ်ထူးနိုင် အံတကြိတ်ကြိတ်ဖြစ်နေသည်။ ဘယ်သူ့ကို ကျိန်သွား ရှာရမည်မှန်းလည်း မသိ။ ထို့ကြောင့် သန့်ရှင်းကိုပဲ စိုးရိမ်သွားပုံကလေးနှင့်။

"နင့်ကိုတော့ ငါ စိတ်မချတော့ဘူးဟာ၊ တော်ကြာ တစ်ခုခုဆို ငါပဲ ရင်ကျိုးရမှာ"

ပိုပြီးဟု သန့်ရှင်း တွေးလိုက်သည်။ ခုပဲ ဟိုဘက်က တည်မြဲပါဆို လျှင် မြတ်ထူးနိုင် အနားကပင် ခွာတော့မည်မဟုတ်။ ထို့ကြောင့် သန့်ရှင်းက ဘာမှအရေးမပါသလို ပြန်ပြောလိုက်သည်။

"ဘာမှမဖြစ်ပါဘူးဟာ၊ ဒီကျောင်းမှာ ငါ့ကို ဘယ်သူမှ ချောင်း မြောင်းမလုပ်ကြပါဘူး။ ကျောင်းသားအချင်းချင်း ဒီလိုတွေ နောက်နေကျပဲ ကဲ . . . ငါ အတန်းထဲသွားတော့မယ်၊ နင်လည်း ပြန်တော့၊ ညနေ ငါ့အဖေ လာကြိုမှာ"

"အေးပါ"

မြတ်ထူးနိုင် စိတ်မချစွာဖြင့် အကြိမ်နှစ်ရာအစိတ်လောက် လှည့် ကြည့် လှည့်ကြည့်လုပ်ကာ ပြန်သွားလေသည်။

သင်တန်းက ကွန်ပျူတာချိန်ဖြစ်သည်။ တစ်ဦးချင်းစီ သုံးရန် အကန့် ခွဲထားသောနေရာလေးမှာ သင်ခန်းစာတွေ လုပ်နေမိသည်။ စာထဲ စိတ်နှစ် နေသဖြင့် ခုနက တည်မြဲအပေါ် တိုနေသည့်စိတ်ပင် မေ့မေ့ပျောက်ပျောက် ဖြစ်သွားသည်။





အတန်ကြာတော့ ခြေထောက်ကို တစ်ခုခုလာထိသော အထိ အတွေ့ကြောင့် ကမန်းကတန်း ငုံ့ကြည့်မိသည်။

"ဟင်"

အံ့သြရပြန်၏။ ဒီတစ်ခါ တွေ့လိုက်ရသည်က အဝေးထိန်းရိမုတ် ဖြင့် ဆော့ရသော ကားလေးတစ်စီးဖြစ်သည်။ ဒါလည်း တည်မြဲလက်ချက် ပဲဆိုသည့်အသိဖြင့် ထ,ရပ်ကာ ဘေးဘီဝေ့ကြည့်ရင်း ရှာလိုက်သည်။ ရိမုတ် နှင့် မောင်းရတာဆိုတော့ အနီးအနားမှာ ရှိနိုင်သည်ပဲ။ သို့သော်လည်း တည်မြဲနှင့် ခပ်ဆင်ဆင်ပင် မတွေ့ရပါ။


မကျေမချမ်းဖြင့် ပြန်ထိုင်ကာ ကားပေါ်မှာညှပ်ထားသော စာအိတ် ကလေးကို ယူကြည့်လိုက်သည်။ ဆွဲဖြဲလိုက်မည်ကြံပြီးမှ ဘာများလဲဟု စပ်စုချင်လာပြန်၏။ (မိန်းကလေးတွေများ . . . ။)

ပိတ်မထားသောစာအိတ်ကို ဖွင့်ကာကြည့်လိုက်သည်။ စာရွက် ခေါက်ကလေးတစ်ခု။ ထပ်ဖွင့်ကြည့်လိုက်တော့ . . . ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

စာရွက်အောက်မှ အလံဖြူပုံကလေးကိုကြည့်ကာ သန့်ရှင်း မနေနိုင်တော့ဘဲ ပြုံးမိသွားသည်။ တည်မြဲဆိုတာတော့ သေချာနေပြီ။ ဒါဆို ဒင်းက အရှုံးပေးပြီပေါ့။ ခုလည်း ဒင်းက နည်းမျိုးစုံနှင့် လိုက်တောင်းပန်နေသည်။

ဘာဖြစ်လို့ သူမကို ဒီလောက် အတင်းလာတောင်းပန်နေတာလဲ?

ရည်ရွယ်ချက်တစ်ခုခုများ ရှိလို့လား?

အဲဒါကရော ဘာလဲ?

တွေးရင်း ဦးနှောက်ထဲသို့ သိမ်မွေ့သော သိမှုတစ်ခုက ညင်သာဝင်းပြက်စွာ တိုးဝင်သွားလေသည်။

ထိုအရာကတော့ ...။

❦ ❦ ❦

ခုနစ်ဖဉ့်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## [ ၇ ]

နောက်နေ့မှာ တည်မြဲ ဘာလုပ်ဦးမည်လဲဟုတွေးရင်း သန့်ရှင်း မသိမသာ သတိထားနေမိသည်။ ရင်ခုန်စိတ်လှုပ်ရှားလွန်း၍တော့ မဟုတ်။ သို့သော်လည်း မိန်းကလေးပီပီ စိတ်တော့ဝင်စားမိသည်က အမှန်ပင်။ ဘာကြောင့် စိတ်ဝင်စားမိလဲဆိုတာတော့ ကိုယ့်ကိုယ်ကိုယ် မဝေခွဲတတ်ချေ။

သို့သော် . . .

ထိုနေ့မှာလည်း ဘာထူးခြားမှုမှ မရှိခဲ့ပါ။ မထူးခြားဟုဆိုခဲ့သည့်အတိုင်း မြတ်ထူးနိုင်သာ မလျှော့သောဖွဲ့ဖြင့် ရောက်လာသည်။ သန့်ရှင်းဘက်က လာပါဟု မခေါ်သလို မလာနဲ့ဟူ၍ မတားမိ။ သာမန်သူငယ်ချင်းစိတ်သာ ရှိသည်။

တစ်ခုရှိသည်က မြတ်ထူးနိုင်ကြောင့် တချို့သကောင့်သားတွေ





ရစ်သီရစ်သီလုပ်ခြင်း၏ဒဏ်ကတော့ လွတ်သည်။ ဒါကြောင့်လည်း သူမ မြတ်ထူးနိုင်ကို မတားမြစ်ခြင်းပဲ ဖြစ်မည်။

ခုလည်း မြတ်ထူးနိုင်က ကျောင်းကိုရောက်ရောက်ချင်းပဲ ကျီးကန်းတောင်းမှောက်ကြည့်ကာ . . .

"သန့်ရှင်း သန့်ရှင်း . . . ဒီနေ့ရော ဘာထူးခြားသေးလဲ"

ချက်ခုံးလေး စလိုက်ကာ သန့်ရှင်းက . . .

"ဘာမှမထူးခြားပါဘူး အော် . . . တစ်ခုတော့ရှိတယ်"

"ဟင် . . . ဘာလဲ၊ ဘယ်ကောင်လဲ . . . ဖရူး"

လျှာလိပ်မတတ်မေးရင်း မြတ်ထူးနိုင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

သန့်ရှင်းက . . .

"တောရက်စ်ပေါ့"

"ဟင် . . . ဘာတောရက်စ်လဲ"

"လီဟာပူးက တောရက်(စ်)ပေါ့။ သတ်မှတ်ထားတဲ့ ပြောင်းရွှေ့ကြေးပေါင်သန်း (၅၀) အစား ချယ်ဆီးအသင်းက ပေါင်သန်း (၃၀) ပဲ ပေးတော့မယ်တဲ့၊ ဒဏ်ရာတွေနဲ့ နပန်းလုံးနေရပြီး ကြံ့ခိုင်မှု အားနည်းနေလို့တဲ့လေ၊ အဲဒါကြောင့်လည်း ကမ္ဘာ့ဖလားတုန်းက ဒဏ်ရာကြောင့် ပွဲရှိန်ပြည့် မကစားနိုင်တာပေါ့။ ဒီနေ့ ဂျာနယ်ဖတ်တာ အဲဒီတစ်ခုပဲ ထူးခြားတယ်"

"ဟာ . . . ဘာတွေလဲကွာ"

မြတ်ထူးနိုင် စိတ်ညစ်သွားသည်။ သူ ဘောလုံးပွဲတွေလည်း မကြည့်ဖြစ်ပါ။ ဘီလီယက်ပင်လျှင် ကျူ'မ'ရမှာပင်ပန်းသည်ထင်၍ မထိုးဖြစ်။ သန့်ရှင်းကတော့ ဘောလုံးပွဲတွေကို မိန်းကလေးဖြစ်သော်လည်း စိတ်ဝင်စားပါသည်။ ဘီလီယက်တော့ မထိုးပါ။ မိန်းကလေးဖြစ်၍ ကျူကြီးတဆဆနှင့် ကြည့်ကောင်းမည်လည်း မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



မြတ်ထူးနိုင်ကိုတော့ ကိုရီးယားကားပင်မဟုတ်ဘဲ ဘောလုံးပွဲကို ပါ စိတ်ပါဝင်စားသူမဟုတ်မှန်း သိလိုက်ရသည်။ ယောကျ်ားလေးဖြစ်ပြီး ဘာကားတွေသာ ကြည့်သည်မသိ။

ခုလည်း မြတ်ထူးနိုင်က ...

“ငါမေးတာက နင့်ကို မနေ့ကလို လာနှောင့်ယှက်သေးလားလို့ မေးတာ”

“သြော် ... ဒါလား ... မလာပါဘူး”

“တော်သေးတာပေါ့၊ ငါ ညက စိတ်ပူလို့ အိပ်လို့တောင်မရဘူး”

ပြောရင်းကပင် ဓာတ်ပြားဟောင်းကိုဖွင့်ရန် မြတ်ထူးနိုင် မျက်နှာ အရောင်ပြောင်းလာသည်။ သန့်ရှင်းက ရိပ်မိလိုက်သဖြင့် CD ကို ဖွင့်ခွင့် မပေးချေ။

မြတ်ထူးနိုင်ကို ကြည့်ကာ ...

“ဟုတ်လား ... အဲဒါကြောင့် နင့်ကိုကြည့်ရတာ အိပ်ရေးပျက်နေတဲ့ ပုံစံဖြစ်နေတာကိုး။ ပြန်ပြီးအိပ်လိုက်လေ၊ ငါ အတန်းတက်လိုက်ဦးမယ်”

“ဟာ ... သန့်ရှင်း အဲဒီလိုမဟုတ် ...”

“သွားပါဟာ၊ ငါ့ကို စိတ်ပူပြီး အိပ်ရေးပျက်ရတာ မဟုတ်လား။ ခု ငါ့ကြောင့် ထပ်မအိပ်ရဘဲ ဖြစ်နေဦးမယ်”

ပြောရင်းနှင့် သန့်ရှင်း ထွက်လာခဲ့သည်။ မြတ်ထူးနိုင်ခမျာ သူ့ စကားနှင့်သူ အူတူတူကျန်ခဲ့ရ၏။

သန့်ရှင်း အတန်းတက်နေသောအချိန်တွင် တည်မြဲတို့အုပ်စု အလုပ်ရှုပ်နေကြသည်။

ပေါ်လွင်က ...

“ဟေ့ကောင် ... မင်းရှာခိုင်းတဲ့ကလေးငါးယောက် ငါ ရှာထားပြီ ... ဘာလုပ်ခိုင်းမှာလဲကွ၊ မုန့်ဖိုးတော့ မင်း ပေးမှရမှာနော်”





ဒီနေ့မှ လိုက်လာသော ဖေဆန်းကလည်း ...

“ငါတို့ကိုလည်း ပြောပြဦးလေကွာ”

ထိုအခါမှ တည်မြဲက ကျောပိုးအိတ်ကို ဖော်ဖွင့်လိုက်သည်။ အထဲမှ စာရွက်တစ်ထပ်ကိုဆွဲယူရင်း ...

“ကဲ ... ငါ့ကို ကူညီကြဦး။ ဒီစာရွက်တွေကို ကလေးတွေဆော့တဲ့ လေယာဉ်ပျံလေးတွေမျိုး ဝိုင်းခေါက်ပေးကြ”

“လုပ်ပြန်ပြီကွာ၊ မနေ့ကလည်း အရုပ်ဆိုင်ကို ပြေးရပြီးပြီ”

ပေါ်လွင်က ညည်းရင်း စာရွက်ကို ဆွဲယူကာ ခေါက်နေသည်။ ဖေဆန်းလည်း စာရွက်တွေကိုကြည့်ကာ ပြုံးရင်း မေးလာ၏။

“တည်မြဲ ... မနေ့ကတော့ မင်း အလံဖြူပေးတာ ယူသွားတယ် ဆို”

“အင်း ... ခိုင်းလိုက်တဲ့ ကျောင်းသားကတော့ ယူသွားတယ် ပြောတာပဲ”

“ဒါဆို မဆိုးဘူးပဲကွ”

တည်မြဲက သက်ပြင်းချရင်း ...

“ပြောလို့မရသေးဘူး၊ သူ့ကို ငါ နှစ်ခါတိတိ အနိုင်ယူသလို ဖြစ်ခဲ့တာကိုတော့ ကျေနပ်ပုံမရသေးဘူးကွ၊ ဒါပေမဲ့ ခုလို ငါ တောင်းပန်ရတာကို ပျော်ပါတယ်၊ တစ်ခုတော့ရှိတယ် ... ဘာလဲဆိုတော့ သူ နိုင်ငံခြား မသွားခင်မှာ ငါ့ကိုခွင့်လွှတ်ပြီး ငါ ချစ်နေတယ်ဆိုတာကို သိသွားစေချင်တယ်”

စကားအဆုံးမှာ ဖေဆန်းက ဖွဖွပြုံးပြီး ...

“မင်းက ငါပြောတာမှ လက်မခံဘဲကိုး။ ရိုးရိုးနိုင်ကတစ်ဆင့် မင်းချစ်တာ သူသိအောင် လုပ်လို့ဖြစ်ပါတယ်”

တည်မြဲ ခေါင်းခါလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့အေး ဖေဆန်း . . . ငါ့နည်းငါ့ဟန်နဲ့ သူ့ကိုသိစေချင်တာ၊ သူ့ကိုလည်း စိတ်လှုပ်ရှားမှုလေးတွေ ပေးချင်သေးတယ်"

"ဒါနဲ့ . . . သူ့ဆီ မနက် လာ လာနေတဲ့ ဘဲကရော . . . အနေအထားက"

"ချစ်သူတွေတော့ ဟုတ်ပုံမရဘူး၊ ကြည့်ရင် သိသာတာပဲ၊ သူလည်း သူ့ဘာသာ ကြိုးစားပေါ့ကွာ၊ မလိုအပ်ဘဲနဲ့တော့ ငါ ဝင်မစွက်ဖက်ဘူး"

ဖေဆန်းက ဘာမှထပ်မပြောတော့ဘဲ စက္ကူလေးယာဉ်ပုံလေးတွေ ဝိုင်းခေါက်ပေးနေသည်။

လိုအပ်သည့်အချိန်တွင် လိုအပ်သည့်အရေးအတွက်ရတော့မှ ကျောင်းအိတ်ကြီးထဲထည့်ကာ တည့်မြဲက ပေါ်လွင်ကို တီးတိုးမှာလိုက်သည်။

ပေါ်လွင်က လက်မ,ထောင်ပြရင်း ဆိုင်ထဲမှ ထွက်သွားလေ၏။



[ ၈ ]

သင်တန်းရှေ့ ကားရပ်ကာ သူ့သမီးကို စောင့်နေရင်းက ဦးစိန်တိုးပို၍စိတ်တိုလာရသည်။ တစ်ရက်လုံးလည်း အလုပ်ထဲမှာ အဆင်မပြေခဲ့။ သူ့အောက်က ဝန်ထမ်းတွေ တလွဲလုပ်၍ စိတ်တိုနေရသည့်ကြားထဲ သူ့အကြောင်းကိုမသိဘဲ အတင်းလာဘ်လာထိုးသော လူတစ်ယောက်ကြောင့် ဒေါသအိုးက ပေါက်ကွဲတော့၏။

ထိုလူကိုလည်း သူ့ဘဝမှာ ဒါမျိုးမရှိကြောင်း တင်းမာစွာပြောခဲ့ပြီးပြီ။ ဒေါသက မပြေရသည့်ကြားထဲ သမီးကိုလာကြိုမှ ကားဘီးက ပေါက်ရပြန်၏။ ကားဘီးဖာပြီး ခုသင်တန်းရှေ့ရောက်တော့လည်း သမီးက ထွက်မလာသေး။ ဒီနေ့မှာ ဘာတွေဖြစ်နေသည် မသိ။

နာရီတကြည့်ကြည့်နှင့် စိတ်မရှည်ဖြစ်နေစဉ်မှာပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟာ . . . ဘာလဲဟ . . . ဘာတွေလဲ"

ကားမှန်တံခါးမှတစ်ဆင့် ဝင်လာသော စက္ကူလေယာဉ်ပျံတွေကြောင့် ဦးစိန်တိုး ရုတ်တရက် လန့်သွားရသည်။ ပြီး တစ်ခုပြီးတစ်ခု ဝင်လာပြန်၏။

ဘေးဘီကြည့်လိုက်တော့မှ ကားလမ်းဘေးမှနေ စက္ကူလေယာဉ်တွေ တစ်ခုပြီးတစ်ခု ပစ်လွှတ်နေကြသောကလေးအုပ်စုတစ်စုကို တွေ့လိုက်ရသည်။ ဒီလောက်ပစ်နေမှတော့ ကားထဲဝင်ပြီပေါ့။

"ဟေ့ကောင်လေးတွေ ရပ်ကြစမ်း"

အော်လိုက်သော်လည်း ကလေးတွေက မရပ်ကြချေ။ ဂရုပင် စိုက်ပုံမရ။ ပြန်မဝင်သေးသည့် ဒေါ်သက စူထွက်လာကာ တောက်တစ်ချက်ခတ်ရင်း ကားပေါ်မှ ဆင်းလိုက်၏။

သန့်ရှင်း ကားနားသို့ရောက်တော့ ဖေဖေက ရန်ဖြစ်နေပြီ၊ ကလေးတွေနှင့်မို့ ကြည့်လို့လည်းမကောင်း။

"မင်းတို့ ဆော့တာက အရေးမကြီးဘူး။ ငါ့ကားကို လာထိတယ်ကွ"

ဖေဖေ့စကားကို ကလေးတစ်ဦးက . . .

"ဟာဗျာ . . . ဦးကြီးကလည်း စားတယ်ဗျာ၊ စက္ကူလေယာဉ်ပဲဥစ္စာ . . . ကားနဲ့ထိလည်း ဆေးပွန်းသွားတာမှမဟုတ်တဲ့"

"ဟေ့ကောင်တွေ ဘယ်လိုပဲဖြစ်ဖြစ်ကွ . . . လမ်းပေါ်မှာ ဆော့ရလား"

"အာ . . . ကွိုင်ပဲဗျာ၊ ဒီလမ်းက ဦးကြီးပိုင်တာမှ မဟုတ်တဲ့"

"ဘာကွ"

"ဟုတ်တယ်လေ၊ သားတို့က ဒီလမ်းထဲမှာနေတာ . . . ဒီလမ်းထဲမှာပဲ ဆော့မှာပေါ့"





"တောက်! မင်းတို့ကွာ . . . ဘယ်လိုမိဘတွေက မွေးထားလဲ မသိ ပါဘူး"

ကောင်လေးတစ်ယောက်က လက်သီးငေါက်ငေါက်ပြန်ထိုးလိုက်ရင်း . . .

"ဦးကြီး . . . လူကြီးလူကောင်းဆိုရင် မိဘတွေကို မစော်ကားပါနဲ့၊ ရပ်ကွက်ရုံး သွားတိုင်မှာနော်"

ဦးစိန်တိုး ရှုံ့ရှုံ့ရှားရှား ဖြစ်လာတော့သည်။

ထိုအချိန်မှာပဲ သန့်ရှင်းက ဝင်ပြီး . . .

"လာပါ ဖေဖေရယ် . . . လမ်းမလယ်မှာ ကလေးတွေနဲ့ ဖြစ်နေတာ ရှက်စရာကြီး"

"ကလေးပဲဖြစ်ဖြစ်၊ လူကြီးပဲဖြစ်ဖြစ် စည်းမဲ့ကမ်းမဲ့ဆိုရင် ပြောရမှာပဲကွ၊ ဟေ့ကောင်တွေ"

ပြီးမှာမဟုတ်တော့၍ သန့်ရှင်းက သူ့အဖေကိုပဲ အတင်းတောင်းပန်ကာ ဆွဲခေါ်ရတော့သည်။ ကားထဲရောက်တော့ ဦးစိန်တိုးက စက္ကူလေယာဉ်တွေကို ကောက်ယူကာ လွှင့်ပစ်ရင်း . . .

"ဒီမှာကြည့်လေ . . . ကားထဲဝင်လာတာကို မနည်းဘူး"

ဖေဖေက ဒေါ်သမပြေသေးဘဲ တဖျစ်တောက်တောက် ပြောနေသေးသည်။ သန့်ရှင်းက ဗိုင်းကူကောက်ပေးရင်း . . .

"ဒေါ်သကို လျှော့ပါ ဖေဖေရယ်၊ တစ်ပါးသူကို အမျက်ဒေါသ ထားတယ်ဆိုတာ မကောင်းပါဘူး"

"ငါ့စိတ်ကို နင်လည်း သိတာပဲ၊ ခုလည်း နင်ထွက်လာတာ ကြာလို့ဖြစ်ရတာ"

ဒေါ်သက ကိုယ့်ဘက်လှည့်လာပြန်သည်။ သန့်ရှင်းလည်း သက်ပြင်းချကာ စက္ကူလေယာဉ်တွေကို အပြင်သို့လွှင့်ပစ်ရန် လုပ်လိုက်ပြီးမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်လေးတွေကိုကြည့်ရင်း တစ်ခုသတိထားမိလိုက်သည်။

ချက်ချင်းမလှွင့်ပစ်သေးဘဲ ခေါက်ထားသောစာရွက်ကို ဖြည်လိုက်၏။

"ဟင်"

ရှေ့ရွက်ကာ စာရွက်ပေါ်မှ စာသားတွေကို အသံထွက်၍ ဖတ်လိုက်သည်။

အမျက်ထားခြင်း၏အပြစ် (၅) ရပ်

၁။ အများက မချစ်မနှစ်သက်ခြင်း

၂။ ကိုယ်စိတ်နှလုံး မကြည်လင်ခြင်း

၃။ ဘေးရန်များခြင်း

၄။ တွေဝေ၍ သေရခြင်း

၅။ သေပြီး အပါယ်လားရခြင်း။

စာပိုဒ်အဆုံးမှာပဲ ဖေဖေက ကားမောင်းနေရင်း စူးစူးဝါးဝါးကြည့်ကာ . . .

"မီသန့်ရှင်း . . . နင် ငါ့ကို ရွဲ့ပြောနေတာလား"

"မဟုတ်ပါဘူး ဖေဖေရယ် . . . ဒီစာရွက်မှာ ရေးထားတာတွေ့လို့ ဖတ်ကြည့်တာပါ"

"ဟွန်း . . . ဟိုချွေးကောင်လေးတွေက စာနဲ့ပါ စော်ကားသလိုပဲ ငါ . . . ကွာ"

"ဖေဖေကလည်း . . . မတော်တဆ ပါလာတာပဲဥစ္စာကို"

ထိုသို့ပြောလိုက်သော်လည်း မတော်တဆမဟုတ်မှန်း သန့်ရှင်း ရိပ်မိလိုက်သည်။ ထိုစာသားတွေက လေယာဉ်လုပ်ထားသည့် စာရွက်တိုင်းမှာ ပါနေသည်ပဲ။





တွေးရင်း သန့်ရှင်း ပြုံးလိုက်မိသည်။ ဒါ တည်မြဲက သူမကို အမျက်ထားတာမကောင်းဟု ခုလိုစိစဉ်ကာ အသိပေးလိုက်ခြင်းလား၊ ထိုသို့ တွေးက သူမကတော့ ပြုံးနိုင်သေးသည်။ လက်ရှိ ထိုစာကြောင့် လတ် လတ်ဆတ်ဆတ် ခံလိုက်ရသူက ဖေဖေ (သို့) ဦးစိန်တိုး။

အိမ်ပြန်ရောက်သည်အထိ ဖေဖေ့ဒေါသက အရှိန်မပြေသေးချေ။ ညှော်ခန်းထဲသို့ မေမေ့ကိုပါ ခေါ်လိုက်ပြီး . . .

"သန့်ရှင်း . . . ဒီစကားဟာ တကယ်တော့ နင့်အမေ ပြောရမှာပဲ၊ ဒါပေမဲ့ လိုအပ်လို့ ငါပြောတယ်လို့ မှတ်လိုက်"

"ဟုတ်ကဲ့ပါ ဖေဖေ"

မေမေက သန့်ရှင်းကို ဘာဖြစ်လာတာလဲဟူသောပုံစံဖြင့် မျက်ရိပ်ပြသည်။ သူမလည်း အသာခိုးပြီး လက်ခါပြလိုက်၏။

အတန်ကြာလမ်းလျှောက်ကာ စဉ်းစားနေပြီးမှ ဖေဖေက . . .

"သမီး"

"ရှင် ဖေဖေ"

လေသံက ပျော့သွား၏။ ဖေဖေ့မျက်နှာက တင်းမာမှုတွေလည်း လျော့ကျလာသည်။ သန့်ရှင်းကိုကြည့်ကာ . . .

"သမီးမှာ ချစ်သူတွေ, ဘာတွေ ရှိနေပြီလား"

"အာ . . . ဖေဖေကလည်း မရှိပါဘူး"

"အေး . . . ဖေဖေလည်း အကြောင်းရှိလို့ မေးရတာ"

သူမကိုများ ရုပ်ရှင်တွေထဲကလို ယောက်ျားပေးစားတော့မှာလားဟု တွေးရင်း သန့်ရှင်းလန့်သွားသည်။

သို့သော် ဖေဖေ ထပ်ပြောလာသည်က တခြား။

"သမီးကို ဖေဖေတို့က နိုင်ငံခြားမှာရှိတဲ့ သမီးမမဆီ သွားဖို့စီစဉ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ သမီးလည်း အဲဒါကြောင့် သင်တန်းတွေ တက်နေတာပဲလေ"

ဖေဖေက ခေါင်းညိတ်ပြရင်း . . .

"အေးပါ . . . သွားခါနီးမှ သမီးမှာ ချစ်သူတွေ ဘာတွေရှိပြီး စိတ်အနှောင့်အယှက်ဖြစ်ရမှာစိုးလို့ မေးတာ၊ သမီးကို ဖေဖေ ပြောမယ် . . . သမီးလည်း မညာနဲ့"

"ဟုတ်ကဲ့"

"သမီးမှာ ချစ်သူရှိတယ်ဆိုရင် ဖေဖေတို့နဲ့ တွေ့ပေး၊ ဖေဖေတို့ကြည့်ပြီး သမီးအတွက် ပြန်စဉ်းစားပေးမယ်၊ ဒါလည်း သမီးအတွက်နော်၊ ဖေဖေနဲ့မေမေလည်း ချစ်လို့ ယူခဲ့ကြတာပဲလေ၊ ကိုယ့်သားသမီးတွေကို ဆောင်မခတ်ချင်ဘူး။ ဘေးကပဲ မဖြစ်သင့်တာ မဖြစ်အောင် လမ်းကြောင်း ပေးချင်တာ"

ဖေဖေ့စေတနာကို သန္တာရှင်း နားလည်ပါသည်။ သို့သော် သူမမှာ ထိုသို့ရည်ရွယ်ထားသည့် ချစ်သူတွေ ဘာတွေမှ မရှိသည်ဘဲ။

ထို့ကြောင့် . . .

"သမီးမှာ ခုချိန်ထိ အဲဒီလိုကိစ္စတွေ မရှိသေးပါဘူး ဖေဖေ၊ စဉ်းစားချင်ရင်တောင် မမဆီသွားပြီး အလုပ်အခြေကျမှပါ"

"သေချာတယ်နော်"

"ဟုတ်ကဲ့ ဖေဖေ"

ထိုအခါမှ ဖေဖေက တစ်ချက်ပြုံးလိုက်ပြီး . . .

"အေး . . . ဒါဆိုလည်း သမီးသွားဖို့ စာရွက်စာတမ်းတွေ ဖေဖေ စီစဉ်ရတော့မယ်၊ သမီး သင်တန်းတွေကလည်း ပြီးတော့မှာမဟုတ်လား"

"ဟုတ် . . . ရှေ့နှစ်ပတ်လောက်ဆို ပြတ်ပါပြီ"

"အေး အေး . . . သမီး သွားနားတော့"





အခန်းထဲဝင်ကာ သန္တာရှင်း နားနေလိုက်သည်။ ခဏနေတော့ ဖုန်းလာသည်ဟု မေမေက လာပြောသဖြင့် ထွက်ကိုင်လိုက်၏။ ဆက်လာသူက ရီရီနိုင်။ လင်တရူးမ . . .။

"ဘယ်လိုလဲ သန္တာရှင်းရဲ့ . . . ငါတို့ဆီတောင် မလာတော့ဘူးလား"

"သင်တန်းတွေနဲ့ မအားလို့ပါဟာ . . . သတိရပါတယ်"

"ဟဲ့ . . . နောက်အပတ် ငါတို့မင်္ဂလာဆောင် ရှိတယ်နော်"

"ငါ သိပါတယ်၊ ကောင်မ . . . ရှုနေတယ် ဟုတ်လား။ ယောက်ျားယူမှာကိုပဲ"

ရီရီနိုင်က တဟင်းဟင်းရယ်ပြီး . . .

"ဒါကတော့ ဒီလိုပဲပေါ့ဟာ"

"အေးပါ အေးပါ . . . နင့်ရဲ့အပျိုဘဝသက်တမ်း မကုန်ခင်မှာ ငါ လာတွေ့ပါဦးမယ်၊ နောက်ဆိုရင် နင်က ငါတို့နဲ့ ဘဝခြားတော့မှာလေ"

"ဟဲ့ . . . မဦးမချွတ်၊ ဒါနဲ့ နေစမ်းပါဦး . . . နင် တည်မြဲနဲ့ ဆုံဖြစ်သေးလား"

ထိုနာမည်ကြောင့် တစ်မျိုးဖြစ်သွားရသော်လည်း ဟန်လုပ်ကာ ပြန်ပြောလိုက်သည်။

"ဘာလို့တွေ့ရမှာလဲ . . . အဝေးကြီး"

"အေးပါ . . . လူချင်းသာ ဝေးနေတာ၊ တချို့ကိစ္စတွေက နီးလာတယ် မဟုတ်လား"

သန္တာရှင်း ရင်တုန်သွားရသည်။ ဟိုကိစ္စတွေကိုများ ရီရီနိုင် သိထားသည်လား။ ထိုသို့တွေးရင်း လွှတ်ခနဲ မေးလိုက်မိသည်။

"ဟဲ့ ရီရီနိုင် . . . နင် ဘာတွေသိထားလဲ . . . ပြောစမ်း"

ရီရီနိုင်က သဘောကျသလိုရယ်လျက် . . .

"ပါးပါးလေးပါဟာ၊ နင်နဲ့ လူချင်းဆုံတော့မှ ပြောပြမယ် . . . ဒါပဲ



www.burmeseclassic.com

www.burmeseclassic.com



နော် ဖုန်းချလိုက်တော့မယ်''

"ဟဲ့ . . . ရီရီခိုင်''

လှမ်းခေါ်လိုက်တာကိုပဲ မကြားသည်လား။ ရီရီခိုင်က ဖုန်းချသွားသည်။ သန့်ရှင်းအတွေးတွေ တသီကြီးနှင့် ကျန်ခဲ့ရ၏။

ဖုန်းပြန်ခေါ်လိုက်မည်ကြံပြီးမှ မခေါ်ဖြစ်တော့။ တော်ကြာ ကိုယ်က တည်မြဲအကြောင်း သိချင်လွန်း၍ဟု ထင်သွားဦးမည်။ သန့်ရှင်းရင်ထဲမှာ ဘာကြောင့်မှန်းမသိဘဲ ထိုသို့ထင်သွားမည်ကို စိုးရိမ်နေမိပြန်၏။

ညဘက်ရောက်တော့လည်း တော်တော်နှင့် အိပ်မပျော်နိုင်ချေ။ တည်မြဲနှင့် စတွေ့ခဲ့ရပုံတွေကို စဉ်းစားရင်း အတွေးထဲ တစ်ကျော့ပြန် စိတ်ဆိုးနေမိသည်။

ထိုအတွေးတွေကြောင့်လားတော့ မသိ . . .။ အိပ်ပျော်သွားတော့ အိပ်မက်မက်လေသည်။

အိပ်မက်ထဲမှာ တည်မြဲက သူမအား တကယ့်အလံဖြူကြီးတစ်ခု အတင်းလိုက်ပေးနေသည်။ ဘယ်လိုမှ ငြင်းမရသည့်အဆုံး ဆောင့်ကြီး အောင့်ကြီးနှင့် ယူလိုက်တော့ တည်မြဲက ခါးကြားမှာ ဝှက်ယူလာသည့် ငှက်ပျောသီးတစ်လုံးကို ပျော့်ရွှင်ဟန်ဖြင့် အခွံခွာကာ အတင်းလိုက်ခွံ့ကျွေး ပြန်သည်တဲ့လေ။

နောက်ဆုံး ငြင်းမရ၍ ပါးစပ်ဟပေးလိုက်စဉ်မှာပဲ ထိုငှက်ပျောသီး က မျက်စိရှေ့မှာပဲ ရောမအကြီးကြီးဖြစ်သွား၍ သန့်ရှင်း လန့်ပြီး နိုးသွားခဲ့ လေသည်။

ထိုညက သန့်ရှင်း ပြန်အိပ်မပျော်တော့ချေ။ မတော်တဆများ ထိုအိပ်မက် ပြန်မက်ပါက ပြေးပေါက်မရှိမှာစိုး၍ ဖြစ်၏။

❦ ❦ ❦



[ ၉ ]

နောက်နေ့မနက် သင်တန်းမတက်ခင်မှာ သန့်ရှင်းတစ်ယောက် တည်း ကင်တင်းထိုင်နေမိသည်။ ဒီနေ့မှ မြတ်ထူးနိုင်လည်း မလာပါ။ သန့်ရှင်းကလည်း မျှော်မနေပါ။ ခုလို တစ်ယောက်တည်း အေးအေးလူလူ ထိုင်ရသည်ကပင် အရသာ။

ထိုင်နေရင်းကပင် မျက်လုံးလေးမှိတ်ကာ မနက်ဦး၏ စိမ့်ရှလတ် ဆတ်သောလေအေးကို တဝကြီးရှူရှိုက်ပစ်လိုက်၏။

"ဟူး . . . အရသာရှိလိုက်တာ''

ခပ်တိုးတိုးလေး ရေရွတ်ရင်း မျက်လုံးဖွင့်အကြည့် . . .

"ဟင်''

ငုတ်တုတ်မေ့မတတ် ဖြစ်သွားရသည်။ မျက်နှာချင်းဆိုင်မှ ထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



သူက အားလုံးမျှော်လင့်ထားကြသော တည်မြဲပင် ဖြစ်လေသည်။

ဒီခဏလေးမှာ ဘယ်ကဘယ်လို ရောက်လာပြီး ဝင်ထိုင်နေသလဲ။ ခြေသံတွေ ဘာတွေပင် မကြားလိုက်ရ။ တည်မြဲသည် သိုင်းလောကသား မဟုတ်၍ ကိုယ်ဖော့ပညာနှင့်ရောက်လာတာလည်း မဖြစ်နိုင်ချေ။

အကြောင်းသား ငေးနေစဉ်မှာပဲ တည်မြဲက ...

"သန္တရှင်း ... ကျွန်တော် ထိုင်မယ်နော်"

သန္တရှင်း စပ်မြင်ကတ်သွားရ၏။ ခုကျတော့ မတ်တတ်ရပ်နေတာ ကျနေတာပဲ။

"ခုရော ရှင်ထိုင်နေတာ မဟုတ်လို့ ဘာလုပ်နေတာလဲ"

တည်မြဲက ဟီးခနဲ ရယ်လိုက်ပြီးမှ ...

"အင်း ... ဟုတ်သားပဲ၊ ကျွန်တော် သန္တရှင်းကို ပြောစရာရှိလို့ပါ"

"ကျွန်မလည်း ရှင့်ကို မေးစရာရှိတယ်"

ခပ်တည်တည်လေး သန္တရှင်း ပြန်ပြောလိုက်သည်။

တည်မြဲက သူမ အမေးကိုပင် မစောင့်ဘဲ ...

"ကျွန်တော် သန္တရှင်းကို တောင်းပန်နေတာ ခွင့်လွှတ်ပြီလားလို့ သိချင်တာပါ"

"နေစမ်းပါဦး ... ရှင် ခုလို တောင်းပန်နေတာတွေကိုရော ဘယ်သူတွေကို ပြောထားလဲ"

"သန္တရှင်း နစ်နာအောင် အသားယူပြီး ဘယ်သူ့ကိုမှ မပြောပါဘူး။ ဒါပေမယ့် တချို့ကိစ္စတွေတော့ ဖေဆန်းတို့ သိတယ်"

ဩော် ... ဒါကြောင့်ကိုးဟု သန္တရှင်းတွေးမိသည်။ အဲဒါကြောင့်လည်း ရီရီနိုင်က သိပြီး လှမ်းစခြင်းဖြစ်မည်။

စဉ်းစားနေစဉ်မှာပဲ တည်မြဲက ...

"သန္တရှင်း ... ကျွန်တော်မေးတာ မဖြေသေးဘူးနော်"





ထိုအခါမှ သန္တရှင်း လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ စိတ်ကိုလည်း တည်ငြိမ်အောင်ထိန်းရင်း ...

"အင်း ... ဒီလောက်ကြီး စိတ်ဆိုးစရာတော့ မရှိတော့ပါဘူး"

"ဝမ်းသာလိုက်တာဗျာ"

"ရှင်"

"ဩော် ... ကျွန်တော်တို့ သူငယ်ချင်းတွေ ဖြစ်သွားပြီပေါ့လို့ ဆိုလိုချင်တာပါ"

တည်မြဲက သူ့ဘက်ဆွဲယူကာ ပြောလိုက်သောကြောင့် သန္တရှင်း မျက်စောင်းထိုးမိသည်။ ပြီး တစ်ခုစဉ်းစားမိလိုက်၍ ...

"ရှင့်ကိုမေးပါဦးမယ် ... ခုချိန်ထိ ကျွန်မဘက်က အခဲမကျေ သေးဘူးဆိုရင် ရှင် ဒီနေ့ ဘယ်လိုတောင်းပန်ဖို့ စဉ်းစားထားလဲ"

တည်မြဲက ပခုံးကို မသိမသာတွန့်ရင်း ပြုံးသည်။ ပြီး ...

"ရေအိုးစင်တစ်ခုမှာ အရေးကြီးဆုံးဟာက ဘာလဲ ... သန္တရှင်း သိလား"

"ဟင် ... ဒီကမေးတာနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်လာမှာပါ ... စဉ်းစားကြည့်ပါဦး"

တစ်ချက် စဉ်းစားလိုက်သည်။

"အင်း ... ရေအိုးစင်တစ်ခုမှာဆိုရင် ရေအိုးလည်း အရေးကြီး တာပဲ၊ အဲ ... ရေခွက်မရှိရင်လည်း သောက်လို့ရမှာမဟုတ်ဘူး။ ပြီး အထဲမှာ ရေရှိဖို့လည်း လိုသေးတယ်၊ ဒါဆိုတော့ ရေအိုး၊ ရေခွက်၊ ရေ အားလုံး အရေးကြီးတာပဲ"

ခပ်ဟဲဟဲရယ်ရင်း တည်မြဲ ခေါင်းခါလိုက်သည်။

သန္တရှင်းက ...

"ဟင် ... မှားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မှားတာပေါ့၊ ရေအိုးစင်ဆိုတာက ရေရှိချင်လည်း ရှိမယ်၊ မရှိရင်လည်း မရှိနိုင်ဘူး။ အဲဒီတော့ ရေအိုးစင်တစ်ခုမှာ အရေးကြီးဆုံးက ရေဖြည့်မယ့်လူပဲ"

"ဒါတော့ ရှင် စကားကထာတာပါ၊ ထားပါတော့ ... အဲဒါနဲ့ ကျွန်မမေးတာနဲ့က ဘယ်လိုပတ်သက်လို့လဲ"

တည်မြဲက ...

"ပြောမယ်လေ ... ကိစ္စတစ်ခုမှာ ပြုလုပ်တဲ့လူသာ အရေးကြီးတယ်လို့ ဆိုလိုချင်တာပါ၊ ကဲ ... ကျွန်တော် သွားတော့မယ်ဗျ"

တည်မြဲက ထရပ်ကာ မပြောမဆို ခါးကိုညွတ်ပြီး နှုတ်ဆက်လိုက်သည်။ ပြီးမှ ရယ်ကျဲကျဲနှင့် ...

"သန့်ရှင်းကို ဒီလို လေးဆယ့်ငါးဒီဂရီကိုင်းပြီး နှုတ်ဆက်ဖို့ မနည်းကျင့်ထားရတာဗျ"

ပြောပြီးထွက်သွားတော့၏။ သန့်ရှင်းပင် ရယ်ချင်ပက်ကျိနှင့် ကျန်ရစ်ခဲ့ရသည်။ ဒင်းက ငါ ကိုရီးယားဇာတ်လမ်းတွဲတွေ ကြိုက်တာသိလို့ ဒီလို လုပ်သွားတာလားဟုပင် တွေးမိသေး၏။ သို့သော်လည်း တည်မြဲပါးစပ်က အညာဆေးရိုးဟု ရွတ်မသွားချေ။

ထိုအချိန်မှာပဲ မြတ်ထူးနိုင်သည် အူယားဖားယားနှင့် ပြေးဝင်လာပြီး ...

"သန့်ရှင်း သန့်ရှင်း ... ခုနက ဘယ်ကောင်လဲ ... ပြောစမ်းပါ"

"ဘယ်သူ့ကို ပြောနေတာလဲ"

ခပ်တည်တည်ပြန်မေးလိုက်သည်ကိုပင် မြတ်ထူးနိုင်က ငါသိပါတယ်ဟူသော မျက်နှာလေးနှင့် ...

"ဘယ်သူ့ကို ပြောရမှာလဲ ... ခုနက နင့်ကို ဦးညွှတ်ပြီး ထွက်သွားတဲ့ကောင်လေ"





"သြော် ... အဲဒါလား ... တည်မြဲ တဲ့"

"ဘာ ... ဘယ်က တည်မြဲလဲ၊ ဘာကောင်လဲဆိုတာ ပြောစမ်းပါ"

"သူငယ်ချင်းပါဟာ ... ရိုရိုနိုင်တို့နဲ့ပတ်သက်ပြီး သိတာပါ"

ခပ်ပေါ့ပေါ့လေးပဲ ဖြေလိုက်သည်။ မြတ်ထူးနိုင်မျက်နှာက ဆတ်ခနဲတင်းမာလာပြီး တရုတ်ဖျောက်အိုးမြည်သလို မေးခွန်းတွေ အတွဲလိုက်ထွက်လာတော့၏။

"နေစမ်းပါဦး ... အဲဒီကောင်က ဘာဖြစ်လို့ နင့်ဆီလာတာလဲ၊ နင်နဲ့ရော ဘယ်လိုပတ်သက်နေလဲ၊ နင်တို့ ဘာတွေပြောနေကြတာလဲ၊ ပြောစမ်းပါ ... ငါ့ကို အကွက်မရှေ့နဲ့ သန့်ရှင်း"

သန့်ရှင်း ဒေါသထွက်သွားရသည်။ မြတ်ထူးနိုင်ကိုလည်း စူးစူးဝါးဝါးကြည့်လိုက်ကာ ...

"မြတ်ထူးနိုင် ... နင့်ကို ငါ သူငယ်ချင်းပါလို့ ပြောပြီးပြီပဲ၊ နောက်နင့်ကို ငါ တစ်ခုထပ်ပြောထားရဦးမယ်၊ နင် ငါ့ကို ပုလိပ်စစ်သလိုစစ်နေစရာအကြောင်း ဘာမှမရှိဘူး"

ထိုအခါမှ မြတ်ထူးနိုင် မျက်နှာထားကို သိသိသာသာ ပြင်လိုက်ရင်း ...

"ဆောရီးဟာ ... ငါ အရမ်းစိုးရိမ်သွားလို့ပါ၊ နင့်ကို ဒီလိုတခြားယောကျ်ားလေးတစ်ယောက်နဲ့ နှစ်ယောက်တည်း မတွေ့ဖူးတော့ ငါ ဘယ်လိုဖြစ်သွားမှန်းကို မသိတော့ဘူး"

"ဟဲ့ ... ဖြစ်စရာလား၊ ဒီလိုပဲ သူငယ်ချင်းတော့ ငါ့မှာလည်း ရှိတာပေါ့"

"ငါက ... နင့်ကို ချစ်နေတာကိုး-သန့်ရှင်းရာ"

လာပြန်ပြီ ဒီစကား။ သန့်ရှင်း မျက်နှာလွှဲလိုက်သည်။ ပြီး သူ့အားကို ခပ်တင်းတင်း တစ်လုံးချင်း ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"တော်ဟာ . . . နင့်ကို ငါ အကြိမ်ကြိမ်ပြောခဲ့တာပဲ၊ ငါ တကယ် စဉ်းစားတဲ့အချိန်ကျရင် နင့်ကို လုံးဝချန်မထားဘူးဆိုတာ ယုံ၊ ဒီကြားထဲ ထပ်မပြောနဲ့တော့ . . . ဒါပဲ"

ပြောရင်း ထ,ရပ်လိုက်သည်။ မြတ်ထူးနိုင်ကိုလည်း တစ်ချက် စေ့စေ့ကြည့်ပြီး . . .

"ငါ . . . အတန်းသွားတက်တော့မယ်"

ချာခနဲ လှည့်ထွက်လာခဲ့၏။

မြတ်ထူးနိုင်၏ သက်ပြင်းချသံကြီးကိုပင် ကြားဖြစ်အောင်ကြားလိုက်ရသေးသည်။

စိတ်တွေနောက်ကျိကာ သင်တန်းခန်းမထဲသို့ ဝင်လာခဲ့သည်။ လွယ်အိတ်ပစ်ချကာ ထိုင်ခုံမှာ ထိုင်လိုက်ချိန်မှာပဲ . . .

"သန့်ရှင်း . . . ရော့ . . . နင်လာရင် ပေးလိုက်ဆိုပြီး လူတစ်ယောက်က ပေးခဲ့တာ"

"ဟင် . . . ဘယ်သူလဲ"

"တည်မြဲလို့ ပြောသွားတာပဲ"

စာရွက်ခေါက်ကို ယူရန်ပင် တွန့်သွားရသည်။ သို့သော်လည်း ဒီလို လက်လွတ်စပယ်တော့ တည်မြဲ စာမပေးလောက်ပါ။ ထို့ကြောင့် လှမ်းယူရင်း ဖွင့်ဖတ်လိုက်သည်။

ရေးထားသည်ကတော့ . . .

ခါးညွတ်နှုတ်ဆက်တဲ့ အစဉ်အလာ (၄) မျိုး

၁။ လမ်းမှာတွေ့လျှင် (၁၅) ဒီဂရီ ကွေးညွတ်

၂။ အစည်းအဝေး ဝင်/ထွက်

ညှိသည်ကိုကြိုဆိုလျှင် (၃၀) ဒီဂရီ ကွေးညွတ်





၃။ တောင်းပန်လျှင်

မင်္ဂလာပွဲကျရင် (၄၅) ဒီဂရီ ကွေးညွတ်

၄။ ဘုရင်လို ပုဂ္ဂိုလ်မျိုးဆိုလျှင် (၉၀) ဒီဂရီ ကွေးညွတ်

စာဖတ်အပြီးမှာ သန့်ရှင်း နှုတ်ခမ်းလေးများ ကွေးညွတ်သွားကြသည်။ တည်မြဲပြောသွားသည့်စကားအရ လေးဆယ့်ငါးဒီဂရီဆိုတော့ . . . အဟင်း . . . ဒင်းက သူမကို တောင်းပန်သည်ပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၀ ]

တောင်းပန်ခဲ့ရသည်မှာလည်း အတော်ပင် ရှည်လျားခဲ့ပြီ။ ကိုနီးယားဓာတ်လမ်းတွေပင် ဒီလောက်တောင်းပန်မည်မထင်၊ မည်သို့ပင်ဖြစ်စေ ခုလို သန့်ရှင်းနှင့် ပြေလည်သွားသည်ကိုပဲ တည်မြဲ ကျေနပ်နေမိသည်။

ခုလည်း ဖေဆန်းက သတင်းလာပေးသည်။

ဖေဆန်းလာပြောသည်က သူနှင့်ရိရိခိုင်တို့ သူငယ်ချင်းတွေကို ဖိတ်ပြီး တစ်ဆိုင်ဆိုင်မှာ ညစာကျွေးမည့်သတင်း။ သန့်ရှင်းလည်း လာမည်တဲ့လေ။ ဟာ . . . ဟာ။

ထိုပွဲမျိုးတော့ အလွတ်ခံ၍မဖြစ်ပါ။ ဝေါ်ကြီးကျနေခြင်းကြောင့်တော့ မဟုတ်။ သူနှင့်သန့်ရှင်းတို့၏ တင်းမာအေးခဲနေရာမှ ပူနွေးပြီပြည်လာသော ဆက်ဆံရေးကို အရှည်ရှည်အောင် ဦးသွေးသံပြည်ကြီးစားဖို့အတွက်





ဖြစ်သည်။

ထိုသို့သော အတွေးတွေနှင့် တည်မြဲရောက်သွားပါသည်။ ဟိုရောက်တော့ လူပင်စုံနေကြပြီ။ သန့်ရှင်းကို မသိမသာ လှမ်းရှိုးလိုက်တော့ အရင်လိုမဟုတ်ဘဲ ကြည်စင်သိမ်မွေ့နေသည့် မျက်နှာထားလေးကို တွေ့လိုက်ရသည်။

မသိမသာမှုသည် ပြောင်ပြောင်တင်းတင်းငမ်းဖို့ပင် အချိန်မရလိုက်။ ဖေဆန်းအသံကြီးက ငှက်ဆိုးထိုးသံလို ထွက်လာသည်။

"နောက်ကျလိုက်တာကွာ . . . ဒီမှာ ပွဲစတော့မလို့ မင်း ကျန်နေသေးလို့ စောင့်နေကြတာ"

မှာထားသည့်အစားအစာတွေကို ကြည့်ကာ တည်မြဲက . . .

"သြော် . . . မင်းကလည်း စားနှင့်ရောပေါ့၊ ငါက အရေးကြီးပုဂ္ဂိုလ်မှ မဟုတ်တာ"

ပြောရင်း ဝင်ထိုင်လိုက်သည်။ ပြီး အားလုံးထဲမှ သန့်ရှင်းကို ဦးဦးဖျားဖျား ပြုံးပြလိုက်သည်။ သန့်ရှင်းကလည်း ယောင်ယောင်လေး ပြန်ပြုံးပြ၏။ တည်မြဲရင်ထဲမှာ နွေးပျသွားရသည်။

"ကဲ ကဲ . . . စားရအောင်ဟေ့၊ ပြီးမှ ကိုယ်ပြောချင်တာတွေ ပြောကြ"

ခွေးကောင် ဖေဆန်း။ စကားပြောတာကိုက အနှောင့်အသွားမလွတ်ဘူး။ ထို့နောက်မှာတော့ အားလုံးလည်း ပြိုင်ပွဲကြီးအလား မှာယူသွတ်သွင်းကြတော့သည်။

စားသောက်ပြီးစီးတော့လည်း ဖေဆန်းကပဲ စကားစ,လာသည်။

"ငါတို့မင်္ဂလာဆောင်က ရေ့အပတ်ထဲမှာလေ၊ အဲဒါ မင်းတို့ကို ထူးထူးခြားခြားအစီအစဉ်တစ်ခု စီစဉ်ထားတာ ပြောပြမယ်"

"ဘာလဲ . . . ရေးဟောင်းအစဉ်အလာကို ပြန်လည်ဖော်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ ပုဆိုးတန်းတင်နည်းနဲ့ မင်္ဂလာဆောင်မလို့လား''

တည်မြဲစကားကြောင့် ဖေဆန်း ကြောင်သွားသည်။ ပြူးပြူးပြဲပြဲ ပြန်ကြည့်ကာ . . .

''ဘာလဲဟ . . . ပုဆိုးတန်းတင်ဆိုတာ''

စကားအဆုံးမှာ အားလုံးက တည်မြဲကို သိလိုစိတ်တွေနှင့် ဝိုင်းကြည့်ကြတော့၏။ တည်မြဲက မလိုအပ်ဘဲ ခါးကိုမတ်၊ ချောင်းကို ဟန့်လိုက်ပြီးမှ . . .

''ဒီလိုကွာ . . . ထိမ်းမြားခြင်း ဆယ်ပါးထဲက ပုဆိုးတန်းတင် ထိမ်းမြားတယ်ဆိုတာ သတို့သားနဲ့ သတို့သမီးက မင်္ဂလာဆောင်မှာ ပရိသတ်အလယ်ကို မထွက်ကြဘူး။ အိမ်ထဲမှာပဲနေပြီး ဧည့်သည်တွေစားသောက်ပြီး ပြန်သွားတော့မှ သတို့သမီးရဲ့အိပ်ခန်းထဲမှာရှိတဲ့ ကြိုးတန်းမှာ သတို့သားရဲ့ ပုဆိုးကို လှမ်းတင်ရတာကိုပြောတာ''

''ဟာ . . . မကောင်းပါဘူး''

ပေါ်လွင်က ဝင်ပြောခြင်းဖြစ်သည်။ တည်မြဲက . . .

''ဘာဖြစ်လို့လဲ . . . ဒါက တကယ်ရှိခဲ့တဲ့အစဉ်အလာပဲဥစ္စာ''

ထိုအခါမှ ပေါ်လွင်က စပ်ဖြီးဖြီးမျက်နှာနှင့် . . .

''အဟီး . . . မင်းပဲ စဉ်းစားကြည့်လေ၊ ဖေဆန်းဆိုတဲ့ကောင် အသစ်စက်စက်သတို့သမီးရှေ့မှာ ဖင်ပြောင်ကြီးဖြစ်နေမှာပေါ့''

''ဟာ''

''ဟဲ့''

''ဟေ့ကောင် ပေါ်လွင်''

ဖေဆန်းက စူးစူးဝါးဝါးအော်လိုက်သော်လည်း အားလုံးမအောင့်နိုင်ဘဲ ဝါးလုံးကွဲရယ်ကြတော့သည်။

ရှက်ရှက်နှင့် လိုက်ရယ်နေပြီးမှ ဖေဆန်းက . . .





''ပေါ်လွင် . . . နေဦးကွာ၊ ငါတို့ စီစဉ်ထားတယ်ဆိုတာက မကြာသေးခင်ကပဲ သင့်မြတ်သွားကြတဲ့ တည်မြဲနဲ့ သန္တာရှင်းတို့ကို သတို့သား၊ သတို့သမီးအရံတွေ လုပ်ခိုင်းမလို့ကွ''

''ဟာ''

''အို''

တည်မြဲနှင့်သန္တာရှင်းတို့ နှစ်ဦးစလုံး အံ့သြရုက်အမ်းကာ ရှေ့တွ်မိကြတော့သည်။ ဖေဆန်းကပဲ . . .

''ကဲ . . . အားလုံး သဘောတူလား''

''သဘောတူတယ် . . . သဘောတူတယ်''

ဝိုင်းအော်သံတွေနှင့်အတူ လက်ခုပ်သံတွေပါ ထွက်လာကြတော့၏။ သန္တာရှင်းကိုလှမ်းကြည့်တော့ မျက်နှာလေး ရဲရဲနီကာ အထားခက်နေပုံ ရသည်။

တည်မြဲ တစ်ချက်စဉ်းစားလိုက်၏။ အားလုံးကတော့ ဝိုင်းဖိနေကြပြီ၊ သန္တာရှင်းလည်း ငြင်းရခက်နေပုံရ၏။ ထို့ကြောင့် . . .

''အားလုံးပဲ ငါ တစ်ခုပြောမယ်ကွာ . . . မင်းတို့က ဒီလိုကြီး ဝိုင်းပြောနေတော့ သန္တာရှင်း ငြင်းချင်ရင်တောင် ငြင်းရခက်မှာပဲ၊ ဒီလိုလုပ် . . . ငါတို့ ဒီကပြန်ခါနီးမှ ငါ သန္တာရှင်းကို မေးကြည့်လိုက်မယ် . . . သူ့သဘောထားကိုလေ . . . မကောင်းဘူးလား''

''ကောင်းပါတယ် . . . ခုမေးပါ၊ ကျန်တဲ့လူတွေ ရှောင်ပေးပါ့မယ် . . . ဟေး . . . အဟေး ဟေး''

အော်ဟစ်ကာ ပေါ်လွင် ထရပ်လိုက်သည်နှင့် အားလုံးပဲ ဝရုန်းသုန်းကား ထ,ကာ ဆိုင်အပြင်ဘက်ဆီသို့ ပြေးထွက်သွားကြတော့သည်။ ရုတ်ရက်မို့ တည်မြဲလည်း ဘာလုပ်ရမည်မှန်း မသိ။

သန္တာရှင်းက မျက်စောင်းဆတ်ဆတ်ကလေး ထိုးလိုက်ပြီး . . .

www.burmeseclassic.com



"ရှင် ပြောတော့မှပဲ ပိုဆိုးတော့တယ်"

"မရည်ရွယ်ပါဘူးဗျာ . . . အများရှေ့မှာမို့ သန့်ရှင်း ငြင်းရခက်နေမှာ စိုးလို့ပါ"

သန့်ရှင်းက ဘာမှထပ်မပြောသေးဘဲ မှုန်တေတေလေးလုပ်နေသည်။ တည်မြဲမှာ မပြောမပြီး မေးရတော့၏။

"သန့်ရှင်း . . . ဘယ်လိုဆုံးဖြတ်ထားလဲ၊ ကျွန်တော်က ယောကျ်ားလေးဆိုတော့ ကိစ္စမရှိဘူး"

မျက်စောင်းက ထိုးပြန်သည်။ ပြီး . . .

"ရှင် . . . နစ်နာနေပါဦးမယ်၊ ဒါနဲ့ ကျွန်မ လက်မခံဘူးဆိုရင်ရော"

တည်မြဲက သာသာထိုးထိုး ပင့်သက်ရှိုက်လိုက်ကာ . . .

"အင်း . . . သန့်ရှင်းဆန္ဒပါ၊ ကျွန်တော်ကတော့ ဖေဆန်းကို ငြင်းလို့ရမှာ မဟုတ်ဘူး။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲပေါ့ သန့်ရှင်းရယ်၊ သဗ္ဗေသတ္တာ ကမ္မဿကာပေါ့"

"ဟင် . . . ဘာမှလည်းမဆိုင်ဘူး"

နှစ်ယောက်သား ရယ်မိကြသည်။ အရယ်ရပ်တော့ တည်မြဲက မျက်နှာနုနုကို ငေးရီနေမိသည်။ သန့်ရှင်းမျက်နှာက နီဝါးဝါးလေးဖြစ်လာရင်းက မျက်ခုံးအတွန့်ချိုးလိုက်၏။ ပြီး မဆိုင်သောစကားကို ဆိုလာသည်။

"ရှင့်ကို မေးပါဦးမယ် . . . ဟိုအရင်ကလေ ကျွန်မကို ဘာဖြစ်လို့ ဒေါသထွက်အောင် ပြောခဲ့တာလဲ"

"ဒါလား . . . သန့်ရှင်းက ဒေါသထွက်ရင်လည်း တစ်မျိုးလေးလှလို့ပါ"

"အာ . . . ရှင်နော်"

ဒီတစ်ခါတော့ သန့်ရှင်း တိတိကျကျရှက်သွားတော့သည်၊ တည်မြဲလည်း ရင်ထဲမှာ တရုတ်နဂါးရော ကုလားဘုရားတွေပါ လှည့်နေသလို





ခံစားလာရသည်။

ထိုရင်ခုန်သံတွေနှင့်ပင် . . .

"သန့်ရှင်း"

"ဟင် . . . ဘာလဲ"

မျက်ဝန်းနက်နက်ကလေးက သူ့ဆီ ရောက်လာသည်၊ လွတ်ထွက်သွားမတတ် စိတ်တွေကို အားတင်းထိန်းချုပ်လိုက်ရင်း . . .

"ကျွန်တော်လေ ဖေဆန်းပြောတဲ့ကိစ္စကို ငြင်းလိုက်တော့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ . . ."

စကားမဆုံးခင်မှာပဲ သန့်ရှင်းက . . .

"မငြင်းပါနဲ့"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ဪ . . . အပန်းကြီးတာမှ မဟုတ်ဘဲ"

"ဒါဆို . . . သန့်ရှင်းရောဟင်"

မျှော်လင့်တကြီး မေးလိုက်မိသည်။ သန့်ရှင်းက မျက်နှာမချိုမချဉ်လေးနှင့် ပခုံးလေးတွန့်ပြကာ . . .

"ကျွန်မလား . . . အင်း . . . မဆုံးဖြတ်ရသေးဘူး"

"ဘာကိုစဉ်းစားနေတာလဲ သန့်ရှင်းရယ်"

"သတို့သားအရံက ရှင်ဖြစ်နေလို့ပဲ"

"ဗျာ"

www.burmeseclassic.com

**[ [illegible] ]**

သန့်ရှင်းပြောခဲ့သည့်စကားကို အဲဒီတုန်းက သိပ်သဘောမပေါက်ခဲ့ချေ။ ကိုယ်က သတို့သားအရံမို့ သန့်ရှင်း ရက်ပြီးပြောခဲ့တာလား၊ ဒါမှမဟုတ် ကိုယ်နှင့် ဒီလိုတွဲရမှာကို မနှစ်မြို့၍ ပြောခဲ့တာလား။ တည်မြဲ ဘယ်လိုမှ စဉ်းစားမရခဲ့။

ထိုရက်ပိုင်းတွေထဲမှာ သန့်ရှင်းနှင့်ခဏခဏဆုံဖြစ်ခဲ့သော်လည်း ထိုအကြောင်းကို မမေးရဲပါ။ ဟိုက ... ဟုတ်တယ် ရှင်နဲ့တွဲရမှာ မသတီလို့ ... ဆိုလျှင် ငွေမ်းမြို့။ သို့သော်လည်း ...

ဖေဆဲန်းတို့ မင်္ဂလာဆောင်တော့ သန့်ရှင်းက သတို့သမီးအရံ လုပ်ပေးပါသည်။ ရင်ထဲမှာ ကြည်နူးမိသော်လည်း ထိုအကြောင်းကို ပြန်စဉ်းစားတိုင်း မတင်မကျကြီးဖြစ်နေဆဲ။





မင်္ဂလာပွဲပြီး နောက်နေ့မှာတော့ မေးမည်ဟုဆုံးဖြတ်ကာ သန့်ရှင်းတက်သည့် သင်တန်းသို့ရောက်သွားပါသည်။ သန့်ရှင်း သင်တန်းလာတာ မတွေ့မိသေး၍ နီးစပ်ရာ လက်ဖက်ရည်ဆိုင်မှာ ထိုင်စောင့်နေမိသည်။

ထိုစဉ် ...

"တည်မြဲ ... မင်းနဲ့ငါ စကားပြောချင်တယ်"

အသံကြောင့် ကြည့်လိုက်မိသည်။ ခပ်တင်းတင်းပြောကာ ရှေ့မှာဝင်ထိုင်လိုက်သူက မြတ်ထူးနိုင် (ခေါ်) ပစ်ကြီး။

တည်မြဲက ခပ်တည်တည်ပဲ ...

"ပြောလေ ... ဘာကိစ္စလဲ"

"မင်း ... ဘယ်သူ့ကို စောင့်နေတာလဲ"

ဘလိုင်းကြီးပါလား။ တည်မြဲကလည်း တည်မြဲမို့ ...

"ငါ ဘယ်သူ့ကိုစောင့်နေတာလို့ မင်းထင်လို့လဲ"

မြတ်ထူးနိုင် ရှုးရှုးရှားရှားဖြစ်သွားသည်။ ချက်ချင်းပဲ ...

"ဟော့ကောင် ... ဝှေ့ဝိုက်မနေနဲ့ မင်း သန့်ရှင်းကို စောင့်နေတာ ငါ သိတယ်"

"ဟုတ်လား ... အေး ... အဲဒီလိုသိရဲ့သားနဲ့ ဝှေ့ဝိုက်နေတာက မင်းလေ"

"ဘာ"

မြတ်ထူးနိုင် ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားပုံရသည်။ ကိုယ့်အပ်ကိုယ်စူးကာ ဒေါသထွက်လာဟန်ဖြင့် ...

"ဒီမှာ တည်မြဲ ... ငါ ရှင်းရှင်းပဲ ပြောမယ်၊ သန့်ရှင်းနဲ့ငါက ငယ်သူငယ်ချင်း၊ ငယ်ငယ်ကတည်းကပဲ ငါ သူ့ကို ရည်ရွယ်ထားတာကွ"

"ဒါကတော့ ရှင်းနေတာပဲလေ၊ လွတ်လပ်တဲ့ မိန်းကလေးအနေနဲ့ ကို လွတ်လပ်တဲ့ယောက်ျားလေးက ကပ်တာ ဘာရည်ရွယ်ချက်များ ရှိဦးမှာ



www.burmeseclassic.com

www.burmeseclassic.com

လဲကွ"

"တော်ကွာ ... တော်တော့၊ မင်း သန့်ရှင်းနဲ့ ဝေးဝေးနေလိုက်ပါ။ မဟုတ်ရင် ငါ သည်းမခံဘူးနော်"

အခြေအနေက တင်းမာလာတော့သည်။ ဒီလောက်တော့ တည်မြဲလည်း မမှုပါ။ သူ့မှာ လက်ပါသလို ကိုယ့်မှာလည်း လက်ပါသည်ပဲ။

သို့သော်လည်း မိန်းမကိစ္စနှင့် ရန်မဖြစ်ချင်၍ တည်မြဲ စိတ်ကိုထိန်းလိုက်သည်။ မြတ်ထူးနိုင်ကိုလည်း စေ့စေ့ကြည့်လိုက်ကာ ...

"မြတ်ထူးနိုင် ... မင်းနဲ့ငါ ယောကျ်ားတွေပဲကွာ၊ မင်း ချစ်သလို ငါလည်း သန့်ရှင်းကို ချစ်တာပဲ၊ အေး ... ဒါပေမဲ့ မင်းနဲ့ငါ ဒီနေရာမှာ လက်သီးချင်းယှဉ်ထိုးလို့ နိုင်တဲ့ကောင်ကို သန့်ရှင်းက ပြန်ချစ်မယ်လို့ ထင်နေလို့လား၊ မင်းလည်း မင်းဟာမင်းကြိုးစား၊ ငါလည်း ငါ့ဟာငါ ကြိုးစားမယ်၊ တရားသဖြင့်ယှဉ်ပြိုင်တာ ဘယ်သူက ဘယ်သူ့ကိုမှ စွက်ဖက်စရာ မလိုပါဘူး"

မြတ်ထူးနိုင် တက်တစ်ချက်ခတ်လိုက်သည်။ တည်မြဲကိုလည်း ကမ္ဘာမကြေသောမျက်နှာထားဖြင့် အံကြိတ်ကာ ကြည့်ရင်း ...

"အေးပေါ့ကွာ ... မင်းနဲ့ငါ ဘယ်သူက ဘယ်သူလဲဆိုတာ တွေ့ရဦးမှာပါ"

တည်မြဲက ပခုံးတွန့်ရင်း ပြန်ပြောလိုက်သည်။

"အေး ... ငါလည်း သွေးအေးအေးနဲ့ စောင့်နေမှာပါ"

နှစ်ယောက်သား အကြည့်ချင်း ဆုံမိကြသည်။ မြတ်ထူးနိုင်က ခနဲ့သည့်လေသံဖြင့် ...

"မင်း ကံကောင်းပါစေ တည်မြဲ"

"ငါလည်း မင်းလို ပြန်ဆုတောင်းပါတယ်"



# [ ၁၂ ]

"မနေ့က ရှင်နဲ့ မြတ်ထူးနိုင်တို့ ဒီဆိုင်မှာ စကားများကြတယ်ဆို"

"အချေအတင်ပြောဖြစ်တာတော့ ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်တော်စ,ပြောတာတော့ မဟုတ်ဘူး"

သန့်ရှင်း သက်ပြင်းဖွဖွချသည်။ ပြီး ...

"ကျွန်မ သိပါတယ်၊ အဲဒီလိုတွေ ဖြစ်လာမှာစိုးလို့လည်း ရှိရှိနိုင်မင်္ဂလာပွဲတုန်းက ငြင်းချင်ခဲ့တာ"

ခုမှ တည်မြဲ သဘောပေါက်သွားသည်။ ရင်ထဲမှာလည်း ကျဉ်ခနဲဖြစ်သွားကာ အကြည့်ကို လွှဲလိုက်ရင်း ...

"ဪ ... အဲဒီကိစ္စတုန်းက သန့်ရှင်းအပေါ် မြတ်ထူးနိုင်စိတ်ဆိုးမှာ စိုးရိမ်ခဲ့တာပေါ့ ... ဒီလိုလား"


www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်း၏မျက်နှာလေး သုန်မှုန်သွားသည်။

"ရှင် . . . အဲဒီလိုမပြောပါနဲ့။ ကျွန်မ ဒီအချိန်မှာ ကျွန်မအတွက်နဲ့ ဘာပြဿနာမှ ဖြစ်စေချင်တာ မဟုတ်ဘူး၊ ဟိုကောင် မြတ်ထူးနိုင်က တစ်ဖွတ်ထိုး၊ ခုလို ရှင့်ကို လာပြောမှာစိုးလို့ အဲဒီတုန်းက စဉ်းစားခဲ့တာ။ အဓိက,က ပြဿနာမဖြစ်စေချင်တာ တစ်ခုပဲ"

သူ့အပေါ် စိုးရိမ်တာမဟုတ်ဟု သန့်ရှင်းက ဆိုလိုခြင်းဖြစ်သည်။ ထိုစကားကြောင့် တည်မြဲ ရင်မောရပြန်သည်။

သန့်ရှင်းက တွေခနဲ ဖြစ်သွားသော တည်မြဲကိုကြည့်ကာ . . .

"ကျွန်မ ရှင်တို့နှစ်ယောက်စလုံးကို ခင်ပါတယ်၊ ရှင် အချိန်တိုတို အတွင်းမှာ ခင်မင်မှုတစ်ခု တည်ဆောက်နိုင်ခဲ့တာကိုလည်း လေးစားတယ်"

တည်မြဲ ဖွဖွပြုံးသည်။

"သန့်ရှင်း"

"ဟင်"

"ကျွန်တော် အဲဒီခင်မင်မှုကို ဘာဖြစ်လို့ ရအောင်တည်ဆောက် ခဲ့တာလဲ . . . သိလား။ သန့်ရှင်းကို ချစ်တယ်ဆိုတဲ့ စကားလေးတစ်ခွန်း ပြောခွင့်ရချင်လို့ပဲ၊ ကျွန်တော် သန့်ရှင်းကို ချစ်တယ်"

မျက်နှာပေါ် အရောင်လေးတစ်မျိုး ခဏဖြတ်ပြေးသွားရုံမှအပ သန့်ရှင်း ဘာမှထူးထူးခြားခြား ဖြစ်မသွားပါ။ ခေတ္တတိတ်ဆိတ်နေပြီးမှ သက်ပြင်း မှုဉ်းမှုဉ်းလေးချသည်။

"အဲဒီစကားမျိုးက မြတ်ထူးနိုင်လည်း ပြောဖူးတယ်"

"မရောထွေးလိုက်ပါနဲ့ သန့်ရှင်း။ ချစ်တယ်ဆိုတာ လူတိုင်း ပါးစပ်က ပြောတတ်တာပဲ၊ စာလုံးပေါင်းချင်း၊ အသံထွက်ချင်း တူပေမယ့် အတိမ်အနက်တော့ ကွာဦးမှာပါ"

စကားအဆုံးမှာ သန့်ရှင်းက အပြုံးပါးပါးဖြင့် ခေါင်းအသာခါသည်။





"ကဲ ကဲ . . . တော်ပါတော့၊ မနက်ဖြန် ကျွန်မ မွေးနေ့ရှင့်၊ သင် တန်းချိန်ပြီးရင် ရှင်တို့နှစ်ယောက်နဲ့ ကျွန်မ ဒီဆိုင်မှာ တွေ့မယ်၊ အေးအေး ဆေးဆေး စကားပြောကြတာပေါ့၊ ရှင်လာမယ် မဟုတ်လား"

တည်မြဲ ခေါင်းညိတ်လိုက်သည်။

"လာမှာပါ၊ ဒါပေမဲ့ . . . ကျွန်တော် ဒီတစ်ခါ အလံဖြူလေး ယူ မလာတော့ဘူးနော်"

သန့်ရှင်း တွေတွေငေးငေးလေးဖြစ်သွားပြီးမှ နားလည်ရခက်သော စကားတစ်ခွန်း ဆိုလိုက်သည်။

"ရှင့်ကို ဘယ်သူမှအနိုင်မယူပါဘူး တည်မြဲ၊ အနိုင်အရှုံးဆိုတာ နောက်ဆုံးအချိန်အထိ ကစားမှပါ"

တည်မြဲ စိတ်တွေ အုံ့မှိုင်းသွားရသည်။ မနက်ဖြန်သည် သူ့အတွက် အဖြေမရှိသော ပုစ္ဆာတစ်ပုဒ်ပဲလား။

ဒါမှမဟုတ် . . .။



www.burmeseclassic.com

www.burmeseclassic.com

ဂုန်နဲ့ ဂုမ္ဘက်ကို မခွဲခြားတတ်လို့ရှိရင်
ဝံပယ်ပန်းလေးကို လက်ဖဝါးပေါ်တောင် မတင်ပါနဲ့
လောကမှာ ...
လူယုတ်မာတစ်ယောက် ထပ်တိုးသွားလိမ့်မယ်။

(သက်ငြိမ်သစ်)

[ ၁၃-၈ ]

သင်တန်းမှ ဆယ့်ငါးမိနစ်လောက်စောပြီး သန့်ရှင်းထွက်လာခဲ့သည်။ ဒီအချိန်လောက်ဆိုလျှင်တော့ တည့်မြဲရော၊ မြတ်ထူးနိုင်ပါ ရောက်နေလောက်ပြီ။

သန့်ရှင်းရှေ့ထဲမှာ နှစ်ယောက်စလုံးအတွက် ပြောစရာစကား များများစားစား မရှိလှပါ။ မကြာခင်မှာ သူမ နိုင်ငံခြားသို့သွားမည့်အကြောင်းနှင့် တစ်ခေါက်ပြန်လာဖို့ဆိုတာ ဘယ်လောက်ကြာမည်ကို မသိသေးကြောင်း အသိပေးချင်ရုံဖြစ်သည်။

နှလုံးသားရှိ၍ အချစ်ဆိုတာကို သူမ ခံစားလာပြီဖြစ်သော်လည်း ဒီအချိန်မှာ မဆုံးဖြတ်ချင်သေးချေ။ ဘဝတစ်ခုထဲမှာ လွတ်လပ်စွာ ရှုံ့သန်းကြည့်ချင်ပါသေးသည်။ ထိုသို့ဆုံးဖြတ်ထားခြင်းသည် အမှန်ဆုံးမှာ သန့်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ်လည်း ယုံသည်။

ချိန်းထားသည့်ဆိုင်ထဲ ဝင်သွားတော့ မြတ်ထူးနိုင်ကိုပဲ တွေ့လိုက်ရ၏။ သန့်ရှင်းက ဝင်ထိုင်လိုက်ရင်း နာရီကြည့်ကာ ...

"စောသေးလို့ထင်တယ်၊ ဟိုတစ်ယောက် မလာသေးဘူးလား"

မြတ်ထူးနိုင်က ...

"ဘယ်ကလာ ... တည်မြဲက ငါ့ထက်တောင် စောပြီးရောက်နေသေးတယ်"

"ဟင် ... ဒါဆို ဘယ်သွားလို့လဲ"

"ငါရောက်တော့ ထိုင်စကားပြောနေကြသေးတယ်၊ ကျန်ခဲ့တဲ့ ဆယ်မိနစ်လောက်ကမှ သူ့ဆီ ဖုန်းဝင်လာတယ်ဟ၊ သူ့အိမ်က လှမ်းခေါ်တာတဲ့၊ ဒါပေမဲ့ ခဏတော့ စောင့်နေပေးပါတဲ့၊ သူ ချက်ချင်းပြန်လာခဲ့မယ်လို့ ပြောသွားတာပဲ"

"ဩော်"

ဒါဆိုလည်း စောင့်လိုက်ပါဦးမယ်လေဟု သန့်ရှင်း တွေးလိုက်သည်။ ထို့နောက် မြတ်ထူးနိုင်ကိုကြည့်ကာ ပြောလိုက်၏။

"ဒါနဲ့ ... နင်တို့နှစ်ယောက် ထပ်စကားများကြပါဘူးနော်"

ခေါင်းခါရင်း မြတ်ထူးနိုင်က ...

"မများတော့ပါဘူးဟာ၊ သူငယ်ချင်းတွေချောင် ဖြစ်သွားပါပြီ ရန်ဖြစ်နေလို့ ပြီးမယ့်ကိစ္စမှ မဟုတ်ဘဲ"

"ဟွန်း ... နင်တို့ကလည်း အမျိုးမျိုးပဲ"

ထိုသို့ပြောလိုက်ပေမယ့်လည်း ခုလိုဖြစ်သွားတာတော့ သန့်ရှင်း ကျေနပ်မိသည်။ သူတို့ ဆက်ရန်ဖြစ်နေမည်ဆိုပါက အဓိကတရားခံက ကိုယ် မဟုတ်လား။

ထိုအချိန်မှာ မြတ်ထူးနိုင်ဖုန်းက မြည်လာသည်။ နံပါတ်ကြည့်ကာ





တည်မြဲဆီကဟု ခပ်တိုးတိုးပြောရင်း ဖုန်းနားထောင်လိုက်၏။

"အေး ... တည်မြဲ ပြော ... သန့်ရှင်း ရောက်နေပြီ"

"... ... ... ..."

"ဘယ်လို ... မိနစ်နှစ်ဆယ်လောက် ကြာဦးမယ် ... ဟုတ်လား"

ပြောရင်း သန့်ရှင်းကို မေးဆတ်ပြလိုက်သည်။ ဘယ်လိုသဘောရလဲပေါ့။ သန့်ရှင်းက ခေါင်းပဲ အသာခါပြလိုက်သည်။

မြတ်ထူးနိုင်က စိတ်ညစ်သွားဟန်ဖြင့် ...

"ဟာကွာ ... မင်းကလည်း တည်မြဲရာ ... အဲ ... ဒီလိုလုပ် ... မင်းက ခုမှ ကိုးမိုင်က ထွက်လာမှာဆိုတော့ အချိန်မပုပ်အောင် ငါတို့လည်း ဒီက ထွက်လာခဲ့လိုက်မယ်၊ ပြီးတော့ လှည်းတန်းက YKKO မှာ ဆုံမယ်၊ အေး ... သန့်ရှင်းရော၊ မင်းရော အိမ်နဲ့ နီးတာပေါ့"

တည်မြဲက ဘာပြန်ပြောသည်မသိ။ မြတ်ထူးနိုင်က ဖုန်းလှမ်းပေးကာ ...

"ရော့ ... ပြောလိုက်ဦး"

ကြောင်အမ်းအမ်းနှင့် လှမ်းယူပြီးမှ ဘာပြောရမှန်းမသိသဖြင့် ...

"တည်မြဲလား ... ကျွန်မတို့ ထွက်လာပြီနော် ... ဒါပဲ"

အမြန်ပြောရင်း ဖုန်းပြန်ပေးလိုက်သည်။

ပြီး နှစ်ယောက်သား ကားနှင့်ထွက်လာခဲ့ကြ၏။ ပြည်လမ်းအတိုင်း မောင်းလာရင်း ရွှေတိဂုံဘုရားကို လှမ်းမြင်ရသည့်နေရာသို့ရောက်တော့ မြတ်ထူးနိုင်က ကားကို ဘေးကပ်၍ ရပ်လိုက်သည်။

သန့်ရှင်းက မျက်ခုံးအတွန့်ချိုးကာ ...

"ဟဲ့ ... ဘာဖြစ်လို့လဲ"

"ဩော် ... ဒီကနေ ဘုရားဖူးချင်လို့ပါ၊ ပြီးတော့ နင့်ကို လက်ဆောင်ပေးမှာ တည်မြဲရှေ့မှာ မပေးချင်လို့လေ၊ တော်ကြာ ငါက သူ့ရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



တမင်လုပ်ပြတာယ် ထင်နေမှာစိုးလို့''

''အေး ... အဲဒါလည်း ကောင်းပါတယ်''

''ဒါဆိုလည်း မျက်စိမှိတ်ထား''

''အာ ... နင် ဟန်းဆက်ပေးမှာကို ငါသိနေတာပဲဥစ္စာ''

မြတ်ထူးနိုင်က ခေါင်းခါရင်း ...

''ဟန်းဆက်အပြင် နင် လုံးဝအံ့ဩသွားမယ့် အရာတစ်ခု ပါသေးတယ်''

ပိုပြန်ပြီဟုတွေးကာ မျက်စောင်းထိုးရင်း ...

''ပြီးရော ပြီးရော ... ကဲ ... မှိတ်ပြီ''

သန့်ရှင်း၏မျက်နှာလေးကိုကြည့်ကာ မြတ်ထူးနိုင် ပင့်သက်ရှိုက်လိုက်သည်။ သန့်ရှင်း၏လက်ထဲသို့ ဟန်းဆက်ထည့်ပေးပြီးသည်နှင့် တစ်ပြိုင်နက်တည်း ပဝါတစ်ခုဖြင့် မျက်လုံးမှိတ်ထားသော မျက်နှာပေါ်သို့ တင်းကျပ်စွာ ဖုံးအုပ်လိုက်လေသည်။

သန့်ရှင်းက အတင်းလူးလွန့်လိုက်ရင်း ...

''မြတ်ထူးနိုင် ... နင် ... ဘာ ... ဘာလုပ် ...''

ရှုရှုလွန်းသော ရန့်ကြောင့် ခေါင်းထဲရီဝေမူးမိုက်လာကာ စကားသံတို့က ပြတ်တောက်သွားပြီး သန့်ရှင်းမျက်စိထဲ မှောင်အတိကျသွားတော့၏။

I Phone ဟန်းဆက်ကလေးသည်လည်း သန့်ရှင်းလက်ထဲမှ လျှောကျကာ ...

ကံကြမ္မာတစ်ခုက တံခါးခေါက်လိုက်သံကဲ့သို့ ...။

❦ ❦ ❦



# ဒေါက်!

www.burmeseclassic.com

www.burmeseclassic.com

**[ ၁၃-ခ ]**

သင်တန်းအနီးရှိ ချိန်းထားသော လက်ဖက်ရည်ဆိုင်သို့ တည်မြဲ ရောက်သောအချိန်၌ သင်တန်းဆင်းခါစပဲ ရှိသေးသည်။ ထွက်လာသော လူတွေပင် တစ်ယောက်စ, နှစ်ယောက်စ။

တည်မြဲလည်း လက်ဖက်ရည်ဆိုင်ထဲမှာပဲ ထိုင်ကာ မျှော်နေလိုက် သည်။ သန့်ရှင်းက မြတ်ထူးနိုင်ကိုပါ ချိန်းထားသည်ဟုဆိုသဖြင့် ဆိုင်ထဲ ဝေ့ကြည့်မိသေးသည်။ မတွေ့။

စောင့်နေရင်း ဆယ့်ငါးမိနစ်လောက်ပင် ကြာလာပြီ။ သန့်ရှင်းက ခုထိ ထွက်မလာသေး။ တဖြည်းဖြည်း တဖြည်းဖြည်းနှင့် ဆင်းလာသော လူတွေပင် ကုန်လုပြီ။ တည်မြဲစိတ်ထဲမှာ မရိုးမရွအဆင့်မှ မသိုးမသန့်ပင် ဖြစ်လာရ၏။





ဘယ်လိုဖြစ်တာလဲ။ သန့်ရှင်း သင်တန်းကိုမလာဘဲ သူ့ကို ရှောင် နေတာလား။ ခု ဒီဆိုင်ထဲမှာ မြတ်ထူးနိုင်လည်း ရှိမနေသည်မို့ ဖြစ်နိုင်လောက် သည်ဟု ခံစားမိသည်။

ထိုအတွေးက တည်မြဲ၏ရင်ကို တစ်စထက်တစ်စ ပူလောင်လာစေ သည်။ သင်တန်းဘက်ဆီ မျှော်ကြည့်လိုက်တော့ ထွက်လာသောလူတွေပင် မရှိတော့။ သင်တန်းခြံဝင်းတံခါးလည်း ပိတ်သွားပြီ။ ဒါဆိုလျှင် သင်တန်း ထဲမှာ သန့်ရှင်းမရှိတော့တာ သေချာနေပြီ။

တည်မြဲ ထရပ်လိုက်၏။ ပြီး ဘာလုပ်ရမှန်းမသိဘဲ ပြန်ထိုင်မိပြန် သည်။ ထိုင်မရ၊ ထမရနှင့် ဂနာမငြိမ်ဖြစ်နေသော သူ့ကို စားပွဲထိုးလေးက ဘယ်လိုမြင်သွားသည် မသိ။ အနားသို့လျှောက်လာပြီး . . .

''တစ်ယောက်ယောက်ကို စောင့်နေတာလား အစ်ကို''

တည်မြဲက ခေါင်းကုတ်လိုက်ရင်း . . .

''အေးကွာ . . . ဒါနဲ့ ညီလေး မနေ့က ဒီခုံမှာ အစ်ကိုနဲ့အတူထိုင် တဲ့ အစ်မကို မှတ်မိလား''

စားပွဲထိုးလေးက တစ်ချက်စဉ်းစားလိုက်ကာ . . .

''ဟာ . . . မှတ်မိပြီဗျ။ အစ်ကို မလာခင်လေးမှာပဲ တခြားလူတစ် ယောက်နဲ့ ထိုင်သွားတယ်''

''ဟေ''

မြတ်ထူးနိုင်နှင့် ဖြစ်မည်။ တည်မြဲက တစ်ခုခုများ ထပ်သိရမလား ဟူသော အတွေးနှင့် . . .

''ညီလေး . . . ဟိုလေ သူတို့ ဘာတွေပြောတယ်ဆိုတာ တစ်စွန်း တစ်စများ ကြားမိသေးလား''

''ပြောတော့ ပြောနေကြတာပဲဗျ။ အဲ . . . ကျွန်တော် သူတို့အနား မှာ ရှိတုန်းကတော့ တည်မြဲဆိုတဲ့ လူတစ်ယောက်နဲ့ ဖုန်းဆက်ပြီး သည်းတန်း



www.burmeseclassic.com

www.burmeseclassic.com



က YKKO ဆိုတဲ့ဆိုင်မှာ ချိန်းနေတာ ကြားတာပဲ''

စိတ်ထဲမှာ ဝုန်းခနဲ မီးတောင်တစ်လုံး ပေါက်ကွဲသွားသလိုပင်။

စိုးရွံ့ဖြာဝေစွာဖြင့် . . .

''ဟော . . . တကယ်လားကွ၊ တည်မြဲဆိုတာရော သေချာလား''

စားပွဲထိုးလေးက ခေါင်းညိတ်သည်။

''သေချာပါတယ်၊ ကျွန်တော်တောင် တည်မြဲဆိုတဲ့နာမည်က ထူးခြားတယ်ဆိုပြီး မှတ်မိနေတာ''

သွားပြီ။ တည်မြဲ ဒီခေါင်းကလေးနှင့်ပင် ခေါင်းကြီးသွားရသော တစ်ခုခုမှားနေတာတော့ သေချာပြီ။ မြတ်ထူးနိုင်က သူနှင့်ဖုန်းဆက်ချိန်းပြီး သန့်ရှင်းနှင့်အတူ ထွက်သွားကြသည်တဲ့။

လှည်းတန်းသို့လိုက်ရန် စဉ်းစားပြီးမှ သတိသွားရသည်။ သန့်ရှင်းမှာ ဟန်းဖုန်းရှိသည်ပဲ။ သို့သော် ထိုဖုန်းနံပါတ်ကို မေးမထားမိ။ ပြီးမှ ရိရိနိုင်တော့ သိမှာပဲဟုတွေးကာ ဖေဆန်းဆီ ဖုန်းခေါ်လိုက်သည်။ ဖုန်းက ဝင်သွားပါသည်။

''ဖေဆန်း . . . ရိရိနိုင်ရှိလား''

''အေး . . . ရှိတယ် တည်မြဲ . . . ဘာကိစ္စလဲကွ''

တည်မြဲက အကျိုးအကြောင်း ပြောပြလိုက်သည်။ ရိရိနိုင်က စိတ်ပူသွားပြီး သန့်ရှင်းဖုန်းနံပါတ်ကို ရွတ်ပြကာ . . .

''တည်မြဲ . . . နင် သန့်ရှင်းဆီ ဆက်ကြည့်လိုက်၊ ငါလည်း သူ့အိမ်ဖုန်းကို ဆက်ထားလိုက်မယ်''

''အေး အေး . . . ပြီးရင် နင်တို့ဆီ ငါ ပြန်ဆက်လိုက်မယ်''

ဖုန်းချပြီး သန့်ရှင်းဖုန်းဆီ ခေါ်ကြည့်လိုက်သည်။ ရေိယာပြင်ပမှာ မဟုတ်။ စက်လုံးလုံးပိတ်ထားသည်။ ထပ်ကာ ထပ်ကာ ခေါ်ကြည့်သော်လည်းမရ။ သို့နှင့် ရိရိနိုင်ဆီ ပြန်ခေါ်လိုက်သည်။





ဖြစ်ချင်တော့ ဖုန်းက ချက်ချင်းမဝင်ချေ။ အတော်ကြာအောင် စိတ်ရှည်လက်ရှည်ခေါ်မှ ရသည်။

ရိရိနိုင်က . . .

''တည်မြဲ . . . သန့်ရှင်းဖုန်း ခေါ်လို့ရလား''

''မရဘူး . . . စက်ပိတ်ထားတယ်ဟ''

''ဒုက္ခပါပဲဟယ်၊ သူ့အိမ်ကလည်း အိမ်ပြန်နောက်ကျလို့ စိတ်ပူနေကြပြီ''

''ကျွက် (စ်)ကွာ . . . ဒါနဲ့ နင် မြတ်ထူးနိုင်နဲ့ ပါသွားတယ်ဆိုတာ ပြောလိုက်သေးလား''

''မပြောဘူး . . . ရှုပ်ကုန်မှာစိုးလို့''

''အေး . . . ကောင်းတယ်၊ လုံးဝမပြောနဲ့နော်၊ ငါ တွေ့လိုတွေ့ငြား လှည်းတန်းလိုက်သွားကြည့်မယ်၊ နင် အဲဒီကနေ ကျန်တဲ့ သန့်ရှင်း . . . အဲ . . . နင်တို့သူငယ်ချင်းတွေဆီ ဖုန်းဆက်မေးထားလိုက်''

''အေး . . . အေး''

ကားငှားပြီး လှည်းတန်းသို့ ပြေးရတော့သည်။ ရောက်တော့လည်း အချည်းနှီး။ တက်(စ်)စီနှင့် အနီးအနား ပတ်ရှာတာပင် မြတ်ထူးနိုင်၏ကားကို အစအနပင် မတွေ့ရပါ။ စိတ်ထဲမှာ အတော်ပူလောင်နေမိပြီ။

ဟိုကောင်များ သန့်ရှင်းကို လှည့်စားပြီး ခေါ်သွားရင်တော့ . . .။

ဘုရား ဘုရား . . .။ တွေးပင် မတွေးဝံ့တော့ချေ။

ထို့နောက် ရိရိနိုင်ဆီကို ပြန်ခေါ်ကြည့်သည်။ ဘယ်သူငယ်ချင်းဆီကိုမှ ရောက်မနေပါတဲ့လေ။ လမ်းက ဆုံးနေပြီ။

သို့သော်လည်း တည်မြဲ အားတင်းလိုက်၏။ ဘယ်လိုပဲဖြစ်ဖြစ် သန့်ရှင်းကို ရအောင်ရှာမည်ဟု ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ရှိရှိနိုင် ... ဖေဆန်းကို ခုပဲ ငါ့အိမ်ကို ချက်ချင်း လာခဲ့ပါလို့ ပြောလိုက်"

"အေး အေး ... လွှတ်လိုက်မယ်၊ တွေ့အောင်ရှာပါ တည်မြဲရယ် ငါလည်း စိတ်ပူလို့ သေတော့မယ်"

"အေးပါဟာ ... သန့်ရှင်းသာ ဟိုကောင်နဲ့ ခိုးရာလိုက်ပြေးတာ မဟုတ်ဘူးဆိုရင် ငါ မရ,ရအောင် လိုက်ရှာမယ်"

"မဦးမချွတ်ဟယ်၊ တည်မြဲ ... နင့်ကို ငါပြောမယ် ... သန့်ရှင်းနဲ့ ငါ ဒီမနက်ကပဲ ဖုန်းပြောဖြစ်သေးတယ်၊ သူက ငါ့ကို နင်ပရိုပို့(စ်) လုပ်တာကို ပြောတာဟ"

"ဟင်"

"ဟုတ်တယ် တည်မြဲ၊ သန့်ရှင်းဟာ ဘာပြောတယ်မှတ်လဲ ... သူ နင့်ကို ဘာအဖြေ, ဘာမျှော်လင့်ချက်မှ ပေးမထားခဲ့ဘဲ နိုင်ငံခြားကို ထွက်သွားရင် နင်က သူ့ကို ပြန်လာတဲ့အထိ စောင့်နေပါ့မလား မသိဘူးနော် တဲ့၊ အဲဒါ နင့်အပေါ်ထားတဲ့ သူ့ရဲ့စိတ်ပဲ"

"အို"

"အဲဒါပဲဟာ၊ သန့်ရှင်း ဘယ်နည်းနဲ့မှ မြတ်ထူးနိုင်နဲ့ ခိုးရာလိုက် မပြေးဘူးဆိုတာ ယုံ"

"အေးပါဟာ ... ငါ သန့်ရှင်းကို မတွေ့တွေ့အောင် ရှာပါ့မယ်လို့ ကတိပေးပါတယ်"

"ငါလည်း တွေ့ပါစေလို့ ဆုတောင်းပါတယ်"

ဖုန်းပိတ်ပြီး အိမ်သို့ပြန်လိုက်သည်။ အိမ်ပြန်ရောက်သည်အထိ ဖေဆန်းက ရောက်မလာသေး။

သန့်ရှင်း သူ့အပေါ်ထားသည့်စိတ်ကို သိလိုက်ရ၍ ရင်ထဲမှာ ကြည်နူးမှုတွေက တစ်ဝက်၊ လောလောဆယ် သန့်ရှင်းအတွက် ပူပင်နေရသည့်





စိတ်တွေက တစ်ဝက် ရောပြွမ်းနေကြသည်။

ခဏနေတော့ ဖေဆန်း ရောက်လာပါသည်။ ဖေဆန်းကို ခဏဟု ပြောကာ ဖေဖေ့ဆီမှာ ကားသုံးဖို့ ခွင့်တောင်းလိုက်၏။

ဖေဖေက စူးစမ်းသလိုကြည့်ကာ ပြန်မေးသည်။

"ဘယ်သွားမလို့လဲကွ ... မိုးပဲ ချုပ်နေပြီ"

ထိုသို့သိရလေ ပူပင်လေဖြစ်သည်။ တည်မြဲက ကားမရလျှင် မဖြစ်သည်မို့ ...

"အရမ်းအရေးကြီးလို့ပါ ဖေဖေ၊ ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စအတွက် ဖေဖေ့ကားကို တစ်ခါမှ ယူမသုံးဖူးပါဘူး။ ဒီတစ်ခါတော့ သုံးပါရစေ"

ဖေဖေက မျက်ခုံးတစ်ချက် ပင့်လိုက်ပြီးမှ ...

"အေး ... ယူသွား၊ ညဘက်ဆိုတော့ သတိထားမောင်းနော်"

"ဟုတ်ကဲ့ ဖေဖေ"

နှစ်ယောက်သား ကားနှင့်ထွက်လာခဲ့ကြသည်။ လမ်းမပေါ်ရောက်သည်အထိ ဘယ်ကစရှာရမှန်း မသိသေး။

ဖေဆန်းက ...

"ဘယ်ကို အရင်သွားမှာလဲ တည်မြဲ"

"ငါလည်း စဉ်းစားနေတာပဲကွာ ... ခု ဘယ်နှနာရီထိုးပြီလဲ"

"ရှစ်နာရီခွဲ"

စိတ်ထဲ ဒိန်းခနဲဖြစ်သွားရသည်။ တွေ့မှတွေ့ပါတော့မလား။

"ဖေဆန်း ... မင်းမိန်းမကိုရော အဆက်အသွယ်ရရင် ငါ့ဆီ ဆက်ဖို့ မှာထားလား"

"မှာစရာကိုမလိုဘူး ဟေ့ကောင် ... သူ မင်းဆီပဲ အရင်ဆက်မှာ"

ထိုစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမြည်လာ၍ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ နံပါတ်ကြည့်လိုက်တော့ ကြိုးဖုန်းတစ်လုံး၏နံပါတ်။

''ဟဲလို''

တည်မြဲ ပြောလိုက်လျှင်ပဲ တစ်ဖက်က ...

''တည်မြဲ ... ငါပါကွ ... ပေါ်လွင်''

''အေး ... ပေါ်လွင် ပြော ... ငါတော့ ဒီမှာ တိုင်ပတ်နေပြီကွာ''

''ဘာလဲ ... သန့်ရှင်းပျောက်နေလို့ မဟုတ်လား''

''ဘာ ... ဘယ်လို ... မင်း ဘယ်လိုသိတာလဲ၊ ခု မင်း ဘယ်မှာလဲ''

တည်မြဲ ကသောကမျော မေးလိုက်မိသည်။ ပေါ်လွင်က ...

''ငါလား ... အိမ်နားကပဲ ဆက်နေတာ''

ပေါ်လွင့်အိမ်က မင်္ဂလာဒုံမှာ ဖြစ်သည်။ ဒါဆို သန့်ရှင်းပျောက်နေတာ ဘယ်လိုသိရသနည်း။

တည်မြဲက ကားကို လမ်းဘေးမှာ ခဏရပ်လိုက်ပြီး စိတ်လှုပ်ရှားစွာဖြင့် ကမူးရှူးထိုး ပြန်မေးလိုက်သည်။

''ပေါ်လွင် ... မင်း ဘယ်လိုသိတာလဲ ... ပြောကွာ၊ ငါ ရင်တွေပူနေပြီ''

''စိတ်ကို ခဏလောက် လျှော့ထားပါဦးကွာ၊ ငါ ခြောက်နာရီမထိုးခင်လောက်က ခြံရှေ့က ခုံမှာ ထိုင်နေတုန်း သန့်ရှင်းကို မြတ်ထူးနိုင်ကားပေါ် ပါသွားတာ တွေ့လိုက်တာကွ''

''မင်းကွာ ... ဒါများ ငါ့ဆီ ဖုန်းချက်ချင်းမဆက်ဘူး''

တည်မြဲက အပြစ်တင်လိုက်သည်။

''ဟာ ... တစ်ညနေလုံး ဆက်နေတာကွ၊ မင်းဖုန်းရော, ဖေဆန်းဖုန်းရော မအားလိုက်, ပြင်ပရောက်လိုက် ဖြစ်နေတာ၊ ငါ့စိတ်ထဲမှာလည်း





မသင်္ကာတာနဲ့ ခု ဆက်လို့မရရင် မင်းဆီ လာတော့မလို့ ... ကားဂိတ်နားက ဆက်နေတာ''

တည်မြဲ တစ်ချက်စဉ်းစားလိုက်၏။ အချိန်ကိုလည်း တွက်ကြည့်လိုက်သည်။ ဒီကောင် အဝေးကြီးတော့ ရောက်ဦးမည်မဟုတ်။ ဘယ်ထိပဲ ရောက်ရောက် လိုက်မည်ဟု ဆုံးဖြတ်လိုက်ကာ ...

''ပေါ်လွင် ... မင်းအိမ်ကပဲ မင်း စောင့်လိုက်တော့၊ ငါတို့ ခု ထွက်လာပြီ''

''အေး ... အေး''

ထို့နောက်မှာတော့ တည်မြဲသည် အန္တရာယ်မဖြစ်အောင်ထိန်းရင်း အမြန်ဆုံးမောင်းနေမိပါတော့သည်။

သူ မီပါ့မလား။

ကံကြမ္မာက မျက်နှာသာပေးဦးမှာလားဆိုတာကတော့ ...။



www.burmeseclassic.com

www.burmeseclassic.com

# [ ၁၄ ]

"ကားအရှိန်ကို လျှော့ဦး တည်မြဲ … အန္တရာယ်လည်း များတယ် ပြီးတော့ ငါတို့ ဟိုဘက်၊ ဒီဘက် ကြည့်ရတာ မြန်တော့ အဆင်မပြေဘူး"

တည်မြဲ ကားအရှိန် လျှော့လိုက်သည်။ ဖေဆန်းနှင့်ပေါ်လွင်တို့ ကားပြတင်းတစ်ဖက်တစ်ချက်ဆီမှ အပြင်သို့ လိုက်ကြည့်နေသည်။ လမ်းဘေးမှာ ရပ်ထားသော မြတ်ထူးနိုင်ကားကိုများ တွေ့လေမလားဟု ကြည့်နေကြခြင်း ဖြစ်၏။

သူတို့သည် ထောက်ကြံ့မြို့ရှိ တည်းခိုခန်းတွေနှင့် တစ်မြို့လုံးအနှံ့ ရှာလာခဲ့ကြပြီးပြီ။ မတွေ့သလို သတင်းအစအနပင် မရခဲ့ပါ။

ခုလည်း ထောက်ကြံ့ကျော်ကာ လှည်းကူးမြို့သို့ပင် ဝင်လာခဲ့ပြီ။ တည်မြဲမျက်နှာလည်း အကြီးအကျယ် ပျက်ယွင်းနေပြီဖြစ်၏။ တင်း





ထားသော စိတ်တွေလည်း အရည်ပျော်ချင်နေပြီ။

သို့သော်လည်း ကြွင်းကျန်နေသေးသော မျှော်လင့်ချက်ကလေးဖြင့် အားပြန်တင်းလိုက်၏။

သန့်ရှင်းရေ … ဘယ်ရောက်နေပြီလဲကွာ။

ရင်ထဲက မှတ်သိပ်မြည်တမ်းတနေမိသည်မှာလည်း အခါခါ။

လှည်းကူးမြို့ထဲတစ်လျှောက် လမ်းမကြီးအတိုင်း မောင်းဝင်လာခဲ့သည်။ ထိုစဉ် …

"ဟာ … တည်မြဲ … ရပ် ရပ်"

ကားလေးက တုံ့ခနဲရပ်သွား၏။ ဖေဆန်းက လမ်းတစ်ဖက်ခြမ်းကို ညွှန်ပြရင်း ဝမ်းသာသံဖြင့် …

"ဟိုမှာ ဟိုမှာ … မြတ်ထူးနိုင်ရဲ့ကား"

ရင်ထဲမှာ ဒိန်းခနဲ မြည်ဟည်းသွားရသည်။ ကြည့်လိုက်တော့ မမှားပါ။ စားသောက်ဆိုင်ရှေ့မှာ ရပ်ထားသည့် မြတ်ထူးနိုင်၏ကားကို တွေ့လိုက်ရခြင်းဖြစ်သည်။

ကားတွေ့လျှင်တော့ လူလည်းတွေ့ပြီပေါ့။ သို့သော် စဉ်းစားရသေးသည်။ ဆိုင်ထဲမှာ မြတ်ထူးနိုင်နှင့်သန့်ရှင်းတို့ ကြည်နူးစွာ စားသောက်ကြလျှင်တော့ သွားပြီ။

သို့သော် ဖြစ်တော့မဖြစ်နိုင်သေး။ သန့်ရှင်းသည် နိုင်ငံခြားသို့ပင် သွားရန် စိတ်ဦးထားသူ။ ဒီလောက်မိုက်မည် မဟုတ်ချေ။

တည်မြဲက …

"မင်းတို့ပဲ သွားကြည့်လိုက်ကွာ၊ ငါ့အထင်တော့ ဆိုင်ထဲမှာ ဒီကောင် တစ်ကောင်တည်းလို့ပဲ ထင်တယ်"

နှစ်ယောက်စလုံး သူ့ကို တစ်ချက်ကြည့်ကာ ဆင်းသွားကြသည်။ တည်မြဲ ရင်တထိတ်ထိတ်ဖြင့် စိတ်လှုပ်ရှားစွာ ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ ပြန်ရောက်လာကြပြီး ...

"မင်းပြောတာ မှန်တယ် တည်မြဲ၊ ဒီကောင် တစ်ကောင်တည်းပဲ ဘီယာသောက်နေတာ"

"ဒီကောင် သန့်ရှင်းကို တစ်နေရာရာမှာ ထားခဲ့တာပဲဖြစ်မယ်၊ သန့်ရှင်းကို မူးယစ်နိုင်တဲ့ဆေးတစ်ခုခုသုံးပြီး ခေါ်လာတာလား မသိဘူး"

တည်မြဲ၏စကားကို ဖေဆန်းက ခေါင်းညိတ်ထောက်ခံလိုက်ရင်း

"ဖြစ်နိုင်တယ်ကွ၊ ဒါဆို ငါတို့ ဒီကပဲ စောင့်ကြည့်ပြီး ဒီကောင့်နောက်က လိုက်ဖို့ပဲ ရှိတော့တာပေါ့"

ခေါင်းပြန်ညိတ်ပြရင်းက တည်မြဲရင်ထဲမှာ အားအင်တွေ ပြန်ပြည့်လာရသည်။ ခုတော့ ကြိုးစားရကျိုးနပ်ပြီ။

စောင့်ကြည့်နေရင် ကိုးနာရီခွဲကျော်ကျော်လောက်မှာ မြတ်ထူးနိုင်ကားက ရပ်ထားသည့်အတိုင်း တည့်တည့်မောင်းထွက်သွားသည်။ တည်မြဲတို့လည်း ကားကွေ့ပြီး နောက်က အသာလိုက်ခဲ့ကြ၏။

အတန်ကြာတော့ လမ်းမတန်းပေါ်မှာရှိသော တည်းခိုခန်းတစ်ခုရှေ့မှာ မြတ်ထူးနိုင်ကားက ရပ်သွားသည်။ တည်းခိုခန်းဝင်းထဲ ကားသွင်းရန် ဟွန်းတီးလိုက်သေးသည်။

တည်မြဲ အံတစ်ချက်ကြိတ်လိုက်ကာ မြတ်ထူးနိုင်ကားဘေးသို့ တစ်ရှိန်ထိုးမောင်းလိုက်၏။

"ဟာ တည်မြဲ ... ဖြည်းဖြည်း"

ကားပေါ်ကဆင်းလာသော မြတ်ထူးနိုင်က သိပုံမပေါ်သေး။ ဘီယာမူးနေသော အာလေးသံကြီးနှင့်ပင် သူ့ဘေးမှာ ရပ်လိုက်သောကားကို ကြည့်ပြီး ...

"ကားကို ဖြည်းဖြည်းမောင်းကြပါကွ၊ ဘာကောင်တွေမှန်းမသိဘူး"

ထိုအချိန်မှာပဲ တည်မြဲက ကားပေါ်မှဆင်းကာ တစ်ရှိန်ထိုး ပြေး





သွားပြီး မြတ်ထူးနိုင်ကို ဒေါသတကြီး ထိုးချလိုက်လေသည်။

'ခွပ်!'

"အ!"

တစ်ချက်အော်ပြီး မြတ်ထူးနိုင် လဲကျသွား၏။ တည်မြဲက လဲကျနေသော မြတ်ထူးနိုင်၏ရင်ဘတ်မှ အင်္ကျီစကို ဆွဲကိုင်ကာ ပေါ်တင်ပဲ မေးလိုက်၏။

"ဟေ့ကောင် ... သန့်ရှင်း ဘယ်မှာလဲ"

"ဟာ ... မင်း ... မင်း"

"အေး ... ငါ တည်မြဲပဲ၊ ပြောလေ ... သန့်ရှင်း ဘယ်မှာလဲလို့"

မြတ်ထူးနိုင်က မဆိုးမခန့် ရယ်လိုက်သေးသည်။

"ဟား ဟား ... မင်းကွာ ငါတို့ နိုးပြေးတာကို လိုက်လာရတယ်လို့၊ သူ့အိမ်ကဆို တစ်မျိုး"

မြတ်ထူးနိုင်စကားက မဆုံးလိုက်။ တည်မြဲ စိတ်ထိန်းမရတော့ဘဲ

"ကဲကွာ"

တစ်ချက်ထပ်ကျွေးလိုက်သဖြင့် မြတ်ထူးနိုင် လည့်ထွက်သွားပြန်သည်။ မူးနေသည်မို့ ပြန်မခုခံနိုင်ချေ။ စိတ်ရှိလက်ရှိလုပ်ရင်တော့ သေဦးမည်။

တည်မြဲက နောက်ဘက်သို့လှည့်ကာ ...

"ဖေဆန်း ... မင်းတို့ ဒီကောင့်ကို ချုပ်ထားလိုက်ဦး၊ ငါ အထဲဝင်လိုက်မယ်"

ဒါမျိုးကျတော့ ဒီကောင်တွေက အားကိုးရသည်။ ချက်ချင်း ပြေးလာပြီး ချုပ်ထားလိုက်ကြ၏။ လူကောင်းနှစ်ယောက်၏အားကို မူးနေသော မြတ်ထူးနိုင် ဘယ်လိုရုန်းကန်နိုင်မည်နည်း။

တည်မြဲက တည်းခိုခန်းကောင်တာသို့သွားကာ ...

"ဒီမှာဗျ ... မြတ်ထူးနိုင်ဆိုတဲ့ကောင် ယူထားတဲ့ အခန်းသော့



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ''

မန်နေဂျာက ကြောင်ကြည့်နေပြီးမှ . . .

''ဟို . . . သူ့မပါဘဲ ပေးလို့မရ . . .''

''ဒီမှာ . . . အဲဒီကောင် ကျုပ်ညီမကို ဖြားယောင်းသွေးဆောင်လာတာဗျ''

''သူပြောတော့ မိန်းမခိုးလာတာဆို၊ ကောင်မလေးက မှတ်ပုံတင်တောင်မပါဘူး''

ပြောရင်း တည်မြဲ တင်းလာတော့သည်။ မန်နေဂျာကို စူးစူးဝါးဝါးကြည့်လိုက်ပြီး . . .

''နေစမ်းပါဦး . . . မိန်းမ,ခိုးလာတယ်ဆိုရအောင် ဒီကိုလာတော့ အဲဒီကောင်မလေးက အကောင်းအတိုင်း လမ်းလျှောက်လာရဲ့လား''

အထင်နှင့် ရမ်းတုတ်လိုက်ခြင်း ဖြစ်သော်လည်း မှန်သွားသည်မို့ မန်နေဂျာက အ,ထစ်အ,ထစ်နှင့် . . .

''သူ . . . သူတို့ လာ . . . လာတော့ ကောင်မလေးက မူးနေတာဗျ သူပြောတော့ ဘီ . . . ဘီယာ မူးလာ''

''အဲဒါ မေ့လာတာဗျ၊ ကဲဗျာ . . . ရှေ့မှာလည်း ဒီကောင့်ကို ဆုံးမထားပြီးပြီ၊ သော့ပေးတော့၊ မဟုတ်ရင် ဖြားယောင်းသွေးဆောင်မှုကို လက်ခံတဲ့ အမှုရယ်, မှတ်ပုံတင်မပါဘဲ လက်ခံတာရယ် . . .''

''တော် . . . တော်ပါဗျာ . . . ဒီမှာ သော့''

ခပ်တင်းတင်းကြည့်ကာ လှမ်းယူရင်း သော့တွဲမှ အခန်းနံပါတ်ကို ကြည့်လိုက်၏။ အောက်ထပ် အခန်း (၁၈) ဖြစ်သည်။

အခန်းတံခါးဖွင့်နေသော တည်မြဲလက်တွေက မသိမသာ တုန်ယင်နေသည်။ ရင်တထိတ်ထိတ်ဖြင့် အခန်းထဲ လှမ်းဝင်လိုက်၏။

''ဟာ''





ခုတင်ပေါ်မှာ ဖြစ်သလိုပုံစံနှင့် အိပ်မောကျနေသေးသော သန့်ရှင်းကို တွေ့လိုက်ရလေသည်။ တည်မြဲရင်ထဲ စူးအက်နာကျင်သွားရ၏။

အနားသို့သွားကာ အသံခပ်အုပ်အုပ်နှင့် ခေါ်လိုက်သည်။

''သန့်ရှင်း . . . သန့်ရှင်း . . . သန့်ရှင်း''

သန့်ရှင်းက တုတ်တုတ်မျှပင် မလှုပ်ချေ။ အနီးသို့ တိုးကြည့်တော့ မျက်နှာနားဆီမှ စိမ်းရွှေရူးရှသောအနံ့ကို ရသည်။

ဒါ . . . ဒါ . . . မေ့ဆေး။ တောက်! . . .။

တည်မြဲ အားစိုက်ကာ သန့်ရှင်း၏ခန္ဓာကိုယ်လေးကို အတင်းလှုပ်နှိုးရတော့၏။

''သန့်ရှင်း . . . သန့်ရှင်း''

''အင် . . . အင်''

သန့်ရှင်း၏မျက်လုံးလေးက ပွင့်ရုံလေး ပွင့်လာသည်။ ပါးစပ်ကလည်း မပီမသ အသံတွေက လုံးထွေးစွာထွက်လာ၏။

''မြတ် . . . မြတ်ထူးနိုင် . . . လူယုတ်မာ၊ နင် . . . နင် . . . ငါ့ . . . ငါ့ကို ဘယ်ကို . . . ခေါ် . . . ခေါ်''

တည်မြဲက သန့်ရှင်းကို ဆွဲထူလိုက်ရင်းက စိတ်ပူစွာ . . .

''သန့်ရှင်း သတိထားလေ၊ ကျွန်တော် . . . တည်မြဲ . . . တည်မြဲပါ''

အားယူပြီး သန့်ရှင်းက ကြည့်ပြန်သည်။ ပြီး မှတ်မိဟန်လေးဖြင့် . .

''တည်မြဲ . . . တည် . . . မြဲ''

''သန့်ရှင်း''

''ကျွန်မ . . . ကျွန်မကို အိမ်ပြန်ပို့ . . . ပို့ပေးပါနော်''

သန့်ရှင်းက အားကိုးတကြီး ပြောနေသေးသည်၊ ရင်ထဲမှာ မျက်ခနဲဖြစ်သွားရ၏။

''ပို့ပေးမှာပေါ့ သန့်ရှင်းရယ်''



www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်း အားယူပြီး ထလိုက်သည်။ ဘယ်လိုမှ မဟန်နိုင်ဘဲ ယိုင်ကျလာသဖြင့် လှမ်းပွေ့လိုက်ရ၏။ ကောင်းကောင်းအမူးမပြေသေးဟုံ မပေါ်ချေ။

တည်မြဲလည်း သန့်ရှင်း၏အိတ်ကိုယူကာ အိတ်ဘေးမှာရှိသော ဖုန်းကိုလည်း အိတ်ထဲထည့်လိုက်၏။ ပြီး . . . အသာတွဲကာ နှစ်ယောက်သား အခန်းထဲမှ ထွက်လာခဲ့ကြသည်။

အပြင်ရောက်တော့ ဖေဆန်းတို့ချုပ်ထားသေးသော မြတ်ထူးနိုင်က မကြည့်ချင်သလို မျက်နှာလွှဲထား၏။

သန့်ရှင်းကတော့ ပတ်ဝန်းကျင်ကို သတိထားမိပုံမရ။ တည်မြဲက သန့်ရှင်းကို ကားနောက်ခန်းထဲသို့ အသေအချာပွေ့တင်ပေးလိုက်ပြီး ပြန်လှည့်လာခဲ့သည်။

မြတ်ထူးနိုင်အနီးသို့ရောက်တော့ . . .

"ဖေဆန်း . . . လွှတ်ပေးလိုက်တော့"

လွှတ်ပေးလိုက်လိုက်ချင်း မြတ်ထူးနိုင် တစ်ချက်ယိုင်သွားသည်။ သူ့ကိုယ်သူ မလဲအောင်တော့ ပြန်ထိန်းနိုင်လိုက်၏။

တည်မြဲက ပြတ်ပြတ်သားသား ပြောလိုက်၏။

"မြတ်ထူးနိုင် . . . မင်း သန့်ရှင်းနဲ့ နှစ်ဦးသဘောတူ ခိုးပြေးလာတယ်ဆိုရင် မင်း ငါ့ကားနောက်က လိုက်ခဲ့"

"ဘာ . . . ဘာလို့လိုက်ရမှာလဲ"

တစ်ချက် လှောင်ရယ် ရယ်လိုက်ရင်း တည်မြဲက . . .

"အေး . . . မင်း ဘယ်လိုက်ရဲမှာလဲကွ၊ ငါကတော့ သန့်ရှင်းတို့ သူ့အိမ် ပြန်ပို့ပေးရုံပါ၊ ကျန်တာတော့ မင်းဟာမင်း ရှင်းပေါ့"

"ဟော့ကောင် . . . ငါ . . . ငါ သူ့ကို ဘာမှမလုပ်ရသေးဘူးနော် . . . ဒါ အမှန်တရားပဲ"





ခုမှ အကြောက်အကန်ငြင်းနေသော မြတ်ထူးနိုင်ကို တည်မြဲ တောက်တောက်ခါးခါး ကြည့်လိုက်သည်။ ပြီး . . .

"အေး . . . ဒါကတော့ ယုတ်မာဖို့ကြိုးစားတဲ့ မင်းရဲ့လုပ်ရပ်အတွက် . . . ရော့ ကွာ"

ခွပ်ခနဲ မြည်သံနှင့်အတူ မြတ်ထူးနိုင် ပစ်ကျသွားသည်။ တံတွေး တစ်ချက်ထွေးပြီး တည်မြဲလှည့်ထွက်လာခဲ့၏။

အပြန်လမ်းမှာတော့ သူ မောင်းမည်ဟုပြောပြီး ဖေဆန်းက မောင်းသူနေရာမှာ ဝင်ထိုင်သည်။ ဖေဆန်းဘေးမှာက ပေါ်လွင်။

နောက်ခန်းထဲမှာတော့ အမူးမပြေသေးသော သန့်ရှင်း၏ကိုယ်လုံးလေးကို တည်မြဲက ဖေးထားရသည်။

ကား၏လှုပ်ယမ်းမှုနှင့်အတူ သန့်ရှင်း ပြန်အိပ်ချင်လာ၍လားမသိ။ ဟန်ပင်မဆောင်နိုင်ဘဲ တည်မြဲပေါင်ပေါ်မှာ ပစ်လှဲချလိုက်တော့၏။

လရောင်သည် လမ်းမပေါ်သို့ ယိုဖိတ်လက်ပနေသည်။ အပြင်မှ တိုးသွဲ့လာသည့် လေစီးကြောင့် ကားထဲမှ သန့်ရှင်း၏ဆံနွယ်စများသည်လည်း လွင့်ဝဲခါလျက်။ တစ်ချက်တစ်ချက် တည်မြဲ၏မျက်နှာသို့ပင် ဖွဖွထိခတ်နေသည်။ လရိပ်အစွန်းကွက်က ကားပြတင်းမှတစ်ဆင့် ရိုက်ထိုးလိုက်၍ နွမ်းနယ်နေသော မျက်နှာနုနုကို ငေးစွင့်မိလိုက်တိုင်း တည်မြဲရင်ထဲမှ အမျိုးအမည်မဖော်ပြတတ်သည့် ခံစားမှုကလည်း နွေးသက်လှုပ်ခတ်စွာ။

အပြင်ဘက်မှ အမှောင်သည် သူ၏သိပ်သည်းဆကို ပို၍ ကျစ်လျစ်လာခဲ့ပြီ။

ကားလေးက အမှောင်ထုထဲ ထိုးခွဲဖြတ်သန်းနေဆဲ . . .။



www.burmeseclassic.com

www.burmeseclassic.com

## [ ၁၅ ]

ပေါ်လွင်က မင်္ဂလာဒုံမှာ ဆင်းကျန်ခဲ့သဖြင့် သူတို့ပဲ ဆက်ထွက်လာခဲ့သည်။ ဒီနေ့ကိစ္စမှာတော့ ပေါ်လွင်ကို အထူးကျေးဇူးတင်ရမည်မှာ အမှန်ပင်။

ရန်ကုန်မြို့ထဲရောက်တော့ ဖေဆန်းက . . .

"ဟေ့ကောင် . . . ဒီပုံစံအတိုင်း သန့်ရှင်းကို သွားပို့လို့ ဖြစ်ပါ့မလား"

ဟုတ်တော့လည်း ဟုတ်သည်။ ဟိုကောင် မေ့ဆေးတွေ ဘယ်လောက် သုံးပစ်လိုက်သည် မသိ။ သန့်ရှင်းက လှုပ်နှိုးလိုက်လျှင် မူးတူးတူးနှင့် ထလာပြီး ချက်ချင်း ပြန်မှိန်းသွားသည်။ ခက်တော့ခက်နေပြီ။

"ဘယ်လိုပဲ ဖြစ်ဖြစ်ကွာ . . . ပြန်ပို့ပြီး အကျိုးအကြောင်းတော့ ပြောရမှာပဲ၊ မနက် သူ အားလုံးသတိရရင် ရှင်းသွားမှာပါ"





"ဒါဆိုလည်း သူ့အိမ်ပဲ မောင်းတော့မယ်နော်"

"အေး"

ပြောရင်း နာရီကြည့်လိုက်မိသည်။ ဆယ့်တစ်နာရီခွဲ။ ဘာပဲဖြစ်ဖြစ် မတတ်နိုင်တော့။ လုပ်သင့်တာကိုပဲ လုပ်ရတော့မည်။

သန့်ရှင်းတို့ရပ်ကွက်ထဲ မောင်းဝင်လာခဲ့သည်။ လမ်းထဲသို့ ချိုးအဝင်မှာပဲ ဓာတ်မီးရောင်တွေ မြင်လိုက်ရပြီး . . .

"ဟော့ . . . ရပ်ကြစမ်း"

အုပ်စုလိုက် ကားနားကပ်လာကြ၏။

"တည်မြဲ"

ဖေဆန်း၏စိုးရွံ့သံကို တည်မြဲက . . .

"ရပ်ပေးလိုက်ကွာ . . . လူဆိုး သူခိုးမှမဟုတ်ဘဲ"

ကားရပ်လိုက်၍ အုပ်စုလိုက် ကားနားရောက်လာကြပြီး . . .

"မင်းတို့ ဘယ်သွားကြမလို့လဲကွ"

လူကြီးတစ်ယောက်၏မေးသံကို ဖေဆန်းက . . .

"ဒီလမ်းထဲက သူငယ်ချင်းတစ်ယောက်ကို လာပို့တာပါ"

ပြောမှပဲ ဓာတ်မီးရောင်တွေက ကားထဲရောက်လာကြပြီး တည်မြဲပေါင်ပေါ်မှာ ပက်လက်ကလေးအိပ်ပျော်နေသော သန့်ရှင်းကို တွေ့လိုက်ရသည်နှင့် . . .

"ဟာ . . . ဒါ ဒါ . . . ဦးစိန်တိုးရဲ့သမီး မဟုတ်လား"

နောက်တစ်ယောက်ကလည်း . . .

"ဟုတ်တယ် ဟုတ်တယ် . . . ဒီတစ်ညနေလုံး သူ့သမီးပျောက်လို့ ဒေါင်းတောက်နေကြတာ"

တစ်ယောက်တစ်ပေါက်တွေ ပြောနေကြသဖြင့် တည်မြဲက . . .

"ဒီမှာခင်ဗျ . . . လာပို့တယ်ဆိုတာ သူ့ကိုပါ"

www.burmeseclassic.com



"ဟော့ . . . မင်းတို့လူငယ်တွေကလည်းကွာ မနက်မှ ဖုန်းဆက်ပြီး လူကြီးတွေနဲ့ ပြန်လာအပ်ရောပေါ့"

"ဟာ . . . အဲဒီလိုမဟုတ်ဘူး ဦးလေး၊ ကျွန်တော်တို့က . . ."

ပျာပျာသလဲ ငြင်းရန် ပြင်လိုက်သော်လည်း ထိုလူကြီးကပဲ ခေါင်းတဆတ်ဆတ်ညိတ်ကာ . . .

"ကဲ ကဲ . . . ငါက ဒီရပ်ကွက်လူကြီးကွ၊ ရောက်နေတော့မှပဲ ဦးစိန်တိုးအိမ်ပဲ မောင်းတော့"

သွားပြီ။ ဘယ်လိုရှင်းရမည်မှန်းပင် မသိတော့။ ထိုရပ်ကွက်လူကြီးက ကားရှေ့ခန်းထဲ ဝင်ထိုင်လိုက်သေးသည်။ ဖေဆန်းက နောက်ခန်းဘက် လှည့်၍ မေးဆတ်ပြသည်ကိုပင် သွားဟု ပြန်လုပ်ပြလိုက်ရ၏။

ကားပေါ်မှာ တည်မြဲ ရှင်းပြရန်ကြိုးစားသော်လည်း ထိုပုဂ္ဂိုလ်ကြီးက မင်းတို့လူငယ်တွေကွာ . . . ဟုဆိုပြီး သူပဲ တော်ကီတွေလွှတ်တော့သည်။ စိတ်ကို လျှော့ထားရ၏။

သန့်ရှင်းတို့အိမ်က လမ်းထိပ်နားတွင်မို့ ခဏလေးနှင့် ရောက်သွားသည်။ ခြံရှေ့ကားရပ်တော့ ထိုလူကြီးကပဲ ဖေဆန်းရှေ့မှ ကားဟွန်းကို သူ့လက်နှင့် လှမ်းတီးလိုက်သေး၏။

ဟွန်းသံတစ်ချက်၊ နှစ်ချက်မှာပဲ တစ်အိမ်လုံး မီးတွေလင်းလာကြသည်။ ခဏနေတော့ ခြံတံခါးဖွင့်သံနှင့်အတူ . . .

"ဦးစိန်တိုး . . . ဒီမှာ ခင်ဗျားသမီးတို့ဗျ၊ ကျုပ် လမ်းထိပ်မှာတွေ့လို့ ခေါ်လာတာ"

ချက်ချင်းပဲ သန့်ရှင်း၏အမေဖြစ်ဟန်တူသည့် အဒေါ်ကြီးက ပြေးလာကာ . . .

"သမီး . . . သမီးလေး . . . အမယ်လေး သမီးရယ်၊ လှပ်ချောက်လိုက်တာ"





ကားတံခါးကို ဆွဲဖွင့်နေစဉ်မှာပဲ သန့်ရှင်းကို အတင်းနိုးရတော့သည်။

"သန့်ရှင်း . . . သန့်ရှင်း . . . အိမ်ပြန်ရောက်နေပြီ"

"အင် . . . ဟုတ် . . . ဟုတ်လား"

"သမီး . . . သမီး"

"မေမေ . . . မေမေ"

ဗလုံးဗထွေး ရေရွတ်ပြီး သန့်ရှင်းက ကားပေါ်က ဆင်းဟန်ပြုသည်။ ယိုင်သွားသဖြင့် တည်မြဲလည်း တွဲကာ ဆင်းလိုက်ရ၏။

ထိုစဉ် . . .

"မလှမြိုင် . . . နင့်သမီးကိုခေါ်ပြီး အိမ်ထဲဝင်သွားတော့"

သွားရန်ပြင်စဉ်မှာပဲ သန့်ရှင်းက ပြန်လှည့်ကာ . . .

"တည် . . . တည်မြဲ . . . မနက်မှ"

"မလှမြိုင်"

ခုနက လူကြီးအသံက ဟိန်းထွက်လာပြန်သည်။ သန့်ရှင်း အဖေ ဦးစိန်တိုးကြီးပဲ။ တည်မြဲက အကျိုးအကြောင်းရှင်းပြရန် ခြေလှမ်းပြင်လိုက်သည်။

"ဟောကောင် . . . အဲဒီမှာ ရပ်နေဦး"

ဒုက္ခတော့ များလေပြီ။ ရှင်းပြရမည့်စကားကို စဉ်းစားလိုက်၏။ ထိုအချိန်မှာပဲ ခုနက ရပ်ကွက်လူကြီးအုပ်စုက ခြံထဲဝင်လာကြလေပြီ။

သူ့ဆီသို့ လျှောက်လာသော ဦးစိန်တိုးကိုကြည့်ကာ တည်မြဲက

"ကျွန်တော် . . . ရှင်း . . . ရှင်းပြ"

စကားမစရသေးခင်မှာပဲ ဦးစိန်တိုးက တည်မြဲ၏ရှေ့တည့်တည့်မှာ ရပ်လိုက်ပြီး ဒေါသသံကြီးဖြင့် . . .

"ဟောကောင် . . . မင်းတို့ ခု ဘယ်ကပြန်လာတာလဲ"

www.burmeseclassic.com



"လှည်း . . . လှည်းကူးကပါ"

"အေး . . . လှည်းကူး ဘယ်အနားကလဲ"

"တည်းခိုခန်းကပါ"

"ဘာကွ"

'ခွပ်!'

ထိုအသံနှင့်အတူ တည်မြဲ ပါးတစ်ခြမ်း ထုပူသွားရသည်။ မပြော မဆိုနှင့် ဦးစိန်တိုး ဆော်ပလော်တီးလိုက်ခြင်းဖြစ်၏။ နားလည်မှုတော့ လွဲလေပြီ။

တည်မြဲက ပါးပွတ်ကာ စကားပြန်စရန် ပြင်လိုက်သည်။

"ဦး . . . သန့်ရှင်းနဲ့ ကျွန်တော်က . . ."

"တော်တော့ . . . ငါမေးတာပဲ ဖြေ"

ပါးစပ်ပိတ်လိုက်ရသည်။

"မင်းနာမည်က"

"တည်မြဲပါ"

"ဘယ်မှာနေတာလဲ"

"ဟိုဘက်ရပ်ကွက်ထဲမှာပါ"

"နေဦး"

ခက်တော့ ခက်ပြီ။ ဦးစိန်တိုးက ရပ်ကွက်လူကြီးထံမှ စာရွက်လွတ်နှင့် ဘောလ်ပင်တို့ကို တောင်းယူလိုက်ပြီး . . .

"ရော့ . . . အဲဒီမှာ မင်းနာမည်, မှတ်ပုံတင်နံပါတ်, အဖေအမေတွေ အားလုံးကွာ၊ နေရပ်လိပ်စာနဲ့ ဖုန်းနံပါတ်ပါရေး"

အူတူတူနှင့် ရေးရပြန်သည်။ ရေးနေစဉ်မှာပဲ ဦးစိန်တိုးက ရပ်ကွက်လူကြီးကို မသက်မသာဟန်ဖြင့် . . .

"ကိုစိန်လင်းရေ . . . ဒီလိုပဲ လုပ်ရတော့မှာပဲ"





ကိုစိန်လင်းဆိုသူကလည်း လက်ထဲမှ ဆေးပေါ့လိပ်ကို မီးခြစ်နှင့် ဟန်ပါပါညှိကာ . . .

"ကလေးတွေဆိုတော့ဗျာ ဘယ်တတ်နိုင်မှာလဲ . . . ကိုယ်လက်မခံရင် ကိုယ့်သမီးပဲ ဒုက္ခရောက်မှာပေါ့"

ထိုအချိန်မှာပဲ တည်မြဲက အားလုံးရေးပြီး၍ ပေးလိုက်လေပြီ။ ဦးစိန်တိုးက စာရွက်ကို အရင်ကြည့်ပြီး တည်မြဲကို ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်သေးသည်။

ပြီးမှ . . .

"ဟေ့ကောင် တည်မြဲ"

"ခင်ဗျာ"

"ငါပြောတာ သေသေချာချာ နားထောင်"

"ဟုတ်ကဲ့"

"မနက်ဖြန် မနက်ဆယ်နာရီတိတိမှာ မင်းမိဘတွေကိုခေါ်ပြီး ဒီကို လာခဲ့ပါ"

"ဟုတ် . . . ဟုတ်ကဲ့"

"ကိုစိန်လင်း . . . ခင်ဗျားတို့လည်း လာခဲ့ကြဦး"

မီးသေနေပြီဖြစ်သော ဆေးပေါ့လိပ်ကို မီးထပ်ညှိရင်း ဦးစိန်လင်းက ဟုတ်ပြီဗျာဟု ဖြေပြန်သည်။

ထိုအခါမှ ဦးစိန်တိုးက . . .

"ဟေ့ကောင် တည်မြဲ"

"ဗျာ . . . ဦး"

"ပြန်တော့လေ . . . ဘာလုပ်နေတာလဲ"

နှင်တော့လည်း ချက်ချင်းကြီးပင်။ ဘယ့်နှာကြီးမှန်း မသိ၊ ရပါသည်။ တည်မြဲလည်း ကားပေါ်တက်ထိုင်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

ကားစက်နှိုးနေစဉ်မှာပဲ ကိုစိန်လင်းက ကားတံခါးနားကပ်ကာ ...

"မောင်ရင့်ကိုတော့ လေးစားတယ်ကွာ ... အဲဒီကောင်မလေးက ဘာမှပြောစရာမရှိဘူးကွ၊ မင်း ကံကောင်းပါတယ်"

စိတ်ညစ်ရသည်၊ သူ့လက်ထဲက ဆေးပေါ့လိပ်ကြီး လုယူသွားလျှင် ကောင်းမည်ဟုပင် စိတ်နာသွားမိသည်။ ဒင်းကြီး အတင်းခေါ်လာလို့ ဖြစ်ရတာ။

ကားထွက်တော့ ဖေဆန်းက မျက်လုံးမျက်ဆန်ပြူးနှင့် ...

"ဟေ့ကောင် ... မင်း သေချာမရှင်းပြဘဲနဲ့ ဘယ်လိုလုပ်တာလဲကွ ... ကျိုင်ပဲ"

တည်မြဲက ဟန်လုပ်ကာ လေပူကြီးကို မချိမဆံ့မှုတ်ထုတ်လိုက် ပြီးမှ ...

"ဒီလောက် လူတွေအများကြီးရှေ့မှာ ငါ အသည်းအသန် ငြင်းခုန် အသတ်တောင်ခံရဦးမယ်၊ ငါတို့ရောက်လာတဲ့အချိန်နဲ့ ပုံစံကိုလည်း ကြည့်ဦး။ အတင်းကြီးရှင်းရင် ငါ အသတ်ခံရမှာထက် မနက်ဖြန် သန့်ရှင်း တံ[illegible] ခွက်မှာ မျောတော့မှာပေါ့ကွ"

ဖေဆန်းကပါ သက်ပြင်းချရင်း ...

"ထားပါတော့ ... မနက်ဖြန် မင်း ဘယ်လိုလုပ်မလဲ"

"သူပြောတဲ့အတိုင်း သွားရတော့မှာပေါ့"

"ဟေ့ကောင် ... မင်း မိန်းမ,ရမယ့် အဆင်ကြီးနော် ... ကြည့်လုပ်ဦး"

တည်မြဲက ပခုံးတွန့်လိုက်ကာ ...

"မနက်ဖြန် ဟိုရောက်မှ သန့်ရှင်းနဲ့ငါ ဝိုင်းရှင်းရတော့မှာပေါ့ ... ဘယ်တတ်နိုင်တော့မှာလဲ"

"လူကြီးတွေက မယုံတာရယ်, သူ့သမီးရဲ့သိက္ခာအတွက်ရယ်ဆိုတော့





မင်း ဘယ်လိုလုပ်မလဲ၊ နောက်ဆုံးအဆင့်နော်"

တည်မြဲ တစ်ချက်ပြုံးလိုက်သည်။ ပြီး ...

"ရှင်းနေတာပဲကွာ၊ ရှင်းလို့မရလည်း အဟဲ ... ချော်လဲရောထိုင် လိုက်ရုံပေါ့"

"ဘာ ... ဘယ်လို"

မေးရင်း ဖေဆန်း မျက်လုံးကြီးပြူးလာပြန်သည်။

တည်မြဲက စိတ်မရှည်တော့ဘဲ ...

"ယူကြမယ်ဆိုရင်လည်း ပျော်ပျော်ကြီး ယူပစ်လိုက်မယ်ဟ၊ ငါ့အတွက် ပိုတောင်ကောင်းသေးတယ်"

"မင်းကွာ ... တကယ့်ချော်လဲရောထိုင်ကောင်ပဲ"

"ချစ်တာကိုးကွ ... ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com

# ကိုသိုဖြင့်

# သန့်ရှင်း

ကျွန်မအဖြစ်ကတော့ တကယ့်ကို ဆုပ်လည်းစူး၊ စားလည်း ရူး ဆိုသလိုပါပဲ၊ ရှင်းပြတာကိုလည်း မိတွေက ဘယ်လိုမှ လက်မခံကြ။ ပြီးတော့ တည်မြဲလိုက်ပို့တာကလည်း ညအချိန်မတော်ကြီး ရပ်ကွက်က လူတွေရှေ့မှာလေ။ တကယ့် မဟာဒုက္ခပါပဲ။

တကယ်ဆို ကျွန်မ အိမ်ထောင်မပြုချင်သေးတာ အမှန်ပါ။ ခုတော့ ကျွန်မ မျှော်လင့်ထားတဲ့ အိပ်မက်တွေလည်း ဝေးပြီလေ။ အဲဒါကို စိတ်အနာ ဆုံးပါပဲ။

အမိကတရားခံကတော့ လူယုတ်မာ မြတ်ထူးနိုင်ပဲ။ အဲဒီကောင့် ကြောင့် ခုလိုတွေ သောကပင်လယ်ဝေရတာ။ တွေ့ရင်တော့ အမှန်ကို ချေ ခ်ပို့ ဆုံးဖြတ်ထားတယ်။

**ခုနစ်စဉ်ကြယ်တာယေ**

www.burmeseclassic.com

www.burmeseclassic.com



နောက် ခု ကျွန်မနဲ့ လက်ထပ်ရမယ့် တည်မြဲကို ကျေးဇူးတင်ချင်ပေမယ့် သူ့ကိုလည်း သိပ်တော့မယုံဘူး။ ပရိသတ်ကြီးပဲ စဉ်းစားကြည့်လေ။ အဲဒီညက ကျွန်မကို အိမ်ပြန်မပို့ဘဲ ပေဆန်းနဲ့ ရီရီခိုင်တို့အိမ် ဘာလို့မခေါ်သွားတာလဲ။ အဲဒီလိုဆို ကျွန်မ ရီရီခိုင်နဲ့ အိပ်ပြီးတော့ မနက်ကျမှ မိဘတွေကို ရှင်းလို့ ရနိုင်တယ်။

ခုတော့ တည်မြဲက ကျွန်မအိမ်ကို သွားပို့ရင် ခုလိုတွေ ဖြစ်လာမှာ မတွေးမိဘူးလား။ သူ အဲဒီလောက် မတုံးပါဘူး။ ပြီးတော့ ... ကျွန်မအဖေကို ပြောတဲ့စကားတွေကြည့်ဦး။ သူပဲ ကျွန်မကို ခိုးပြေးသွားသလိုလို။ ပြီးတော့ ... တည်မြဲက ကျွန်မကို ချစ်နေတာ။ ကျွန်မ နိုင်ငံခြားသွားမှာလည်း သိနေတာပဲ။

ဘယ်လိုပဲဖြစ်ဖြစ် အိမ်ထောင်မပြုချင်သေးတာရယ်၊ နိုင်ငံခြားမသွားရတာရယ်၊ ဒီကောင် မရိုးသားတာရယ်၊ အားလုံးပေါင်းပြီး နောက်ဆုံး ကျွန်မရဲ့ ဒေါသတွေကို ခံဖို့ တရားခံကတော့ တည်မြဲပဲ ဖြစ်လာပါတော့တယ်။

ပရိသတ်ကြီးလည်း ကျွန်မနေရာမှာဆို ဒီလိုပဲ ဖြစ်လာမှာပဲ မဟုတ်လား။

❦ ❦ ❦



# တည်မြဲ

သိပ်တော့လည်း ပြောစရာမရှိပါဘူးဗျို့။ ယောက္ခထီးကြီးက တိုက်ခန်းတစ်ခန်းပေးတယ်။ ကျွန်တော့်မိဘတွေက မင်္ဂလာဆောင်ပေးမယ်လို့ ပြောတာကို ဟိုမဒကလေးက လက်မခံဘူးဗျ။

ရပါတယ်။ ကျွန်တော် သူ့ကို ပိုင်ဆိုင်ရတာနဲ့တင် ပျော်ပါတယ်။ ချစ်တာကိုးဗျ။ နော့။

ဒါပေမဲ့ဗျာ ... တချို့ စွဲချက်တွေနဲ့ ကျွန်တော့်ကို သူ ဘယ်လို ကျေးဇူးဆပ်သလဲဆိုတာကိုတော့ ပရိသတ်ကြီး မျက်ဝါးထင်ထင် မြင်ရတော့မှာပါ။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

## [ ၁၆ ]

တိုက်ခန်းကတော့ တိုက်ပေါ်က အခန်းပါပဲ။ ဒါပေမဲ့ ရောက်ကတည်းက အဆင်မပြေ။ ကိုယ့်သမီးနှင့် သမက်ချောလေးကို လက်ဖွဲ့တာကြည့်ဦး ...။ တိုက်ခန်းက ခုနစ်လွှာမှာ။

ရပါသည်။ ခုနစ်လွှာဆိုလည်း မောမောနှင့်အပေါ်ရောက်လျှင် သန့်ရှင်းရှိသည်ပဲလေ။ ထို့ကြောင့် အမောပြေသည်ဟု မထင်လိုက်ကြပါနှင့်။

တိုက်ခန်းထဲရောက်ရောက်ချင်း တည်မြဲ အသံပြုလိုက်သည်။

"သန့်ရှင်းရေ ... သန့်ရှင်း"

ထိုသို့ခေါ်လိုက်၍ ... ကိုရေ လာပြီ ... ဟု အသံထုတ်ကာ ပြေးလာသော သန့်ရှင်းကိုတွေ့လိုက်ရလျှင် အဲဒါ အိပ်မက်ပဲဖြစ်မည်။

ခုတော့ အပြင်မှာဖြစ်၍ စားပွဲပေါ်မှာတင်ထားသော စာရွက်ကိုပဲ





ယူဖတ်လိုက်ရ၏။

တည်မြဲ ...

နင် ငါ့နာမည်လည်း မခေါ်နဲ့၊ ငါနဲ့လည်း စကား မပြောနဲ့။ နင်ပြောချင်တာရှိရင် စာရေးပြီး စားပွဲပေါ်တင်ထား။ ငါလည်း ဒီအတိုင်းပဲလုပ်မယ်။ ဒီစာဖတ်ပြီးရင် နင် ထပ်လုပ်ပေးရမယ့် နောက်ထပ်တစ်ချက်ကို ပိုက်ဘုတ်မှာ ဖတ်ကြည့်လိုက်ပါ။

သန့်ရှင်း

ချိတ်ထားသော ပိုက်ဘုတ်ကို လှမ်းကြည့်မိသည်။ ရင်ထဲမှာလည်း စစ်ခနဲ နာကျင်သွားမိ၏။

အရင်ကဆိုလျှင် (ဒီတိုက်ပေါ်ရောက်ပြီး ကျန်ခဲ့သည့်သုံးရက်က)

၁။ စကားမပြောရ (အမှန်တကယ် လိုအပ်မှ စာရေးပြောရန်)

၂။ အခန်းထဲသို့ ခြေဦးတောင် မလှည့်ပါနှင့်။ အပြင်မှာ အိပ်ချင်သလို အိပ်ပါ။

ထိုနှစ်ချက်သာ ရှိခဲ့သည်။ ခု တိုးလာသည့်အချက်ကတော့ ရင်ထဲမှာ အနင့်ဆုံးပင်။

၃။ သုံးလအတွင်း ကွာရှင်းပေးရန်။

စာဖတ်အပြီး တည်မြဲ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ဘယ်သူမှ ကိုယ့်အဖြစ်ကို သိမည်မဟုတ်။ ဘာဖြစ်လို့ လက်ထပ်ပြီးမှ သန့်ရှင်း တွေးတွေး ခါးခါးဖြစ်သွားသည်ကို စဉ်းစားမရချေ။

ထိုသို့ စိတ်ညစ်ပြီးထိုင်နေ၍ မဖြစ်သေး။ ဝယ်လာသောပစ္စည်းတွေကို အိတ်ထဲမှ ထုတ်လိုက်သည်။

မင်္ဂလာဆောင်အပြီး ... သူ တိုက်ခန်းမှာရှိနေလျှင် တစ်ရက်လုံးနီးပါး သန့်ရှင်း အခန်းထဲမှ အပြင်မထွက်သည်မို့ အပျင်းပြေဖတ်ရန် ဝယ်လာခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ နောက်ပြီး လှူနှစ်ယောက်ဆောလို့ရသည့် ရိမ့်ဖြင့်သုံးသော ကားကလေးတစ်စီး။ ဒါကတော့ စာပေးစာယူ လျှင်မြန်ချောမွေ့စေရန် ဖြစ်သည်။

ကျန်တာတွေကတော့ သန့်ရှင်းကြိုက်တတ်သည့် အစားအစာတွေပဲ ဖြစ်သည်။

ခုလည်း ပစ္စည်းတွေထုတ်ပြီး ညနေစာ စီစဉ်ရန် တည်မြဲ မီးဖိုခန်း ဝင်လိုက်သည်။ ရောက်ကတည်းက သန့်ရှင်းက သူ မချက်နိုင်ပါတဲ့။ ပြီး မရှိလျှင် မစားဟုဆိုသည်။ ထို့ကြောင့် တည်မြဲ မီးဖိုခန်းဝင်ရလေသည်။

သန့်ရှင်းက သူ့အခန်းထဲမှ တစ်ရက်သုံးကြိမ်လောက်သာ အစား စားရန် အပြင်ထွက်သည်။ ပြီးလျှင် ပြန်ဝင်သွား၏။ ဒါ သန့်ရှင်းရဲ့တစ်နေ့တာ ပြီးပြီ။ (သူ့အဝတ်တွေတော့ သူပဲ လျှော်ပါသည်။ ထို့ကြောင့် ကိုယ့်အဝတ် ကိုယ်လျှော်ရသည်ပေါ့) (မှတ်ချက်။ ။ အိမ်သာ၊ ရေချိုးခန်းတစ်စုံတ သူ့အခန်းမှာ ရှိသည်)

မည်သို့ပင်ဆိုစေ ...

တည်မြဲ စိတ်မပျက်ပါ။ အိမ်ထောင်တစ်ခုကို ကိုယ့်အားကိုယ်ကိုး ထူထောင်ချင်၍ မိဘတွေပေးသော ပိုက်ဆံကိုပင် မယူခဲ့။ နေစရာက ရှိနေ ပြီပဲ။ သန့်ရှင်းကို ကိုယ့်လုပ်အားနှင့် ရှာကျွေးချင်သည်။

ခု သူ အလုပ်ရခဲ့ပြီ။ နည်းပညာတက္ကသိုလ်မှ ကျောင်းပြီးထားသော သူ့အတွက် အလုပ်မရှားချေ။ ခုပဲ လေးရက်အတွင်း အလုပ်တစ်ခု ရှာနိုင်ခဲ့ ပြီ။

ထိုအကြောင်းကို သန့်ရှင်းအား ပြောပြချင်နေမိသည်။ ညနေစာ ထမင်းဟင်းကျက်သည့်တိုင်အောင် သန့်ရှင်းက အခန်းထဲက ထွက်မလာ သေး။ ပြောချင်တာတွေကို စာအသင့်ရေးထားလိုက်သည်။

ခဏနားနေစဉ်မှာပဲ အခန်းတံခါးဖွင့်သံ ကြားလိုက်ရ၏။ အသင့်





ပြင်ဆင်ထားသော စာကို ကားလေးမှာ ညှပ်ကာ ရိမုဒ်နှိပ်လိုက်ပါသည်။

အခန်းထဲမှ ထွက်ထွက်ချင်း ရှေ့ကိုရောက်လာသော ကားကလေး ကြောင့် သန့်ရှင်း မျက်နှာလေးမဲ့လိုက်မိသည်။ သင်တန်းမှာတုန်းကတော့ ပြုံးခဲ့ဖူးသည်။ ခုတော့ မျက်နှာလေးမဲ့ရင်းပင် ကားပေါ်က စာကို ယူဖတ် လိုက်၏။

သန့်ရှင်း

ပထမဆုံးပြောချင်တာကတော့ ငါ အလုပ်ရပြီဆိုတာပါ ပဲ။ မနက်ဆယ်နာရီက ညနေ ငါးနာရီဆိုတော့ နင်လည်း နေ့လယ်ဘက် အခန်းအပြင် ထွက်နေလို့ရပြီပေါ့။

နောက်နေ့တွေမှာ ငါ မနက်စောစောထပြီး ဈေးသွား မယ်။ ညနေ နောက်ကျမှာဆိုတော့ မနက်စာ ညစာ ချက်ထားခဲ့ လိုက်မယ်။ နင် ဆာတဲ့အချိန် စားပါ။

တခြားအပြင်စာ စားချင်တာရှိရင်လည်း ပြောပါ။ အပြင် သွားချင်ရင်လည်း ပြောပါ။

ငါ ... နင်နဲ့ဆိုရင် ဘယ်လိုပဲ နေရနေရ ပျော်ပါတယ်။ အဲဒါကြောင့် ဗိုတ်ဘုတ်ပေါ်က နောက်ဆုံးအချက်ကလေး ဖြုတ် ပေးပါနော်။

ညနေစာ ရပါပြီ။

တည်မြဲ

စာဖတ်ပြီးသည့်တိုင်အောင် သန့်ရှင်းမျက်နှာက ဘာမှပြောင်းလဲ မသွားချေ။ ထမင်းစားခန်းထဲဝင်ပြီး ထမင်းစားလိုက်သည်။ အခန်းထဲပြင်၍ ပြန်အလာမှာ ကားကလေးက ရှိနေသေး၍ စာတစ်စောင်ရေးကာ ပြန်ညှပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်၏။ ဒီနေ့အဖို့ သူမအတွက် တစ်ရက်ကုန်ပြီ၊ ဘာမှ မထူးခြား။

တည်မြဲ ...

အလုပ်ရလည်း ပြီးတာပါပဲ။ ငါ့အတွက်တော့ ဘာမှ မထူးခြားပါဘူး။ ငါ့ဟာ ငါနေ၊ နင့်ဟာနင် နေ။ ပြီးပြီပဲလေ။ အဲပေမဲ့ ငါ နင်နဲ့နေရတာ စိတ်မချမ်းသာဘူး။

ငါ့ကို သုံးလအတွင်း ကွာရှင်းပေးပါ။ ဒီစကားကို ခဏ ခဏ ထပ်မပြောချင်ဘူး။ ငါ လွတ်လွတ်လပ်လပ်နဲ့ နိုင်ငံခြား သွားချင်တယ်။

ဒီညနေစာ စားကောင်းပါတယ်။

သန့်ရှင်း

စာဖတ်အပြီး တည်မြဲ ငိုင်သွားရသည်။ သန့်ရှင်း သူ့ကို ကွာရှင်းခိုင်း နေတာ အရင်ရည်ရွယ်ချက်အတိုင်း နိုင်ငံခြားသွားဖို့တဲ့လေ။

သူ ဘာလုပ်ရမည်လဲ။

ထိုညက တည်မြဲ တော်တော်နှင့် အိပ်မပျော်နိုင်ချေ။ အရင်ညတွေ ကတော့ အခန်းထဲမှာ သန့်ရှင်းရှိနေတာပဲဆိုသည့်အသိနှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့သည်။

ယခု ထိုအသိက သုံးလအတွင်း ပြီးဆုံးတော့မည်လား။ နောက် လာမည့် အိပ်မပျော်သော ညများအတွက် ဂစ်တာလေးတစ်လုံးလောက် တော့ လိုအပ်ပါလိမ့်မည်။

ညသည် သူ့ထံသို့ ကိုက်ခဲမှုတွေ ယူဆောင်လာတော့မည်လား မသိပါ။



[ ၁၇ ]

နောက်နေ့မနက်မှာ (ညက တော်တော်နှင့်အိပ်မပျော်၍) သန့်ရှင်း အိပ်ရာထနောက်ကျသည်။ နာရီကြည့်လိုက်တော့ ဆယ်နာရီခွဲနေပြီ။ အခန်း ထဲမှထွက်လိုက်တော့ အခန်းဝမှာ စာကယ်ရီကားလေးကို တွေ့လိုက်ရ၏။ ဒါဆိုလျှင် တည်မြဲ အလုပ်တစ်ကယ်သွားပြီပေါ့။

စာကို အရင် ယူဖတ်လိုက်၏။

သန့်ရှင်း

ငါမရှိရင် စောစောထဖြစ်မယ်ထင်လို့ မနက်စာ ထမင်း ကြော် ကြော်ထားပေးခဲ့တယ်။ နေ့လယ်နေ့ခင်း ပျင်းရင် အပြင် သွားချင်သွား။ အိမ်မှာပဲ နင့်သူငယ်ချင်းတွေကို အိမ်ကို ခေါ်လိုက်

www.burmeseclassic.com



ပေါ့။

ဪ … ဗိုလ်ဆီ ဖုန်းလာရင် ကြည့်ကျက်ဖြေလိုက်ပါ

ဟာ။

ဒီနေ့ ဟင်းက နင် အရမ်းကြိုက်တယ်လို့ ရိုရိုခိုင်ပြောဖူးတဲ့ ကြက်ကာလသားသမီး ချက်ခဲ့တယ်။ ငါ မချက်တတ်လို့ စာအုပ်ကြည့်ပြီး ချက်ထားတာဆိုတော့ ညှိရင် ဆောရီးပါဟာ။

စားပွဲပေါ်မှာ မင်္ဂလာဗင်းတွေရှိတယ်။

တည်မြဲ

တစ်ယောက်တည်းမို့ အနည်းငယ် လွတ်လပ်သလို သန့်ရှင်း ခံစားလိုက်ရသည်။ အခန်းထဲမှာပင် ဟိုပြေး ဒီပြေး လုပ်နေမိသေး၏။

ပြီးမှ မျက်နှာသစ်ပြီး ထမင်းကြော်အရင်စားလိုက်၏။ တစ်ခါမှ မစားဖူးသော အရသာမျိုးဖြစ်သည်။ တကယ်တမ်းတွေးကြည့်လျှင် တည်မြဲလောက် သူ ဟင်းချက်ကောင်းမည်မထင်ပါ။

ထမင်းကြော်စားပြီး မင်္ဂလာဗင်းတစ်အုပ် ယူဖတ်နေလိုက်၏။ စာအုပ်ဖတ်နေရင်းပင် ပျင်းလာပြန်သည်။ ထို့ကြောင့် အိမ်သန့်ရှင်းရေးလေး လုပ်လိုက်မည်ဟု ကြည့်လိုက်သော်လည်း မတွေ့။ မီးဖိုခန်းအပါအဝင် တစ်ခန်းလုံးကို တည်မြဲက ရှင်းလင်းသွားပြီ။

တစ်ခါတလေကျတော့လည်း တည်မြဲကို ခုလိုဆက်ဆံနေရတာ တရားရဲ့လားဟု အတွေးဝင်မိသည်။ ဒါသည့် သူမ ဒီလိုဆက်ဆံနေတာကိုပင် တည်မြဲက အလိုလိုက်နေလို့လား။

အို … သူ ဒီလိုလုပ်ပေးရတာ တစ်ပတ်လောက်ပဲ ရှိသေးတယ်။ ငါ ပေးလိုက်ရတာက တစ်ဘဝလုံး။

ပြန်တွေးရင်း သန့်ရှင်း စိတ်တွေ တင်းမာသွားရ၏။ ထို့နောက်





စာတစ်စောင်ရေးပြီး ကားပေါ် အသာတင်ထားလိုက်လေသည်။

တည်မြဲ

ထမင်းကြော်ကောင်းတယ်။

ဪ … ကျွေးရှင်းပေးဖို့ကိစ္စ မမေ့နဲ့ဦး။

သန့်ရှင်း



www.burmeseclassic.com

www.burmeseclassic.com

## [ ၁၈ ]

ထိုနေ့က ဖေဖေတို့လာမည်ဆို၍ ပိုက်ဘုတ်ကို ဖွင့်၏၊ အခန်းထောင့်မှ မွေ့ရာချအိပ်သော တည့်မြဲအိပ်ရာကို သိမ်းရသည်။

အိပ်ရာကိုလိပ်ပြီး မ,လိုက်စဉ်မှာပဲ တွေ့လိုက်ရသော အရာလေးကြောင့် သန့်ရှင်း အံ့သြသွားရသည်။

တခြားတော့ မဟုတ်ပါ။ ဒိုင်ယာရီစာအုပ်ကလေး ဖြစ်သည်။ ခွဲယူလိုက်တော့ အထဲမှာ ညှပ်ထားသော စာရွက်ကလေးတွေ ထွက်ကျသွား၍ ကောက်ယူပြီးအကြည့် . . .

''ဟင်''

သူမ စကားမပြောချင်၍ ရေးပေးထားသော စာရွက်ပိုင်းကလေးတွေဖြစ်သည်။ အသာထားပြီး ဒိုင်ယာရီစာအုပ်ကို လှန်ကြည့်လိုက်





ပထမဆုံးစာမျက်နှာတွင်

ငှက်ပျောသီးကလေး . . . တဲ့။

ဘာအတွက်ရေးထားသည်လဲဟု စပ်စုလိုက်သည်။

အဲဒီနေ့က မေမေ ဆွမ်းကပ်ဖို့ ငှက်ပျောသီး ဝယ်ခိုင်းတယ်။ ဈေးထဲသွားဖို့ ရပ်ကွက်တစ်ခုကို ဖြတ်အလာမှာပဲ ငှက်ပျောသီးသည်တွေ့လို့ လှမ်းခေါ်လိုက်မိတယ်။ ကိုယ့်လိုပဲ ခေါ်ထားတဲ့သူက ရှိသေးရဲ့။ ကိုယ်နဲ့ငှက်ပျောသီး လုဝယ်ရင်း သူမရလိုက်လို့ စိတ်ဆိုးပြီးကျန်ခဲ့တဲ့ပုံကလေးက အရမ်းချစ်စရာကောင်းတာပဲ။ သူ့ကို ငှက်ပျောသီးကလေးလို့ တိတ်တိတ်ကလေး နာမည်ပြောင်ပေးလိုက်တာပေါ့။

''ဟင်''

သန့်ရှင်း တကယ်ပင် အံ့သြသွားရ၏။ နောက်စာမျက်နှာတွေမှာလည်း သူမနှင့် ဆုံခဲ့သည့်အကြောင်းတွေကို ရက်စွဲတပ်ကာ ရေးထားသည်။ သူမကို ဘယ်လောက်ချစ်ကြောင်းတွေ၊ သူမနှင့် ခင်မင်မှုရချိန်မှာ နိုင်ငံခြားသွားမည်ဆို၍ ခံစားရကြောင်း၊ မသွားခင်မှာ ဖွင့်ပြောပြီး ဘယ်အချိန်အထိ စောင့်ရပါစေ စောင့်ပါမည်ဆိုသည့်အကြောင်းတွေကိုလည်း တွေ့ရပြန်သည်။

သို့နှင့် နောက်ဆုံးရေးထားသည့် စာမျက်နှာကို လှန်ကြည့်လိုက်သည်။

သန့်ရှင်းရယ် ...

ငါလေ နှင့်ရဲ့ရည်ရွယ်ချက်တွေ၊ အိပ်မက်တွေကို ဖျော်



www.burmeseclassic.com

www.burmeseclassic.com



ဆီးဖို့ လုံးဝမရည်ရွယ်ခဲ့ပါဘူးဟာ။ အားလုံးဟာ ကံတရားရဲ့ အလိုအတိုင်းပါ။

ငါလေ ... နင့်ကို သိပ်ချစ်တယ်။ နင့်ဆန္ဒတွေ တစ်ချိန် ပြည့်ပါစေလို့လည်း ဆုတောင်းပါတယ်။

လောလောဆယ်တော့ ချစ်နေခွင့်လေး ပေးပါဟာ။

ရင်ထဲမှာ လှိုက်လှိုက်မောမောလေး ခံစားသွားရသည်။ ဒါမျိုး တစ်ခါမှ မခံစားဖူး၍ ကိုယ့်ကိုယ်ကိုယ်ပင် မယုံချင်။ သူမကို တည်မြဲက အဲဒီလောက်ချစ်သည်တဲ့လား။

နောက်ဆုံး သူမ တည်မြဲအပေါ် နာကြည်းနေတာ အစစ်မှ ဟုတ်ပါလေစဟု သံသယရှိလာမိသည်။

သက်ပြင်းချပြီး စာအုပ်ကို ပြန်သိမ်းထားလိုက်၏။

နေ့လယ်ကျတော့ ဖေဖေ ရောက်လာပါသည်။ ဒါ ပထမဆုံးလာခြင်း ဖြစ်သည်။ ဧည့်ခန်းကိုကြည့်ပြီး သဘောကျသွားပုံလည်း ရ၏။

"နေရတာ အဆင်ပြေရဲ့လား သမီး"

"ဟုတ်ကဲ့ ... ပြေပါတယ် ဖေဖေ"

ဖေဖေက မီးဖိုခန်းထိအောင် လျှောက်ကြည့်ကာ ...

"အဟင်း ... ကိုယ်တိုင်ချက်ပြုတ်နေရလို့ ပင်ပန်းနေပြီလား"

"ရှင်"

"ဩော် ... ထမင်းချက်,ဟင်းချက်တာတွေ ပြောတာပါ"

"မ ... မပင်ပန်းပါဘူး ဖေဖေ"

ထိုစကားကတော့ လုံးဝအမှန်ဖြစ်ပေလိမ့်မည်။ ဘာမှမချက်ရသည်ကိုး။ ဖေဖေက ဧည့်ခန်းမှာ ထိုင်လိုက်ကာ ...

"သမီးရေ ... ဖေဖေ့ကို လိမ္မော်ရည်လေးတစ်ခွက်လောက်ကွယ်"





"ဟုတ်"

မီးဖိုခန်းထဲ ဝင်သွားလိုက်သည်။ ဒါ ဒီအိမ်မှာ ပထမဆုံးအကြိမ် အစားအသောက်နှင့်ပတ်သက်၍ လုပ်ဖူးခြင်းဖြစ်သည်။

ဖြစ်ချင်တော့ လိမ္မော်ရည်အဆီပုလင်းကို ရှာမတွေ့။ ရှိတာကတော့ သေချာပါသည်။ မနက်ကပင် သူမအတွက် တည်မြဲ အလုပ်မသွားခင် ဖျော်ပေးသွားသည်ပဲ။

ရှာနေတာ ကြာလို့လားမသိ။ ဖေဖေ လိုက်လာပြီး ...

"သမီး ... ဘာရှာနေတာလဲ"

"ဟို ဟို ... လိမ္မော်ရည်အဆီပုလင်းပါ"

"ဩော် ... သမီးကလည်း ကိုယ့်အိမ်မှာကိုယ် ဘာထားတာတောင် မသိတော့ဘူးလား၊ ဟို ဗီရိုလေးပေါ်မှာလေ၊ ဖေဖေက ခုနက မြင်ခဲ့လို့ ဖျော်နိုင်းတာ"

"ဆောရီး ဖေဖေ ... မနက်က တည်မြဲ ဖျော်ပြီးထားခဲ့တာဖြစ်မယ်"

သန့်ရှင်း တော်တော်အလုပ်ရှုပ်သွားသည်။

ဖေဖေက မပြန်ခင်မှာ ...

"သမီးယောက်ျား အရက်သောက်တတ်လား"

"ဟင့်အင်း ... မသောက်ပါဘူး ဖေဖေ"

"အေး ... ကောင်းတယ်၊ လုံးဝ မသောက်စေနဲ့၊ ဖေဖေ လုံးဝ မကြိုက်ဘူး၊ ယောက်ျား အရက်သောက်ရင် အနီးဆုံး ခံစားရတာ မိန်းမပဲ"

"ဟုတ်ကဲ့ ... တည်မြဲကတော့ တစ်ခါမှ သောက်တာ မတွေ့ပါဘူး"

"တွေ့ရင်လည်း ဖေဖေ့ဆီ ဖုန်းဆက် ... ကြားလား"

"ဟုတ်"

ညနေ တည်မြဲပြန်ရောက်တော့ ဖေဖေလာသွားကြောင်း စာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အသိပေးလိုက်သည်။ ဖေဖေ အဓိကမှာသွားသည့် အရက်မသောက်ဖို့ အကြောင်းလည်း ပါသည်။

တည်မြဲဆီက ပြန်လာသည့်စာမှာတော့ ပိုက်ဆံတစ်ထပ် ပါလာသေးသည်။

သန့်ရှင်း

ဖို့လစာ အပ်တာပါ။ ဈေးဖိုးငွေ ဖယ်ထားပြီးပြီ။ ဦးလာသွားတယ်ဆိုလို့ ဝမ်းသာပါတယ်။

တည်မြဲ

ဒီရက်မှာတော့ သန့်ရှင်း ပထမဆုံး နောက်တစ်ခါ ပြန်ရေးမိသည်။

တည်မြဲ ...

မနက်ဖြန် နင့်ရဲ့ လျှော်စရာအဝတ်တွေ ထားခဲ့ပါ။ ပိုက်ဆံက ဒို့မှာ သုံးစရာမရှိပါဘူး။ နင်လိုတဲ့အချိန် ပြန်ယူ။

သန့်ရှင်း

တည်မြဲ လှစ်ခနဲ ပြုံးလိုက်သည်ကို သန့်ရှင်း မြင်ဖြစ်အောင် မြင်သွားသေးသည်။

အဲဒီညက ကိုးနာရီလောက်မှ ပိုက်ဆာလာ၍ တံခါးဖွင့်ပြီး ထွက်ရန်ပြင်လိုက်သည်။ မမျှော်လင့်ဘဲ တည်မြဲ ဖုန်းပြောနေသံ ကြားလိုက်ရသည်။

"အေး ... ရှိရှိနိုင် ပြော ... နင့်ယောက်ျားဖေဆန်းရော၊ ဘယ်လို ... ဘီယာမူးပြီး အိပ်နေပြီ ... ဟုတ်လား"

"........"





"အေးဟာ ... နင့်သူငယ်ချင်းကတော့ အိမ်အလုပ်တွေ လုပ်ရတော့ ပင်ပန်းပြီး အိပ်ပျော်နေပြီ၊ ဘာဖြစ်တယ် ... ဟဲ ဟဲ ... ဒါပေါ့ဟ၊ ငါနှိပ်ပေးမှ သန့်ရှင်းက အိပ်ပျော်တာ ... ဟဲ ဟဲ ... ချစ်တာကိုး"

တံခါးကို ပြန်ပိတ်ကာ သန့်ရှင်း မျက်ရည်တွေ ရစ်ဝိုင်းလာတော့သည်။

တည်မြဲရယ် ... ငါလေ ...။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၉ ]

တည်မြဲ

ငါ ဒီအတိုင်းနေရတာ ပျင်းလာလို့ နောက်နေ့ကစပြီး ဈေးဝယ်မယ်၊ ထမင်းဟင်း ချက်တော့မယ်။

အသိပေးတာနော်။ နင် ဘာတွေကြိုက်လဲ ငါမသိဘူး။

သန့်ရှင်း

သန့်ရှင်း

ဘာချက်ချက်ပါဟာ။ အဆိပ်ခတ်ထားလည်း စားမှာပဲ။ နောက်တာပါ။ ငါမစားတာက အသားမှာ သစ်သား၊ အသီးမှာ မီးသီး၊ အဖူးမှာ ကျည်ဖူး၊ အရွက်မှာဆိုရင် စာရွက်။ ရပြီနော်။

တည်မြဲ





တည်မြဲ ...

နင့်အလုပ်က နေ့တိုင်း ဆင်းရတာနော်။ ဘယ်မှာ လုပ်တာလဲ။

သန့်ရှင်း

သန့်ရှင်း

ငါက စက်မှုကျောင်းဆင်းလေ။ ကားလုပ်တဲ့ စက်ရုံမှာဟ။ သိပ်မပင်ပန်းပါဘူး။

တည်မြဲ

တည်မြဲ ...

ဒီလ လစာပိုများလာတယ်နော်။ လစာတိုးတာလား။ နင်သောက်ဖို့ အားဆေးပုလင်း စားပွဲပေါ်မှာ။

သန့်ရှင်း

သန့်ရှင်း

ငါ့အလုပ်က မပင်ပန်းပါဘူးဟာ။ ပါးပါးလေးပါ။ နင် အဝတ်အစားလေး ဘာလေး ဝယ်ဦးလေ။

တည်မြဲ

တည်မြဲ ...

ငါက အပြင်မှ သိပ်မသွားတာ။ နင့်အတွက် ပုဆိုးနဲ့ အကျႌ ဝယ်လာတယ် ... တွေ့လား။

သန့်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်း

ငါ ... ခုရက်ပိုင်း အလုပ်နောက်ကျမယ်။ တခြားဌာန တစ်ခုကို ကူညီနေရလို့။ မပင်ပန်းပါဘူး။ ကြီးကြပ်ပေးရုံလေးပါ။

တည်မြဲ

တည်မြဲ ...

ခုတလော နင် ညသိပ်နက်တယ်နော်။ ဘယ်တွေ ဝင်နေတာလဲ။

သန့်ရှင်း

သန့်ရှင်း

အလုပ်မှာပါပဲ။ နင် စောစောအိပ်နော်။

တည်မြဲ

❦ ❦ ❦



[ ၂၀ ]

ဈေးက ပြန်ရောက်ပြီး သိပ်မကြာလိုက် ... တံခါးဘဲလ်တီးသံကြား၍ သန့်ရှင်း ဖွင့်ပေးလိုက်သည်။ တစ်ခါမှ မမြင်ဖူးသောလူမို့ အတွင်းတံခါးသော့ ဖွင့်ပြီး သော့ခတ်ထားသော သံပန်းတံခါးဝမှာပဲရပ်ကာ ...

"ဘာကိစ္စရှိလို့လဲ မသိဘူး"

"ဒါ ... ကိုတည်မြဲတို့အိမ်နော်"

"ဟုတ်ပါတယ်"

"ဪ ... ကိုတည်မြဲ အလုပ်မလာတာ နှစ်ရက်ရှိပြီဗျ။ သူက ကားရေဆေးတာရော, ဆီထိုးတာပါ လုပ်နေတဲ့သူဆိုတော့ တစ်ယောက်မရှိ ကျွန်တော်တို့ အလုပ်ရှင်တွေက နစ်နာပါတယ်၊ သူက နေမကောင်းသေးဘူးဆိုတော့ ထွက်ချင်လည်း ထွက်တော့လို့ လာပြောတာပါ"

www.burmeseclassic.com



"ဟုတ် ... ဟုတ်ကဲ့ ... ပြောလိုက်ပါ့မယ်"

တံခါးပြန်ပိတ်ပြီး သန့်ရှင်း အရုပ်ကြိုးပြတ် ထိုင်ချမိလိုက်သည်။ သူပြောတော့ ကားစက်ရုံမှာ အင်ဂျင်နီယာတဲ့။ ခုတော့ ကားရေဆေး ဆိုးတဲ့ နေ့စားသမား။

သန့်ရှင်း ဘယ်လိုမှ ဟန်မဆောင်နိုင်ဘဲ ငိုချလိုက်တော့သည်။

ညဘက် တည်မြဲပြန်လာတော့ သန့်ရှင်း တံခါးအသာဟကြည့်မိသည်။ တည်မြဲ ဘာမှမစားဘဲ အိပ်ရာထဲ တန်းဝင်သွား၏။

သန့်ရှင်း အိပ်မပျော်နိုင်သေးဘဲ လှုးလွန့်ရင်း ညဆယ်နာရီလောက်မှာ တစ်ခေါက် ထကြည့်မိသည်။ တည်မြဲ့ထံမှ ကြားနေရသည်က တအီးအီးနှင့် ညည်းသံ။ တည်မြဲ ဖျားနေလေပြီ။

သန့်ရှင်း ဘာလုပ်ပေးရမှန်းမသိဘဲ ခြေမကိုင်မိ လက်မကိုင်မိတွေဖြစ်ကုန်သည်။ နောက်ဆုံး အခန်းထဲမှ သူ့မ,စောင်တွေကို ယူသွားကာ ခြုံပေးလိုက်၏။ ခဏနေတော့ တည်မြဲ အိပ်မောကျသွားသည်။

အိပ်ပျော်သွားမှ တည်မြဲမျက်နှာကို စေ့စေ့ကြည့်ဖြစ်သည်။ မီးရောင်ကြောင့်လားတော့ မသိ ...။ အသားတွေ ညိုနေသည်ဟု ထင်မိသည်။ ပြီးတော့ တည်မြဲ အလုပ်မသွားတာ ဖျားနေလို့ပဲဖြစ်မည်ဟု စဉ်းစားမိ၏။

ထိုညက တည်မြဲ အဖျားပြန်တက်မှာစိုးရိမ်၍ တံခါးလေးဟပြီး အခန်း၏အတွင်းထောင့်မှာ အိပ်ပျော်သွားခဲ့သည်။

မနက်ကျတော့ တည်မြဲ၏စာကို တွေ့လိုက်ရသည်။

သန့်ရှင်း

ကျေးဇူးပါပဲ။ ငါက တစ်ခါတလေ ငှက်ဖျားပြန်တက်တတ်တယ်ဟ။

တည်မြဲ





တည်မြဲ ...

နေကောင်းသွားပြီလား။ ဂရုစိုက်ပါ။ မနက်ဖြန် ဖေဖေနဲ့ မေမေ လာမယ်။

သန့်ရှင်း

မနက် သူ့မ အိပ်ရာကထတော့ ...

သန့်ရှင်း

ငါ နေ့လယ် ပြန်လာခဲ့ပါ့မယ်။ ဒီနေ့ ငါတို့ ဒီမှာနေတာ သုံးလရှိပြီနော်။

တည်မြဲ

ထိုအခါမှ ဝိုက်ဘုတ်ဖြုတ်ဖို့ သတိရတော့သည်။ ဖေဖေသာ တွေ့သွားပါက ဘယ်လိုရှင်းရမည်ကိုပင် မစဉ်းစားတတ်။ တည်မြဲအိပ်ရာကို တစ်ခါတည်း သိမ်းထားလိုက်သည်။ အိပ်ရာအောက်မှာ တည်မြဲ၏ဒိုင်ယာရီကို မတွေ့တော့။ ခုမှပဲ တည်မြဲ၏ခံစားချက်တွေကို သူ့မ သိချင်လာတော့သည်။

ခုနောက်ပိုင်း သူ ဘာတွေရေးထားဦးမှာလဲ။

နေ့လယ် ဖေဖေနှင့်မေမေ ရောက်လာပါသည်။ ထမင်းစားမည်ဆိုသဖြင့် ခူးကျွေးနေစဉ်မှာပဲ တံခါးဘဲလ်တီးသံ ကြားလိုက်ရ၏။

သန့်ရှင်း သွားဖွင့်ပေးလိုက်သည်။ အရမ်းပင် တုန်လှုပ်ချောက်ချားသွားရသည်။ ယိုင်ထိုးအောင်မူးနေသော တည်မြဲသည် လက်ထဲမှာလည်း အရက်ပုလင်းပြားတစ်ခု ကိုင်ထားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခ . . . ဒုက္ခပါပဲ။

သန့်ရှင်း ပြောဖို့ ဆွံ့အနေစဉ်မှာပဲ တည်မြဲက ထမင်းစားနေသည့် ဖေဖေတို့အနား သွားကာ လျှာလေးအာလေးကြီးနှင့် . . .

"အဟား . . . အန်ကယ် . . . စားနေပြီလားဗျ၊ မစားခင် နည်းနည်း ဆော်လိုက်ပါဦး . . . အဟဲ၊ ကျွန်တော်ကတော့ မစားခင် ဆော်လိုက်ရမှ စားဝင်တာဗျ"

စားလက်စ ရပ်သွားပြီး ဖေဖေ ဝုန်းခနဲ ထရပ်လိုက်သည်။ မျက်နှာကြီးတစ်ခုလုံး ရဲရဲနီလျက် တည်မြဲကိုလည်း စူးစူးဝါးဝါးကြည့်ကာ . . .

"ဟေ့ကောင် . . . မင်း အိမ်ပေါ်က အခုဆင်းသွားစမ်း"

တည်မြဲက မခိုးမခန့်ရယ်ပြီး . . .

"ဘာလဲ . . . ဦးအိမ်မို့လို့ နှင်ချတာလား။ ရပါတယ်ဗျာ . . . စိတ်မာတ်ကလေးတွေ သိရတာပေါ့"

"တောက်! . . . ဒီကောင်ကွာ"

ဒေါသကြောင့် ဖေဖေ အသားတွေ တဆတ်ဆတ်တုန်နေသည်။ တစ်ခုခုလုပ်လိုက်မှာစိုး၍ မေမေက ဖေဖေ့ကို ဆွဲထား၏။

ဖေဖေက တည်မြဲကိုကြည့်ကာ အံကြိတ်ပြီး ပြောလိုက်တော့သည်။

"တည်မြဲ . . . မင်းကို ငါ ရှင်းရှင်းပဲပြောမယ် . . . ငါ့သမီးကို မင်းလိုကောင်မျိုးနဲ့ မပေါင်းနိုင်းဘူးကွ၊ မင်း ဒီအိမ်ပေါ်က အခုဆင်းပါ၊ ငါးရက်အတွင်း ကွာရှင်းစာချုပ်မှာ မင်း လက်မှတ်ထိုးပြီး ငါ့ဆီပို့နိုင်းလိုက်၊ ခု မင်းမဆင်းရင် ငါ ရဲခေါ်လိုက်မှာနော်"

"ဆင်းပါ့မယ်ဗျာ ဆင်းပါ့မယ် . . . ဘိုင့် ဘိုင်"

ယိုင်ထိုးပြီး တည်မြဲ တံခါးဝသို့ လျှောက်လာသည်။ တံခါးအနားမှာ ရပ်နေသော သန့်ရှင်းပါးပြင်ထက်မှာ မျက်ရည်တွေ စီးကျနေ၏။

ဘာတွေ ဘယ်လိုဖြစ်ကုန်ပြီလဲ။ သန့်ရှင်းရင်ထဲ ကွဲအက်မတတ်





နာကျင်လာသည်။

တည်မြဲက သန့်ရှင်းဘေးမှဖြတ်ကာ အပြင်ဘက်ကို ထွက်လိုက်ပြီးမှ ပြန်လှည့်လိုက်သည်။

"သန့်ရှင်း"

ခေါ်သံကြောင့် သန့်ရှင်း ကြည့်လိုက်မိသည်။ တည်မြဲ၏လေသံက ပုံမှန်လေသံ။ အမူအရာကလည်း ခုနကလိုမဟုတ်တော့။ ဘယ်လိုဖြစ်တာလဲ။

သန့်ရှင်း အံ့သြနေစဉ်မှာပဲ . . .

"သန့်ရှင်း မငိုပါနဲ့၊ ဒီနေ့ ငါတို့ ဒီမှာနေတာ သုံးလပြည့်ပြီလေ၊ ငါ ကတိတည်ပါတယ်နော်၊ ငါ နင်နဲ့ နေခဲ့စဉ်တစ်လျှောက်မှာ အရမ်းပျော်ခဲ့ပါတယ်၊ ငါ တစ်ခါမှမနေဖူးတဲ့ ကမ္ဘာသစ်တစ်ခုလိုပါပဲ၊ ငါ့ကြောင့် နင် စိတ်ဆင်းရဲခဲ့တယ်ဆိုရင် ငါ တောင်းပန်ပါတယ်"

"တည်မြဲရယ် မပြောပါနဲ့တော့ဟာ"

"နင့်ကို ငါ အရမ်းချစ်တယ် သန့်ရှင်း၊ နင့်ဆန္ဒတွေ, နင့်အိပ်မက်အတွက် ငါ အစောကြီးက ဖြည့်ဆည်းပေးသင့်တာ ငါသိတယ်၊ ဒါပေမဲ့ နင်နဲ့ခဏပဲဖြစ်ဖြစ် အတူတူနေချင်တဲ့ ငါ့ရဲ့အတ္တအတွက် သုံးလတောင် ကြာခဲ့တာပါ၊ နိုင်ငံခြားရောက်ရင် ကျန်းမာရေးဂရုစိုက်နော် သန့်ရှင်း။ ငါလေ . . . ငါ လက်မှတ်ထိုးထားတဲ့ ကွာရှင်းစာချုပ်ကို မီးဖိုခန်းထဲက ကားလေးပေါ်မှာ တင်ထားခဲ့တယ်၊ ငါ သွားပြီနော်"

"တည်မြဲ"

မျက်ရည်မျက်ဝန်းများဖြင့် နှစ်ယောက်သား ကြည့်နေမိကြသည်။ ရင်ထဲကဆန္ဒကို သန့်ရှင်း ဘယ်လိုမှ မလွန်ဆန်နိုင်တော့။

"တည်မြဲ . . . နင့် . . . နင့်ကိုလည်း ငါ အရမ်းချစ်ပါတယ်ဟာ"

မျက်ရည်တွေကြားထဲက တည်မြဲ ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ . . . ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ နောက်ကျသွားပြီပဲ၊ ငါတို့ လွယ်လွယ်နဲ့ကွဲဖို့ဆိုတာ မိဘတွေ အထူးသဖြင့် နင့်အဖေပေါ့၊ သူ လက်ခံနိုင်တဲ့အကြောင်းမှ ဖြစ်မှာလေ၊ အဲဒီကြောင့် ငါ အရက်မူးဟန်ဆောင်ခဲ့တာ ပါ၊ ငါ ဘယ်ပဲရောက်ရောက်, ဘယ်မှာရှိရှိ နင့်ကို သတိရနေမှာပါဟာ"

"သမီး သန့်ရှင်း . . . လာတော့"

ဖေဖေ့ခေါ်သံကို ကြားလိုက်ရသည်၊ တည်မြဲက ရူးရူးနစ်နစ် ကြည့်ပြီး ချာခနဲ လှည့်ထွက်သွားတော့၏။

သူမ . . သူမ . . . ဘာလုပ်ရမှာလဲ။

"သမီး . . . ဖေဖေ ခေါ်နေတယ်လေ"

အခန်းထဲ ပြေးဝင်ကာ မီးဖိုခန်းဆီ ပြေးသွားမိသည်။ ကားလေးပေါ်မှာ မြင်လိုက်ရသည်ကတော့ ကျာရှင်းစာချုပ်တစ်ခုနှင့် တည်မြဲတစ်ခါပေးဖူးသည့် အလံဖြူပုံ ရေးဆွဲထားသော စာရွက်ကလေးတစ်ရွက်။

သူမရင်တွေ ကွဲထွက်သွားအောင် ရှိုက်ကြီးတငင် ငိုချလိုက်ပါတော့သည်။

❦ ❦ ❦



[ ၂၁ ]

"မလှမြိုင် . . . သမီး ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား၊ နောက်လဆိုပဲ သူ့အစ်မဆီသွားဖို့ စီစဉ်ပြီးပြီနော်"

သူ့ယောက်ျားကိုကြည့်ကာ ဒေါ်လှမြိုင် သက်ပြင်းခိုးချလိုက်သည်။ ပြောသင့်မပြောသင့်လည်း စဉ်းစားနေပုံရသည်။

ဦးစိန်တိုးက မျက်မှောင်ကုတ်ကာ . . .

"မလှမြိုင် . . . နင် ဘာဖြစ်နေတာလဲ၊ ဘာပြော ချင်တာလဲ ပြော"

ဒေါ်လှမြိုင်က . . .

"သမီး သိပ်နေမကောင်းဘူး . . . ကိုစိန်တိုး"

"ဟာ . . . ဆေးခန်းသွားလေကွာ၊ နင်တို့ကလည်း"

ဒေါ်လှမြိုင် ခေါင်းခါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ကိုစိန်တိုး ... ခုတလော သမီး တရှောင်ရှောင်နဲ့ လေတွေ အန်နေတာ၊ ဟို ... ဟိုဟာများ ရှိ ... ရှိ ..."

"ဘာ"

ဦးစိန်တိုး မတ်တတ်ထ,ရပ်မတတ် ကုံးကွကွဖြစ်သွားသည်။

"သေ ... သေချာရဲ့လားကွာ"

"ကျွန်မ ထင်တာပါ၊ ဆေးခန်းခေါ်ရင်လည်း အတင်းငြင်းနေလို့"

"မင်းကလည်းကွာ၊ ဟို ဆီးစစ်တဲ့ဟာလေးနဲ့ စစ်နိုင်းပါလား ကြာတယ်ကွာ ... ဒီညပဲ လုပ်လိုက် ... ကြားလား၊ ငြင်းရင် ငါက နိုင်းတာလို့ ပြော၊ နင်ဟာလေ အမေဖြစ်ပြီး ပေါ့ကိုပေါ့တယ်၊ သွား သွား ... သမီး အနားမှာပဲ နေ"

ဒေါ်လှမြိုင် ရှိုရှိုလေး ထသွားသည်။ ထိုအခါမှ ဦးစိန်တိုး၏ မျက်နှာသည် ပြုံးဖြီးဖြီးကြီး ဖြစ်လာပြီး ...

"ဟား ... ဖြစ်ပါစေ ဖြစ်ပါစေ၊ မြေးဆိုတာ တစ်ခါမှ ချီဖူးတာ မဟုတ်ဘူး၊ ဟား ဟား ... ကောင်းတယ်ကွာ ... ကောင်းတယ်"



**[ ၂၂ ]**

"ဟင့်အင်း ... သမီး မစစ်ချင်ဘူး မေမေ ... မစစ်ဘူး"

"မစစ်လို့ ရမလားဟဲ့၊ နင့်အဖေကိုယ်တိုင် စစ်နိုင်းတာ၊ ရော့ ... ဒါလေးနှစ်ခု ယူထားလိုက်၊ မနက်စောစောသွားတဲ့ ဆီးကို အဲဒါလေးနဲ့ စစ်ကြည့်ပြီး အမေ့ကိုလာပြော"

မေမေ ပြန်ထွက်သွားတော့မှ ခေါင်းအုံးအောက်မှ ဖုန်းကိုထုတ်ကာ ဖွင့်ကြည့်လိုက်သည်။

ဒီပုံတွေကြောင့် ငိုနေရတာ။ ဒီပုံတွေကြောင့် မစစ်ရဲတာ။

ဖုန်းထဲမှာ သူမနှင့်မြတ်ထူးနိုင် ခုတင်ပေါ်မှာ တွဲပြီးရိုက်ထားသော ပုံများ။ အဲဒီတုန်းက သူမ မေ့မြောနေ၍ ဘာမှမသိခဲ့၊ ခု ဒီအိမ်ပြန်ရောက်မှ မသုံးဘဲထားသောဖုန်းကို ပြန်ဖွင့်ကြည့်ရာမှ တွေ့လိုက်ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဒီရက်ပိုင်း အစာမကြေဘဲ ခဏခဏ အန်သည်။ သူမ ဘယ်လို စစ်ရဲတော့မှာလဲ။

တည်မြဲရယ် ... ငါတော့ ဘဝပျက်ပါပြီ။

ချစ်သူကို တမ်းတမိသည်။ အရာအားလုံးသည် နောက်ဆုံးသို့ ရောက်ရှိသွားပြီဖြစ်သည်။

ထိုအချိန်မှာပဲ ...

"သန့်ရှင်း"

"ဟင် ... ရီရီခိုင်"

"အေး ... နင့်အမေက နင် နေမကောင်းဘူးဆိုလို့ ငါ လာခဲ့တာ"

ရင်ထဲမှာ မွန်းကျပ်ထားခဲ့သမျှ ရီရီခိုင့်ကိုဖက်ကာ ငိုချလိုက်မိသည်။ အားရအောင်ငိုပြီးမှ ...

"ရီရီခိုင် ... တည်မြဲနဲ့ တွေ့သေးလားဟင်"

"အေး ... ဒီကြားထဲ တစ်ခါပဲ တွေ့တယ်ဟာ၊ ဒီကောင် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ အင်ဂျင်နီယာ ဝင်လုပ်နေတယ်၊ နင်တို့ကလည်း ဘယ်လိုဖြစ်တာလဲဟာ"

"ရီရီခိုင် ... ငါ့ကို ကယ်ပါဦးဟာ"

"သန့်ရှင်း ... သန့်ရှင်း ဘာဖြစ်တာလဲ ... ပြောလေ"

သန့်ရှင်း စားပွဲပေးမှ ဆီးစစ်တာလေးတွေကို လှမ်းပြလိုက်သည်။ ရီရီခိုင်က ...

"ဟယ် ... နင်နဲ့တည်မြဲနဲ့"

"ဟင့်အင်း ... ငါတို့ အတူနေခဲ့တဲ့ သုံးလထဲမှာ ဘာမှမဖြစ်ခဲ့ကြဘူး"

"ဟင် ... ဒါ ... ဒါဆို"

ရီရီခိုင် အလန့်တကြား မေးလိုက်သည်။ သန့်ရှင်းက ငိုရှိုက်ရင်း





ဖုန်းကို လှမ်းပေးလိုက်၏။

ဖုန်းကို ဖွင့်ကြည့်ရင်း ရီရီခိုင်တစ်ယောက် ကြက်သေသေသွားတော့သည်။

အတန်ကြာအောင် ငြိမ်သက်နေပြီးမှ ရီရီခိုင်က သန့်ရှင်းကို ဖက်ထားရင်း ...

"ဘာပဲဖြစ်ဖြစ်ဟာ ... ဖုံးကွယ်ထားလို့မှမရဘဲ၊ ဖြစ်လာရင် အားလုံးကို အမှန်အတိုင်းပြောပြီး ရင်ဆိုင်လိုက်၊ သန့်ရှင်း ... နင် ဘာမှမကြောက်နဲ့ ... ဒီည ငါ နင်နဲ့အတူတူအိပ်မယ်"

ခေါင်းမခါ၊ ခေါင်းမညိတ်ဘဲ ပြတင်းတံခါးမှတစ်ဆင့် အဝေးကောင်းကင်ဆီသို့သာ သန့်ရှင်း ငေးကြည့်နေမိတော့သည်။

ဘယ်လိုပဲဖြစ်ဖြစ် ...

မနက်ဖြန်သည် စနစ်တကျ ရောက်ရှိလာဦးမည်လေ။



www.burmeseclassic.com

www.burmeseclassic.com

## [ ၂၃ ]

မနက်စောစော ရီရီနိုင်လာပေးသော ဆီးစစ်ကိရိယာလေးကို ကြည့်ကာ ဒေါ်လှမြိုင် မျက်လုံးပြူးသွားသည်။ အနီစင်းကလေး နှစ်တန်း။ ဒါ ... ဒါဆို သမီးမှာ ကလေးရှိနေပြီပေါ့။

"ရီရီနိုင် ... သမီး သမီးလေးရော"

"ပြန်အိပ်နေတယ် အန်တီ"

"ငိုနေသေးလား"

"အင်း ... နည်းနည်းပါးပါးပါ"

ရီရီနိုင်က ဖော့ပြောလိုက်သည်။ သူတို့စကားသံတွေကို အိမ်ရှေ့ဧည့်ခန်းမှာ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ကာ ဂနာမငြိမ်ဖြစ်နေသော ဦးစိန်တိုး ကြားသွား၏။ သူလည်း ဒီအဖြေသိချင်၍ စောင့်နေခြင်းဖြစ်သည်။





ဒေါ်လှမြိုင်က ထွက်မလာသေး၍ ဦးစိန်တိုး မနေနိုင်တော့ဘဲ . .

"ဟဲ့ ... မလှမြိုင် ... မလှမြိုင်"

မျက်နှာသေကလေးနှင့် ထွက်လာသော မိန်းမကိုကြည့်ကာ ဦးစိန်တိုး စိုးရိမ်သွားပြီး ...

"ပြောစမ်းပါဦး ... ဘာတဲ့လဲ"

ဒေါ်လှမြိုင်က ခေါင်းငုံ့ချလိုက်ပြီး ...

"ရှိနေပြီ ကိုစိန်တိုးရဲ့"

"ဟေ"

ဦးစိန်တိုး ပါးစပ်ကြီး ပြဲသွားသည်။ ပြီး ... ရုတ်တရက် ထ,ခုန်ကာ ...

"အဟေး ဟေး ... ပျော်လိုက်တာကွ ပျော်လိုက်တာ၊ မြေး ချီရတော့မယ်၊ မြေးချီရတော့မယ်"

အော်ဟစ်ကခုန်နေရင်းက သူ့ကို အကြောင်သား ကြည့်နေသော ဒေါ်လှမြိုင်အား ...

"ဟဲ့ ... နင့်မျက်နှာက ဘာဖြစ်နေတာလဲ၊ မင်္ဂလာရှိတဲ့အချိန်မှာ လာ ... က,မယ် ... က,မယ်"

မိန်းမကို လက်ဆွဲကာ က,ပြန်သည်။ ခဏနေတော့ ရုတ်တရက် ရပ်သွားပြီး ဖုန်းရှိရာသို့ လျှောက်သွားပြန်သည်။

ဂဏန်းတချို့ကို နှိပ်လိုက်ပြီး ...

"ဟော့ကောင် ... မင်း ဘယ်မှာရှိတယ်၊ ဘာလုပ်နေတယ်ဆိုတာ ငါ အကုန်သိတယ်ကွ"

"... ... ..."

"အေး ... ခုချက်ချင်း ငါ့အိမ်ကိုလာခဲ့၊ မင်းမိန်းမမှာ ကိုယ်ဝန်ရှိနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"..."

"မဗျာနဲ့ ... ခု လာခဲ့ဆို လာခဲ့ကွာ၊ ဒီအချိန်မှာ မင်းက အရေး အကြီးဆုံးပဲကွ၊ အေး ... ဒါပဲ"

❦ ❦ ❦



## [ ၂၄ ]

ဖေဖေခေါ်နေသည်ဟုဆို၍ သန့်ရှင်း အပေါ်ထပ်မှဆင်းလာခဲ့သည်။ လှေကားရင်းရောက်တော့ ဖေဖေက ပြေးလာပြီး ...

"ဟဲ့ သမီး ... ဖြည်းဖြည်း ဖြည်းဖြည်း၊ ကိုယ့်ကိုယ်ကိုယ်လည်း သတိထားဦးမှပေါ့"

ဖေဖေ့မျက်နှာက သကြားဖြူးသလို ချိုမြနေသည်။ ကိုယ့်မှာပဲ ...။

"လာ ... သမီး"

လက်ဆွဲကာ ဧည့်ခန်းထဲသို့ ခေါ်လာပြန်သည်၊ ဧည့်ခန်းထိပ်ရောက်တော့ ...

"သမီး ... ဟိုမှာ ဘယ်သူလဲ ... ကြည့်လိုက်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်း မျက်လုံးတွေ ပြာဝေသွားရသည်။ ခြေမလှမ်းနိုင်သေးဘဲ ရပ်ကြည့်နေမိသေး၏။ နောက်နားမှ ရီရီခိုင်ထံမှလည်း ဟောတော့ဆိုသည့် အသံကို ကြားလိုက်ရသည်။

"တည်မြဲ"

ပါးစပ်မှ ခပ်တိုးတိုးရေရွတ်ကြည့်မိသည်။ ရင်ထဲမှာ လှိုင်းတချို့ ကူးလူးဖြတ်သန်းသွားသလို ခံစားရသည်။

တည်မြဲက ထိုင်နေရာမှ လှမ်းပြုံးပြသည်။ အပြုံးက အရင်အတိုင်း လတ်လတ်ဆတ်ဆတ်။

ဖေဖေက ...

"ကဲ ... လာပါ သမီးရယ် ... သမီးတို့ကို ဖေဖေ ပြောစရာရှိလို့ ထိုင်ဦး"

ထိုအခါမှ သန့်ရှင်းက သတိဝင်ကာ ခုံတစ်ခုံမှာ ဝင်ထိုင်ဟန်ပြု လိုက်သည်။ ဖေဖေက အတင်း လက်လာဆွဲပြီး ...

"လာ ... သမီးကလည်း ကိုယ့်ယောကျ်ားဘေးမှာ ထိုင်မှပေါ့"

တည်မြဲကလည်း ...

"လာပါ သန့်ရှင်းရဲ့ ... ခုမှ ရှက်မနေပါနဲ့"

သန့်ရှင်းက ဘာမှမပြောတော့ဘဲ တည်မြဲဘေးမှာ ထိုင်လိုက်သည်။

ဖေဖေက သူတို့နှစ်ယောက်ကို ကြည်လင်သောမျက်နှာ၊ အေးမြ သောအပြုံးတို့ဖြင့် ကြည့်ကာ ...

"ကဲ ... သားနဲ့သမီးကိုပြောမယ် ... သားတို့ဘဝထဲကို နောက် ထပ် မျိုးဆက်သစ်လေးတစ်ယောက် ရောက်လာတော့မယ်၊ နှစ်ယောက်စလုံး ဂရုစိုက်ရမယ်နော်"

တည်မြဲက သန့်ရှင်းလက်ကလေးကို မသိမသာဆွဲယူကိုင်လိုက် သည်။ သန့်ရှင်း မသိမသာ ရုန်းကြည့်သော်လည်း တည်မြဲက လွှတ်မပေး





"တည်မြဲ ... သားကိုလည်း ဦးစောင့်ကြည့်နေခဲ့တယ်၊ သား အိမ်ပေါ်က ဆင်းသွားပြီးနောက်ပိုင်း ဘာတွေလုပ်နေတာကအစ ဦး အကုန် သိတယ်၊ ဒီတော့ သားနဲ့သမီးတို့က ကိုယ့်ရင်သွေးလေးအတွက် ပြန်ပေါင်း ရမယ်၊ သား တည်မြဲ"

"ဟုတ်ကဲ့ ဦး ... ကျွန်တော်က အဲဒီနေ့ကို စောင့်နေတာပါ"

"သမီးကရော"

ဘာမှမပြောနိုင်ဘဲ သန့်ရှင်း မျက်ရည်ကြည်လေးများ လည်လာ သည်။

ဖေဖေက ဘယ်လိုသဘောပေါက်သွားသည်လဲတော့ မသိ။

"ခုဆို အားလုံးသာယာသွားပြီ၊ မင်္ဂလာရှိလိုက်တဲ့နေ့ကွာ၊ ဖေဖေ အရမ်းပျော်တာပဲ၊ သားနဲ့ သမီး ..."

နှစ်ယောက်စလုံး ပြိုင်တူမော့ကြည့်မိသည်။

"ဒီနေ့ကစပြီး ... သားနဲ့သမီးက တိုက်ခန်းမှာ ပြန်နေရမယ်၊ ဒါလည်း အလွန်ဆုံး နှစ်ပတ်လောက်ပါ၊ ဖေဖေ အိမ်ထပ်ရှာပေးမယ်၊ တိုက်ခန်းက မြင့်တယ်လေ"

စကားကို ဖြတ်ထားပြီးမှ ဖေဖေက ကားသော့ကို တည်မြဲဆီ လှမ်းပေးရင်း ...

"ရော့ ... သားနဲ့သမီးတို့ ကားယူသွား၊ တိုက်ခန်းက ဖေဖေ ရှင်းခိုင်းထားပြီးသား၊ သားတို့ အဲဒီကိုသွားပြီး စကားတွေပြောကြပေါ့"

စကားဆုံးဆုံးချင်းပဲ တည်မြဲက သန့်ရှင်းလက်ကို ဆွဲလိုက်ကာ ..

"လာ သန့်ရှင်း ... သွားရအောင်"

"အာ ... မသွားပါဘူး"

"လာပါကွာ ... လုပ်မနေနဲ့"

ပြောရင်း လက်ကို အတင်းဆွဲခေါ်တော့သည်။ သန့်ရှင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ကန့်လန့်ကန့်လန့် ပါသွားရ၏။ ကားတံခါးဖွင့်ကာ အတင်းဆွဲသွင်းလိုက်သဖြင့် သန့်ရှင်း အော်ပြောလိုက်သည်။

"နင် . . . ရူးနေလား တည်မြဲ"

တည်မြဲက ကားထဲဝင်ထိုင်လိုက်ပြီး သန့်ရှင်းကို အဓိပ္ပာယ်တွေ အများကြီးပါသောအကြည့်ဖြင့် နင့်နင့်သီးသီး ကြည့်လိုက်သည်။

ပြီး . . .

"သန့်ရှင်း . . . နင် ဒါတွေ ပြောနေဖို့ အချိန်မဟုတ်ဘူးလေဟာ၊ နင်နဲ့ငါက လင်မယားပဲ၊ ငါ နင့်ကို ချစ်တယ်၊ ကုန်ကုန်ပြောမယ်ကွာ . . . နင်နဲ့ပတ်သက်သမျှတွေ အားလုံးကိုလည်း ချစ်တယ်၊ ဖြေရှင်းလို့မရတဲ့ အမှန်တရားတွေကို မဖြေရှင်းချင်ပါနဲ့၊ အချိန်ကုန်တယ်၊ လူ့ဘဝဆိုတာ ရက်နှစ်သောင်းကျော်လောက်ပဲ နေရတာဟ၊ ငါတို့အတွက် ကျန်တဲ့အချိန်တွေမှာ တစ်ယောက်နဲ့တစ်ယောက် ဘာနဲ့ကြည့်မလဲ . . . အချစ်နဲ့ ကြည့်မယ်, သံယောဇဉ်နဲ့ နေမယ်, နားလည်မှုနဲ့ အားကိုးကြမယ် . . . နော် သန့်ရှင်း"

သန့်ရှင်း ပါးပြင်ပေါ်သို့ မျက်ရည်ကြည်များ လိမ့်ဆင်းသွားကြလေသည်။

ထိုသို့ဆိုလျှင် . . .

❦ ❦ ❦



BURMESE CLASSIC .com

[ ၂၉ ]

ညသည် ပကတိ တိတ်ဆိတ်နက်ပနေသည်။

ထိုညထဲရှိ တိုက်ခန်းလေးတစ်ခန်းထဲမှာတော့ . . .

"တည်မြဲ"

"ဟင် . . . ဘာလဲ"

သန့်ရှင်းက အရည်လဲ့နေသော မျက်လုံးလေးများဖြင့် မော့ကြည့်လာပြီး . . .

"နင် . . . ငါ့ကို အဲဒီလောက်တောင် ချစ်လားဟင်"

တည်မြဲက ပိုမိုတိုးဖက်လိုက်ရင်း . . .

"အဲဒီလောက်လေးပဲ ချစ်တာလားလို့ မေးရမှာ ခွေးမလေးရဲ့"

သန့်ရှင်းက မျက်ဝန်းတွေကို မလွှဲဖယ်သေးဘဲ ကြည့်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာအောင် နှစ်ယောက်သား ငြိမ်သက်နေပြီးမှ တည်မြဲက နာရီကြည့်လိုက်သည်။

"သန့်ရှင်း"

"ဘာလဲဟာ"

"နင် အိပ်တော့ ... ဆယ်နာရီတောင် ထိုးပြီ"

"မအိပ်သေးဘူးဟာ ... နင်နဲ့ စကားတွေ ပြောချင်သေးတယ်"

တည်မြဲက ခေါင်းခါလိုက်ရင်း ...

"မရဘူး ... နင် ဒီအချိန်မှာ အားရှိအောင်နေမှ ဖြစ်မယ်"

ပြောပြောဆိုဆို တည်မြဲက သန့်ရှင်းကို စွေ့ခနဲ ပွေ့ချီလိုက်သည်။ သန့်ရှင်းက လူးလွန့်ရုန်းရင်း ...

"တည်မြဲ ... ငါ ခုန်ဆင်းလိုက်မှာနော်"

"ဟာ ဟာ ... မလုပ်ပါနဲ့ မမရယ် ... တောင်းပန်ပါတယ်"

ပြောရင်း အသာချပေးလိုက်သည်။ တည်မြဲက မွေ့ရာတွေသွားယူကာ သူအိပ်နေကျ အခန်းထောင့်မှာ သွားခင်းနေသည်။ သန့်ရှင်းက တည်မြဲ လုပ်နေသည်ကို ဆက်တီမှာထိုင်ရင်း ငေးကြည့်နေသေး၏။

ပြီးမှ သက်ပြင်းချကာ အသာထရင်း အခန်းထဲသို့ ဝင်သွားလေသည်။ အိပ်ရာပေါ်မှာ လှဲရင်း တွေးနေစဉ်မှာပဲ တည်မြဲ၏ကားလေးက အခန်းထဲသို့ ဝင်လာပြန်သည်။ ကားလေးပေါ်မှာ ပါလာသည်က စာကလေး တစ်စောင်။

ပြုံးရင်း သန့်ရှင်း ယူဖတ်လိုက်၏။

သန့်ရှင်း

အိပ်ပြီလား။ တံခါးပိတ်လိုက်ဦးလေ။

တည်မြဲ





တည်မြဲ ...

အပြင်မှာ ဘာဗိုက်ဘုတ်မှ မရှိဘူး။ အိပ်ပဲ။

သန့်ရှင်း

စာဖတ်ရင်း တည်မြဲက ဗိုက်ဘုတ်နေရာကို ကြည့်လိုက်သည်။ မရှိတော့။ ရှိရှိ၊ မရှိရှိ သူ့အတွက် ဘာမှအရေးမကြီးချေ။ အချစ်ဆိုတာကို ဘာသာဗေဒတစ်မျိုးဖြင့် နားလည်ထားတာကြာပြီ။

အင်း ... စောင့်ရ လွန်ရောကျွဲရော ခုနစ်လပေါ့။

တွေးရင်း သဘောကျသလို ရယ်လိုက်သေးသည်။

ထိုစဉ် ဖုန်းမြည်လာသဖြင့် ထကိုင်လိုက်သည်။ ဆက်လာသူက ဖေဆန်း။ သူများ အိပ်ချိန်ကြီးမှာ လာဆက်နေသဖြင့် ...

"ဘာလဲကွာ ... ဒီမှာ ငါတို့ အိပ်တော့မလို့ကွ"

"ဘာ ... ဘယ်လို ... ငါတို့ ... ဟုတ်လား"

"ဟုတ်တယ်လေ ... ငါတို့ဆိုတာ ငါနဲ့သန့်ရှင်းနဲ့ကို ပြောတာကွ"

တဟားဟားကနေ တဟီးဟီးထိ အူလှိုက်သည်းလှိုက် ရယ်ကာ ဖေဆန်းက ...

"မင်းဟာလေ ... ခုထိ ချော်လဲရောထိုင်ပဲကွ တည်မြဲ"

တည်မြဲ နဝေတိမ်တောင်ဖြစ်သွားရပြီး ...

"ဟေ့ကောင် ... မင်း ဘာကိုဆိုလိုတာလဲ"

"ဟဲ ဟဲ ... ခု ငါ ဗေဒင်သင်နေတာကွ၊ ဓာတ်ကျလို့ မင်းကို ဟောလိုက်မယ်၊ မင်းက အခန်းအပြင်ဘက်မှာ အိပ်နေတာ မဟုတ်လား"

တည်မြဲ မလုံမလဲဖြစ်သွားကာ ဘေးဘီပင် ဝေ့ကြည့်မိသေး၏။

"ဖေဆန်း ... မင်း ဘယ်လိုသိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့ကွ . . . ငါ့မိန်းမမှာ ဗိုက်နဲ့လေ၊ ဒီမနက် ထပ်စစ်ကြည့်တာတောင် ကိုယ်ဝန်က ထပ်ရှိနေသေးတယ်ကွ၊ ကဲ ကဲ . . . ချော်လဲရောထိုင် တည်မြဲရေ . . . ဒီတစ်ခါ အစစ်နော် . . . ဒါပဲ ဒါပဲ၊ မဟုတ်ရင် မင်းဒီတစ်ညလုံး ငုတ်တုတ်မေ့နေမှာစိုးလို့ကွ"

ဘာတွေမှန်းလည်း မသိချေ။ နားထဲမှာ အူပြီးကျန်ခဲ့ရသည်။ ပြီးမှ ပြန်စဉ်းစားမိ၏။

ဒီကောင် . . . ငါနဲ့သန့်ရှင်း ခွဲအိပ်တာလည်း သိနေတယ်။ ပြီးတော့ သူ့မိန်းမက ဗိုက်နဲ့။ အဲဒါ ဒီမနက်မှ ဘာဖြစ်လို့ ထပ်စစ်ရလိုလို့လဲတဲ့။

ဒီမနက်မှာစစ်တာက သန့်ရှင်းလေ။ ဟာ . . . ရိုရိုနိုင်လည်း အဲဒီမှာ ရှိနေတာပဲ . . . ဒါဆို။

ပြီးတော့ ချော်လဲရောထိုင်ဆိုတဲ့စကား ဒီတစ်ခါ အစစ်။ တစ်ညလုံး ငုတ်တုတ်မေ့နေမှာစိုးလို့။

ဟာ . . . ဒါဆို . . . ဟာ . . . ဟာ . . . ဟာ . . ဒါဆို ဒီမနက် ရိုရိုနိုင် ကိုယ်ဝန်စစ်တဲ့ဟာနဲ့ ငါ့ကို အရူးလုပ်တာပေါ့။

ငါတင် မဟုတ်ဘူး . . . ငါ့ယောက္ခမကြီးလည်းပါတယ်။ သူက မြေး သိပ်လိုချင်နေတာ။ သန့်ရှင်းမှာ ဘာမှမရှိရင် ဘိုးတော်ကြီး ဝိုတော့မှာပေါ့ . . . ကဲ။

"သန့်ရှင်း"

အကျယ်ကြီးအော်ကာ အခန်းထဲပြေးဝင်ပြီး ခုတင်ပေါ် ဒိုင်ဗင်ထိုးချလိုက်ရာ . . .

ရုတ်တရက် တိုက်တိုက်ဆိုင်ဆိုင်ပင် လျှပ်စစ်မီးပြတ်တောက်သွားပြီး အောက်ပါအသံများကိုသာ ကြားရလေတော့သည်။

"တည်မြဲရယ် . . . ဖိထားတော လေးလိုက်တာ ငါ့မှာ ဗိုက် . . . ဗိုက်နဲ့ဟ"





"ဘာဗိုက်လဲ . . . ထမင်းစားတဲ့ဗိုက်လား"

"ခစ် . . . ခစ်"

"အေး . . . ငါလာတာလည်း အဲဒီဗိုက်ကိစ္စပဲ . . . ကဲကွာ"

## "အား"

ထိုအသံကြီးသည် သန့်ရှင်း၏အသံ လားလားမှမဟုတ်ပါချေ။ ထို့သို့ဖြင့် . . .။

လေးစားစွာ

မိုးစက်ပိုင်

၁၃၄၂ ခုနှစ်၊ ပထမဝါဆိုလဆန်း၊ ၁၁ ရက်

နံနက် ၉ နာရီ ၅၀ မိနစ်

www.burmeseclassic.com